ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်တွင် စတင်တည်ထောင်သည်။ Established in 1957

**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသောမဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝင်(ဓမ္မပဒ-၁၇၂)

၁၃၇၉ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်၊ စနေနေ့။ Saturday, 4 November 2017 ၄၀၉၈

# တန်ဆောင်မုန်းလပြည့်နေ့ ရန်ကုန်မြို့ရှိ ဘုရားစေတီများ၌ ကုသိုလ်ကောင်းမှု ဒါနပြုသူများ၊ ဘုရားဖူးသူများဖြင့် စည်ကားများပြား



ရွှေတိဂုံစေတီတော် မသိုးရွှေကြာသင်္ကန်းကပ်လှူပွဲတွင် ကပ်လှူမည့် မသိုးရွှေကြာသင်္ကန်းကို စေတီတော်တစ်ပတ် လှည့်လည်ပူဇော်စဉ်။ *(ဓာတ်ပုံ - ဇော်မင်းလတ်)*

ရန်ကုန် နိုဝင်ဘာ ၃

**တန်ဆောင်မုန်းလသည် တန်ဆောင်တိုင်မီးထွန်းညှိပူဇော်ပွဲကျင်းပသည့်လ၊ ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကျင်းပသည့်လ၊ ဗုဒ္ဓမြတ်စွာဘုရားရှင်အား ရည်မှန်း၍ မသိုးရွှေကြာသင်္ကန်း ကပ်လှူပူဇော်ပွဲများကျင်းပသည့်လ ဖြစ်သကဲ့သို့ တန်ဆောင်မုန်းလပြည့်နေ့ညတွင် မြတ်စွာဘုရားရှင်က အဇာတသတ်မင်းကြီး အမှူးပြုသော ပရိသတ်တို့အား ရဟန်းပြုခြင်း အကျိုးပြသည့် သာမညဖလသုတ္တန်တရားတော်ကို ဟောကြားတော်မူသည့် သာမညဖလအခါတော်နေ့ထူးနေ့မြတ်ဖြစ်သည်။**

တန်ဆောင်မုန်းလကို ပုဂံခေတ်က တန်ဆောင်မှုန်ဟု ရေးသားကြပါသည်။ အင်းဝခေတ်တွင် တန်ဆောင်မုန်းဟု ရေးသားခဲ့ကြပြီး အဓိပ္ပာယ်မှာ မီးရှူးမီးတိုင်များနှင့် ထွန်းလင်းသောလဟု ဆိုသည်။

မြတ်စွာဘုရား သာသနာတော်ပြန့်ပွားချိန်တွင် ဆံတော်ကိန်းဝပ်ရာ တာဝတိံသာမှ စူဠာမဏိစေတီတော်ကို

> “မြတ်စွာဘုရားသာသနာတော် ပြန့်ပွားချိန်တွင် ဆံတော်ကိန်းဝပ်ရာ တာဝတိံသာမှ စူဠာမဏိစေတီတော်ကို ရည်မှန်းပြီး မီးရှူးတိုင်များဖြင့် ပူဇော်ကြပြီး ယခုခေတ်တွင် မီးရှူးမီးတိုင်များအပြင် မီးပုံးပျံများကိုပါ ရည်စူးလွှတ်တင်”

ရည်မှန်းပြီး မီးရှူးတိုင်များဖြင့် ပူဇော်ကြပြီး ယခုခေတ်တွင် မီးရှူးမီးတိုင်များအပြင် မီးပုံးပျံများကိုပါ ရည်စူးလွှတ်တင်ကြကြောင်း သိရသည်။

တန်ဆောင်မုန်းလ၏ ရာသီပန်းမှာ ခဝဲပန်းဖြစ်ပြီး တန်ဆောင်မုန်းလပြည့်ညတွင် အဇာတသတ်မင်း ရဟန်းဝတ်ရန်အတွက် မြတ်စွာဘုရားထံမှ သာမညဖလသုတ်တော် (ရဟန်းဝတ်ခြင်းအကျိုး)ကို နာယူခဲ့သည့်အတွက် ထိုနေ့ကို သံဃာတော်များနေ့(သို့မဟုတ်) သာမညဖလအခါတော်နေ့ဟုလည်း ခေါ်ဆိုကြသည်။

သံဃာတော်များကို ရည်စူးပြီး ကထိန(ကထိန်)သင်္ကန်း၊ မသိုးသင်္ကန်းများကိုလည်း ရက်လုပ်ပူဇော်ကြသည်။ တန်ဆောင်မုန်းလပြည့်နေ့အမီ ရက်လုပ်ချုပ်ငင် ဆက်ကပ်ရသောသင်္ကန်းကို “မသိုးသင်္ကန်း” ဟု ခေါ်ဆိုခြင်း ဖြစ်ပါသည်။

“သာရကောမုဒီ” ဆေးကျမ်းလာအရ တန်ဆောင်မုန်းလပြည့်ညမှာ ဆေးပင်များကို စောင့်ရှောက်ကြသော နတ်မင်းများက

**စာမျက်နှာ ၅ ကော်လံ ၁ သို့ ✳**

# မဒေါက်မြို့ တန်ဆောင်တိုင်မီးမျှောပွဲတော်တွင် မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲနှင့် ခြင်းအလုခတ်ပြပွဲများ ကျင်းပ



ဒေသရိုးရာလောင်းလှေ ငါးတက်ပြိုင်ပွဲ၌ ပြိုင်ပွဲဝင်လှေအသင်းသားများ အားကြိုးမာန်တက် ယှဉ်ပြိုင်နေကြစဉ်။

**မဒေါက် နိုဝင်ဘာ ၃**

မဒေါက်ဒေသနေ ပြည်သူတို့သည် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းစေရေးကို မျှော်ကိုးလျက် လွန်ခဲ့သော နှစ်ပေါင်း ၅၀ ကျော်မှစ၍ ရှင်ဥပဂုတ္တမထေရ်မြတ်ရုပ်ပွားတော်အား ဆီမီးပူဇော်ခဲ့ကြသည့် အစဉ် အလာရှိခဲ့သည်။ ယင်းမှ နှစ်အနည်းငယ်အကြာတွင် အများပြည်သူကြည်ညို သဒ္ဓါပွားနိုင်စေရန်နှင့် ဒေသခံပြည်သူများ စည်းလုံးညီညွတ်စေရန်၊ ရိုးရာယဉ်ကျေးမှုဓလေ့များ ထိန်းသိမ်းနိုင်စေရန် ရည်ရွယ်၍ ဆီမီးပူဇော်ပွဲအား တန်ဆောင်တိုင် မီးမျှောပူဇော်ပွဲအဖြစ် သတ်မှတ်၍ ခေါ်တွင်ကျင်းပခဲ့သည်မှာ ယခုအခါ (၄၅)ကြိမ်တိုင်ခဲ့ပြီ ဖြစ်သည်။

ယခုနှစ် မဒေါက်မြို့ တန်ဆောင်တိုင်မီးမျှောပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပွဲတော်အထိမ်းအမှတ် မုခ်ဦးရှေ့၌ကျင်းပရာ အခမ်းအနားကို ညောင်လေးပင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ကာ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးကိုကိုကြီး၊ မဒေါက်မြို့အုပ်ချုပ်ရေးမှူး ဦးနေဇာမျိုး၊ ပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးကျော်တို့က

**စာမျက်နှာ ၅ ကော်လံ ၁ သို့ ○**



# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့်အဖွဲ့ ကိုရီးယားသမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၃**
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့်အဖွဲ့သည် ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့၌ အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၂ ရက်ထိ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ AACC အမြဲတမ်းအတွင်းရေးမှူးချုပ်ရုံးက ကျင်းပသည့် ပထမအကြိမ် အပြည်ပြည်ဆိုင်ရာ ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ပြီး ယမန်နေ့ည ၁၀ နာရီခွဲတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးမှ တာဝန်ရှိသူများက ရန်ကုန်မင်္ဂလာဒုံအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❒ ကျောဖုံးမှ
ပန်းမန်နှင့် သောက်တော်ရေများ ဆက်ကပ်ပူဇော်ကြသည်။

ထို့နောက် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ နေပြည်တော် ပျဉ်းမနားမြို့ မဟာဝိသုတာရာမဈေးကုန်းကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု (နိုင်ငံတော်ဩဝါဒါစရိယ) ဆရာတော် ဘဒ္ဒန္တကဝိသာရထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်သံဃာတော်များ ရွတ်ပွားပူဇော်ကြသည့် မေတ္တာသုတ်တရားတော်နှင့် ဘုရားဂုဏ်တော်များကို နာယူကြည်ညိုကြသည်။

ယင်းနောက် ဆရာတော် ဘဒ္ဒန္တကဝိသာရ အမှူးပြုသည့် ဆရာတော်သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး အနုမောဒနာတရားနာယူ၍ ရေစက်သွန်းလောင်း အမျှပေးဝေကြကာ နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

ညနေပိုင်းတွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၌ ဝတ်ရွတ်ပူဇော်ပွဲနှင့် ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ပွဲများကျင်းပရာ ဘုရားဖူးလာပြည်သူများ၊ ကုသိုလ်ဒါန ပြုကြသူများနှင့် အထူးစည်ကားလျက်ရှိသည်။

ထို့ပြင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မဟာသကျရံသီရုပ်ပွားတော်မြတ်ကြီး၊ ဓာတုဇယဓာတ်ပေါင်းစု စေတီ၊ ဘုရားကိုးဆူ၊ ကိုးခမ်းကြီးဘုရား၊ အောင်မင်းခေါင်ဘုရား၊ ဇိနမာရ်အောင်၊ မင်းဝံတောင်ဘုရား၊ စူဠာမဏိဘုရားနှင့် လယ်ဝေးမြို့နယ် ဖောင်တော်ချက်မ၊ ရန်အောင်မြင် ရွှေလက်လှဘုရားနှင့် တပ်ကုန်းမြို့နယ်ရှိ ဘုရားပုထိုးစေတီများတွင် ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

အထူးသဖြင့် နေပြည်တော် သတ္တသတ္တာဟ ဗုဒ္ဓဂယာတွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများနှင့် အထူးစည်ကားလျက်ရှိပြီး နေပြည်တော် ရေပန်းဥယျာဉ်၊ တိရစ္ဆာန်ဥယျာဉ်၊ ဆာဖာရီဥယျာဉ်နှင့် ရေပူစမ်းတို့၌ အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

နေပြည်တော်အတွင်းရှိ ရပ်ကွက်များနှင့် မြို့နယ်များတွင် နိဗ္ဗာန်ဈေးပွဲတော်များကို ညနေပိုင်းမှစတင်၍ ကုသိုလ်ပြုလှူဒါန်းသူများဖြင့် စည်ကားလျက်ရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့်အဖွဲ့ ထိုင်းနိုင်ငံ ရတ်ချတာဘူရီလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ သွားရောက်လေ့လာ

**နေပြည်တော် နိုဝင်ဘာ ၃**
ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် (၇) ကြိမ်မြောက် အာရှစွမ်းအင်ဝန်ကြီးများအစည်းအဝေး ( The 7th Asian Ministerial Energy Roundtable - AMER-7) သို့ တက်ရောက်ခဲ့သော လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့် အဖွဲ့သည် ယနေ့နံနက်ပိုင်းက ထိုင်းနိုင်ငံ ရတ်ချတာဘူရီခရိုင်ရှိ ရတ်ချတာဘူရီ လျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ သွားရောက်လေ့လာသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့အား ဓာတ်အားပေးစက်ရုံခန်းမ၌ သဘာဝဓာတ်ငွေ့သုံး၍ ဓာတ်အားထုတ်လုပ်နေမှုအခြေအနေများ၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးနေမှုအခြေအနေများကို လည်းကောင်း၊ အနာဂတ်တွင် ထိုင်းနိုင်ငံသို့ LNG တင်သွင်းဖြန့်ဖြူးမည့်အခြေအနေများအား တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး လျှပ်စစ်နှင့်စွမ်းအင်ဆိုင်ရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေးကို ဆွေးနွေးကြသည်။



ယင်းနောက် ဓာတ်အားပေးစက်ရုံအတွင်း Gas Control Station နှင့် တာဘိုင်များအား လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ သုဝဏ္ဏဘူမိ အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ပြန်လည်ထွက်ခွာခဲ့ကြရာ ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ညောင်လေးပင်မြို့နယ် ကျေးလက်ရုံးသစ် ဆောက်လုပ်နေမှု ကြည့်ရှုစစ်ဆေး

**ညောင်လေးပင် နိုဝင်ဘာ ၃**
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးချုပ်(နေပြည်တော်)မှဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်သည် ပဲခူးတိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးမျိုးသိန်းနှင့်အတူ ညောင်လေးပင်မြို့နယ် မြို့မ(၄) ရပ်ကွက် ထူပါရုံတိုးချဲ့ကွက်သစ် (၂)လမ်းတွင် ဆောက်လုပ်လျက်ရှိသော မြို့နယ်ကျေးလက်ရုံးဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်ကျေးလက်ဦးစီးမှူး ဦးသန့်ဇင်မျိုးနှင့်ဝန်ထမ်းများက လိုက်လံရှင်းလင်းပြသပြီး ဒုတိယညွှန်ကြားရေးမှူးချုပ်က စံချိန်စံညွှန်းပြည့်မီစွာဆောက်လုပ်ရန်နှင့် သတ်မှတ်ကာလအတွင်း ပြီးစီးရန်တို့အား လမ်းညွှန်မှာကြားခဲ့သည်။ ယခုဆောက်လုပ်လျက်ရှိသော မြို့နယ်ကျေးလက်ရုံးအဆောက်အအုံမှာ ၆၄ ပေ × ၄၈ ပေ × ၁၂ ပေ R.C.C တစ်ထပ်တိုက်အဆောက်အအုံဖြစ်ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၈၇ ဒသမ ၃၂ သန်းဖြင့် ဆောက်လုပ်ကာ ၆၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

# မိုးစပါးစံကွက်ရိတ်သိမ်းမှု ကွင်းသရုပ်ပြပွဲနှင့် ဆွေးနွေးပွဲကျင်းပ



**ထီးချိုင့် နိုဝင်ဘာ ၃**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ် တည်တောအုပ်စု သခွတ်ချောင်ကျေးရွာ ကွင်းအမှတ် (၈၂၃)တောင်သူဦးညဏ်ကြီး လယ်မြေတွင် စိုက်ပျိုးထားသော ဆင်းဧကရီ(၃)မိုးစပါးစိုက်ခင်းအား စိုက်ပျိုးရေးဦးစီးဌာနမှကြီးမှူး၍ စံကွက်ရိတ်သိမ်းမှုကွင်းသရုပ်ပြပွဲကို နိုဝင်ဘာ ၁ ရက် နံနက် ၁၀ နာရီက တောင်သူများအား လက်တွေ့ပြသရာ တစ်ဧကအထွက် အစို ၁၃၇ တင်း ထွက်ရှိပြီး အခြောက် ၁၂၉ တင်းထွက်ရှိကြောင်း လက်တွေ့သရုပ်ပြခဲ့သည်။

ဆက်လက်၍ Combine Harvester စက်ဖြင့် ကိုယ်စားပြုဧကသုည ဒသမ ၄၅ အား စံကွက်ရိတ်သိမ်းပြသခဲ့ရာ တစ်ဧကအထွက် အစို ၁၁၉ တင်း၊ အခြောက် ၁၀၇ တင်း ထွက်ရှိကြောင်း သိရသည်။

အဆိုပါစံကွက်ရိတ်သိမ်းရာတွင် သက်ဆိုင်ရာ တာဝန်ရှိသူများက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် ဒေသရေမြေရာသီဥတုနှင့် ကိုက်ညီသည့် အထွက်ကောင်း၊ အရည်အသွေးကောင်း မျိုးကွဲဆင်းဧကရီ(၃)ကို ထီးချိုင့်မြို့နယ်အနေဖြင့် အများဆုံး စိုက်ပျိုးသင့်ကြောင်း၊ အထွက်နှုန်း လက္ခဏာအရလိုက်နာရမည့် အချက်များကို ဆွေးနွေးခဲ့သည့်အပြင် တောင်သူများအား ပညာပေးဆွေးနွေးခြင်းနှင့် ဝန်ထမ်းများ ကွင်းဆင်းနည်းပညာပေးမှုကြောင့် ယခုနှစ်တွင် စပါးအထွက်နှုန်း ယခင်နှစ်ကထက် ပိုမိုလာကြောင်း သိရသည်။

စံပြကွက်ရိတ်သိမ်းပွဲသို့ ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မောင်မောင်၊ ကသာခရိုင် ပိုးမွှားတာဝန်ခံဒေါ်စန်းမြင့်လွင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးဦးဇော်ဦးနှင့် စိုက်ပညာနယ်ဝန်ထမ်းများ၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တည်တောအုပ်စုအုပ်ချုပ်ရေးမှူး ဦးကျော်မောင်နှင့် တောင်သူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြည့်ရှုကြကြောင်း သိရသည်။

**ကျော်ခဲ (ပြန်/ဆက် )**

❍ အောင်လအန်ဆန်မှ
ပထမအချီတွင် လည်းကောင်း၊ Chen Lei(တရုတ်)က Burn Soriano(ဖိလစ်ပိုင်)အား ဒုတိယအချီတွင် လည်းကောင်း၊ Pongsiri Mitsatit (ထိုင်း)က Jeremy Miado(ဖိလစ်ပိုင်)အား ဒုတိယအချီတွင် လည်းကောင်း၊ Ma Hao Bin(တရုတ်)က Eugene Toquero(ဖိလစ်ပိုင်)အား ပထမအချီတွင် လည်းကောင်း အနိုင်ရရှိသည်။

အမျိုးသမီးပွဲစဉ်နှစ်ပွဲတွင် Jomary Torres (ဖိလစ်ပိုင်)က Nita Dea(အင်ဒိုနီးရှား)အား အမှတ်ဖြင့် လည်းကောင်း၊ Miao Jie (တရုတ်)က Amira Hafizovic (ဩစတေးလျ)အား ပထမအချီတွင်လည်းကောင်း အနိုင်ရရှိသည်။

ပြည်တွင်းပွဲစဉ်တွင် စောဒါဝိတ်က စစ်မာန်အား ပထမအချီတွင်လည်းကောင်း၊ ရဲသွေးနီက စောသားငယ်အား ပထမအချီတွင်လည်းကောင်း၊ ဖိုးသော်က စောဘဦးအား အမှတ်ဖြင့်လည်းကောင်း အနိုင်ရရှိသည်။

**သတင်း-ဇာနည်မောင်၊ အေးမင်းသူ**
**ဓာတ်ပုံ-ဇာဏီ**

# သမ္မတဒေါ်နယ်ထရန့်၏ အာရှခရီးစဉ် အကြိုကာလတွင် ကိုရီးယားကျွန်းဆွယ်၌ အမေရိကန် ဗုံးကြဲလေယာဉ်များ လေ့ကျင့်ပျံသန်း

**ဆိုးလ် နိုဝင်ဘာ ၃**

ဒေသတွင်း တင်းမာမှုဖြစ်ပွားနေချိန်အတွင်း ကိုရီးယားကျွန်းဆွယ် အထက်ဝေဟင်အတွင်း အမေရိကန်လေတပ်မှ ဘီ-၁ ဘီ အမျိုးအစား မဟာဗျူဟာမြောက် ဗုံးကြဲလေယာဉ်နှစ်စင်း ဖြတ်ကျော် ပျံသန်းခဲ့ခြင်းနှင့် ပတ်သက်၍ မြောက်ကိုရီးယားနိုင်ငံက အမေရိကန်ပြည်ထောင်စုအား နိုဝင်ဘာ ၃ ရက်တွင် ပြစ်တင်ပြောကြားလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

အမေရိကန်လေတပ်မှ မဟာဗျူဟာမြောက် နျူကလီးယား ဗုံးကြဲလေယာဉ်အုပ်စုသည် ဂူအမ်ကျွန်း အခြေစိုက် အန်ဒါဆင် လေတပ်အခြေစိုက်စခန်းမှ တောင်ကိုရီးယားနိုင်ငံသို့ ပျံသန်းဝင်ရောက်ခဲ့သည်။ ယင်းမှာ မြောက်ကိုရီးယားပစ်မှတ်များကို နျူကလီးယားဗုံးကြဲရန် အစမ်းလေ့ကျင့်မှု အစီအစဉ်တစ်ခုဖြစ်ကြောင်း မြောက်ကိုရီးယားနိုင်ငံပိုင် ကေစီအင်န်အေသတင်းဌာနက သတင်းထုတ်ပြန်သည်။

အမေရိကန် မဟာဗျူဟာမြောက် ဗုံးကြဲလေယာဉ်နှစ်စင်း စစ်ရေးလေ့ကျင့်ပျံသန်းမှုတွင် တောင်ကိုရီးယားနှင့် ဂျပန် ဂျက်တိုက်လေယာဉ်များလည်း ပါဝင်ကြောင်း ကေစီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ကိုရီးယားကျွန်းဆွယ်၌ အခြေအနေ ဆိုးရွားလာအောင် နျူကလီးယားစစ်ပွဲကို ဖန်တီးနိုင်ရေးအတွက် အမေရိကန် နယ်ချဲ့ဝါဒီများက လုပ်ဆောင်လျက်ရှိသည်ဟု အေစီအင်န်အေသတင်းတွင် ဖော်ပြသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် အာရှဒေသခရီးစဉ်အဖြစ် ဂျပန်နိုင်ငံသို့ နိုဝင်ဘာ ၅ ရက်တွင် ရောက်ရှိလာရန်ရှိနေစဉ် အမေရိကန်ဗုံးကြဲလေယာဉ်များ စစ်ရေးလေ့ကျင့်ခြင်းဖြစ်သည်။ သမ္မတထရန့်သည် ဂျပန်ခရီးစဉ်အပြီး တောင်ကိုရီးယားနှင့် တရုတ်နိုင်ငံတို့သို့ ဆက်လက်သွားရောက်မည်ဖြစ်ပြီး ထိုမှတစ်ဆင့် ဗီယက်နမ်နှင့် ဖိလစ်ပိုင်နိုင်ငံတို့သို့ ဆက်လက်သွားရောက်မည်ဖြစ်သည်။ **ဆင်ဟွာ၊ ရိုက်တာ။**





# ပြုံယမ်းအပေါ် ချမှတ်ထားသည့် ပိတ်ဆို့မှုများ ထိရောက်မှု ရှိ မရှိ အမေရိကန်စောင့်ကြည့်

**ဝါရှင်တန် နိုဝင်ဘာ ၃**

အမေရိကန်အစိုးရအဖွဲ့က မြောက်ကိုရီးယားအပေါ် ချမှတ်ထားသည့် စီးပွားရေးပိတ်ဆို့မှုများသည် ပြုံယမ်းအပေါ် မည်သို့အကျိုးသက်ရောက်မှုရှိသလဲဆိုသည်ကို စောင့်ကြည့်ပြီး နောက်ထပ်ဖိအားများပေးရန် ဆုံးဖြတ်ချက်ချမှတ်မှုအတွက် အချိန်အနည်းငယ်ယူရမည်ဖြစ်သည်ဟု အိမ်ဖြူတော်အမျိုးသားလုံခြုံရေးအကြံပေးက ယနေ့ပြောကြားခဲ့ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရသိရသည်။

အမျိုးသားလုံခြုံရေးအကြံပေး အိတ်ချ်အာမက်စ်မာစတာက မြောက်ကိုရီးယား၏ နျူကလီးယားအရေးကို မည်သို့ ကိုင်တွယ်ဖြေရှင်းလျက်ရှိသည်နှင့်ပတ်သက်ပြီး အင်န်အိတ်ချ်ကေသတင်းဌာနကို ယနေ့ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံအနေဖြင့် မြောက်ကိုရီးယားနိုင်ငံအား သံတမန်ရေးသာမက စီးပွားရေးကဏ္ဍတွင်ပါ သီးခြားခွဲထုတ်ထားသည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီဖြေရှင်းချက်အရ စီးပွားရေးပိတ်ဆို့မှုများကိုလည်း ချမှတ်ထားသည်။

လာမည့်ရက်သတ္တပတ်တွင်သွားရောက်မည့် သမ္မတထရန့်၏ အာရှခရီးစဉ်အတွင်း သမ္မတထရန့်က မြောက်ကိုရီးယားအရေးနှင့်ပတ်သက်ပြီး ကိုင်တွယ်ဖြေရှင်းရာတွင် အာရှနိုင်ငံအများအပြား ပူးပေါင်းဆောင်ရွက်ရေးအတွက် စီမံထားရှိမှုများကိုလည်း အမျိုးသားလုံခြုံရေးအကြံပေး အိတ်ချ်အာမက်စ်မာစတာက ဖွင့်ဟပြောဆိုခဲ့သည်။

ပြုံယမ်း၏နျူကလီးယားဖွံ့ဖြိုးမှုလုပ်ငန်းစဉ် ပယ်ဖျက်နိုင်ရေးအတွက် သမ္မတထရန့်က မြောက်ကိုရီးယားနိုင်ငံကို ဖိအားများပိုမိုပေးရန် အာရှနိုင်ငံများအား တိုက်တွန်းထားသည်ဟု မက်စ်မာစတာက ဆိုသည်။

သို့သော် ပြုံယမ်းအပေါ်ချမှတ်ထားသည့် စီးပွားရေးပိတ်ဆို့မှုများသည် မည်သို့အကျိုးသက်ရောက်မှု ရှိသည်ကို စောင့်ကြည့်ရမည်ဖြစ်ပြီး ဖိအားများထပ်မံပေးရန် အချိန်ယူရမည်ဖြစ်ကြောင်းနှင့် အတိုင်းအတာတစ်ခုအထိစောင့်ကြည့်ပြီးပါက မည်သို့ကိုင်တွယ်ဖြေရှင်းမလည်ဆိုသည်ကို အမေရိကန်အနေဖြင့် သေချာစွာ ဆုံးဖြတ်မည်ဖြစ်ကြောင်း အမျိုးသားလုံခြုံရေးအကြံပေး အိတ်ချ်အာမက်စ်မာစတာက ပြောကြား ခဲ့သည်။

သမ္မတထရန့်က မြောက်ကိုရီးယားအရေးနှင့်ပတ်သက်ပြီး သူ၏အမျိုးသားလုံခြုံရေးအကြံပေးသည် နျူကလီးယားလက်နက်ပယ်ဖျက်ရေးအတွက် ပြုံယမ်းနှင့် ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ရန် ကြိုးပမ်းရင်း သူ၏အချိန်များကို ဖြုန်းတီးနေကြောင်း သမ္မတထရန့်၏ပြောကြားချက်ကို မက်စ်မာစတာက ပြန်လည်ပြောကြား ခဲ့သည်။

အမျိုးသားလုံခြုံရေးအကြံပေး အိတ်ချ်အာ မက်စ်မာစတာက အမေရိကန်နိုင်ငံအနေဖြင့် မြောက်ကိုရီးယားအရေးနှင့် ပတ်သက်ပြီး ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ရန် ဆန္ဒရှိသော်လည်း ယင်းကိစ္စကိုဖြေရှင်းရန် အချိန်ကြာမြင့်စွာ စောင့်ဆိုင်းမည်မဟုတ်ကြောင်း ဆိုသည်။

မြောက်ကိုရီးယားနိုင်ငံသည် ၎င်း၏နျူကလီးယားဖွံ့ဖြိုးမှုအစီစဉ်နှင့်ပတ်သက်ပြီး အခြေအနေမှန်ကိုဖုံးကွယ်ထားကာ သံတမန်ရေးဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ရန် ကြိုးပမ်းလျက်ရှိသည်။ ယင်းသို့ပြုလုပ်ခြင်းသည် နှစ်နိုင်ငံအကြား အချိန်ကုန်ပြီး အရာမရောက်သော သံတမန်ရေးဆွေးနွေးညှိနှိုင်းမှုပုံစံဖြစ်သည်ဟု အမျိုးသားလုံခြုံရေး အကြံပေး အိတ်ချ်အာ မက်စ်မာစတာက ဆိုသည်။

**အင်န်အိတ်ချ်ကေ**

# အာတိတ်ဒေသ၌ ရေခဲပြင် ပိုးလမ်းမ ပေါ်ထွက်လာ

**ပေကျင်း နိုဝင်ဘာ ၃**

ကမ္ဘာ့မြောက်ဝင်ရိုးစွန်းဒေသဖြစ်သော အာတိတ်ဒေသသည် တရုတ်နိုင်ငံ၏ ရပ်ဝန်းတစ်ခု၊ လမ်းတစ်လမ်း အစီအစဉ်၏ ဖွံ့ဖြိုးရေး နယ်ပယ်သစ်ဖြစ်လာကြောင်း၊ အာတိတ်ဒေသကို "ရေခဲပြင်ပေါ်ရှိ ပိုးလမ်းမ"ဟု တင်စားခေါ်ဝေါ်နိုင်ကြောင်း ဆင်ဟွာသတင်းဌာနက ယနေ့တွင် သတင်းထုတ်ပြန်သည်။

အာတိတ်ဒေသ၌ ရေခဲများ အရည်ပျော်ဆင်းလာမှုကြောင့် ပင်လယ်ရေကြောင်း သွားလာရေးအတွက် လမ်းပွင့်လာကြောင်း၊ ရေခဲပြင်ပေါ်ရှိ ပိုးလမ်းမသည် အာတိတ်ဒေသကို ဖြတ်သန်း၍ ပစိဖိတ်သမုဒ္ဒရာနှင့် အတ္တလန္တိတ်သမုဒ္ဒရာတို့အကြား ကူးလူးသွားလာရာတွင် လမ်းတိုအဖြစ် အထောက်အကူပြုမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံမှ ဥရောပသို့ ဆက်သွယ်သော ကြည်းကြောင်းပိုးလမ်းမ၊ တရုတ်နိုင်ငံအရှေ့ပိုင်း ပင်လယ်ကမ်းရိုးတန်းဒေသမှ အိန္ဒိယသမုဒ္ဒရာသို့ ကူးလူးသွားလာနိုင်သော ပင်လယ်ရေကြောင်း ပိုးလမ်းမနှင့် အာတိတ်ဒေသပင်လယ်ရေကြောင်း ဖြတ်လမ်းဟူ၍ လမ်းအသွယ်သွယ်ရှိလာမည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

တရုတ်နိုင်ငံသို့ ရောက်ရှိနေသော ရုရှားဝန်ကြီးချုပ် ဒီမစ်ထရီ မက်ဗီဒေ့သည် အာတိတ်ရေကြောင်းလမ်း ဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် တရုတ်ဝန်ကြီးချုပ်လီခချန်နှင့်သဘောတူညီခဲ့သည်။ **ဆင်ဟွာ**

# ဒီရာအယ်ဇောမြို့၌ အိုင်အက်စ်တို့အပေါ် အောင်ပွဲခံဟု ဆီးရီးယား အစိုးရက ထုတ်ပြန်ကြေညာ

**ဘေရွတ် နိုဝင်ဘာ ၃**

အစ္စလမ်မစ်နိုင်ငံတော် ထူထောင်ရေးအဖွဲ့ (အိုင်အက်စ်)တို့၏ ဆီးရီးယားနိုင်ငံအရှေ့ပိုင်းနောက်ဆုံး ခြေကုပ်စခန်းတည်ရာ ဒီရာအယ်ဇောမြို့၌ မိမိတို့၏ တပ်ဖွဲ့များက အောင်ပွဲခံခဲ့ကြောင်း ဆီးရီးယားအစိုးရက နိုဝင်ဘာ ၃ ရက်တွင် ထုတ်ပြန်ကြေညာသည်။

ဒီရာအယ်ဇောမြို့သည် ယူဖရေးတီးစ်မြစ်၏ အနောက်ဘက် မြစ်ကမ်းပါးပေါ်တွင်တည်ရှိပြီး ဆီးရီးယားနိုင်ငံအရှေ့ပိုင်းတွင် အကြီးဆုံးနှင့် အရေးအပါဆုံး မြို့ကြီးဖြစ်သည်။ ယင်းမြို့သည် ဆီးရီးယားနိုင်ငံ၏ ရေနံထုတ်လုပ်မှု၏ ဗဟိုချက်လည်းဖြစ်သည်။

ဆီးရီးယားအစိုးရတပ်ဖွဲ့များသည် မဟာမိတ်ပြုထားသော တပ်ဖွဲ့များနှင့်အတူ အိုင်အက်စ်စစ်သွေးကြွများ ထိန်းချုပ်ထားသော ယင်းမြို့ကို အပြည့်အဝလွတ်မြောက်စေခဲ့ကြောင်း ဆီးရီးယားစစ်ဘက်သတင်းရပ်ကွက်က ပြောကြားသည်။

အီရန်နှင့် ရှီးယိုက်ပြည်သူ့စစ်များ၊ ရုရှားဗုံးကြဲလေယာဉ်များ၏ အထောက်အကူဖြင့် ဆီးရီးယားအစိုးရတပ်ဖွဲ့များက အိုင်အက်စ်တို့ သိမ်းယူထားသည့် အယ်လ်ဘူကာမဲလ်မြို့သို့ ဦးတည်ချီတက်နေကြောင်း၊ ယင်းမြို့မှာ ယူဖရေးတီးစ်မြစ်အနောက်ဘက် ကမ်းပေါ်တွင်တည်ရှိကြောင်း သတင်းတွင်ဖော်ပြသည်။

ယူဖရေးတီးစ်မြစ်၏ အရှေ့ဘက်ကမ်းတွင် ကာဒစ်နှင့် အာရပ်ပြည်သူ့စစ်တပ်ဖွဲ့များက အမေရိကန်ဦးဆောင်သော ညွန့်ပေါင်းတပ်ဖွဲ့၏ လေကြောင်းပစ်ကူပေးမှုဖြင့် အထူးတပ်ဖွဲ့ဝင်များနှင့်အတူ အိုင်အက်စ်တို့ကို အပြိုင်ထိုးစစ်ဆင်တိုက်ခိုက်လျက်ရှိသည်။

ဆီးရီးယားနှင့်အီရတ်နှစ်နိုင်ငံ နယ်နိမိတ်ဒေသကို ခွလျက်တည်ရှိနေသည့် နယ်မြေတွင် အီရတ်တပ်ဖွဲ့များက စစ်သွေးကြွများကို ထိုးစစ်ဆင်တိုက်ခိုက်နေကြောင်း၊ အီရတ်တပ်ဖွဲ့များသည် ထိုဒေသရှိ အယ်လ် ကွမ်မြို့တွင်းသို့ ဝင်ရောက်သွားပြီဖြစ်ကြောင်း အီရတ်စစ်ဘက်က ယနေ့တွင် ပြောကြားသည်။

**ရိုက်တာ**



**✱ ရွှေဖုံးမှ**

မဲဇလီပင်စောင့်သော နတ်မင်းအား လာရောက်ဂါရဝပြုကြပြီး ထိုနေ့ညတွင် မဲဇလီဖူးသုပ်စားလျှင် ဆေးပေါင်းခပြီး ရောဂါဝေဒနာများ ပျောက်ကင်းကြကြောင်း သိရသည်။

တန်ဆောင်မုန်းလပြည့်နေ့တွင် ရန်ကုန်မြို့ရှိ တန်ခိုးကြီးဘုရားများ၌ ကုသိုလ်ကောင်းမှု ဒါနပြုကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၇၉ ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့ မင်္ဂလာအခမ်းအနားများကို ရင်ပြင်တော်ရှိ သတ်မှတ်ထားသော နေရာအသီးသီးတို့၌ ကျင်းပကြသည်။

ရွှေတိဂုံစေတီတော်၏ (၃၃)ကြိမ်မြောက် မသိုးသင်္ကန်းကပ်လှူပူဇော်ပွဲကို နံနက် ၄ နာရီတွင် ရင်ပြင်တော်ရာဟုထောင့် အောင်မြေမှစတင်ကာ ကပ်လှူပူဇော်မည့် မသိုးရွှေကြာသင်္ကန်းများကို ရွှေတိဂုံစေတီတော်ရင်ပြင် တစ်ပတ်လှည့်လည်ပူဇော်ကြပြီး ဂေါပကအဖွဲ့ဝင်များက စေတီတော်နှင့် တန်ဆောင်းအသီးသီးရှိ ဗုဒ္ဓရုပ်ပွားတော်များ၌ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော်ကြီးအား ဆွမ်း၊ ဆီမီး၊ ပန်း၊ ရေချမ်းနှင့် သစ်သီးဆွမ်းများကပ်လှူပြီး စေတီတော် ဩဝါဒါစရိယ ဆရာတော်များနှင့် သံဃာတော်များအား ရောင်တော်ဖွင့်တန်ဆောင်း၌ နံနက်အရုဏ်ဆွမ်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ရွှေတိဂုံစေတီတော် ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ရေစက်ချ အနုမောဒနာတရားနာကြားကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ဆူးလေစေတီတော် ဂေါပကအဖွဲ့က ကြီးမှူးပြီး နံနက် ၅ နာရီတွင် မြောက်ဘက်မုခ် အာရုံခံတန်ဆောင်း၌ စေတီတော်ကြီးအား ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးများ ဆက်ကပ်လှူဒါန်းခြင်း၊ နံနက် ၈ နာရီတွင် မုခ်လေးမုခ်၌ရှိသော ပွင့်ပြီးသော ဘုရားလေးဆူနှင့် အတုလမာရ်အောင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးအား ရွှေကြာသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြပြီး ညနေ ၆ နာရီတွင် စေတီတော်ရင်ပြင်ပတ်လည်၌ ဆီမီး ၅၀၀၀ ဖြင့် အဖိတ်နေ့၊ လပြည့်နေ့နှင့် လပြည့်ကျော် ၁ ရက် သုံးရက်တိုင်တိုင် ထွန်းညှိပူဇော်ကြမည်ဖြစ်ကြောင်း သိရသည်။

ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့်စေတီတော်ကြီး၌ စေတီတော်ဂေါပကအဖွဲ့က ကြီးမှူး၍ နံနက် ၃ နာရီခွဲတွင် စေတီတော်ကြီးနှင့် စေတီတော်ရှိ ဗုဒ္ဓရုပ်ပွားတော်များအား မသိုးသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြပြီး ညပိုင်းတွင် စေတီတော်အား ဆီမီး ၁၀၀၀ ဖြင့် ထွန်းညှိပူဇော်ကြသည်။

သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်၌ အကြိမ်(၂၀)မြောက် မသိုးသင်္ကန်းရက်ပြိုင်ပွဲကို ယမန်နေ့ညဦးပိုင်းက ကျင်းပခဲ့ပြီး ယနေ့နံနက်ပိုင်းတွင် စေတီတော်မြတ်ကြီးနှင့် ဗုဒ္ဓရုပ်ပွားတော်များ၌ မသိုးရွှေကြာသင်္ကန်းများကို ဂေါပကအဖွဲ့က ဦးဆောင်ပြီး ကပ်လှူပူဇော်ကြကာ မေတ္တာပို့ အမျှပေးဝေကြသည်။

ယင်းနောက် မသိုးရွှေကြာသင်္ကန်းရက်ခတ်ကပ်လှူပူဇော်ခြင်း အောင်ပွဲအခမ်းအနားကိုကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်ထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ ဆက်လက်၍ အာရုံခံတန်ဆောင်းအပေါ်ထပ်၌ သာမညဖလ အခါတော်နေ့ ဓမ္မပူဇာမင်္ဂလာအခမ်းအနားကို ကျင်းပကြသည်။

ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၏ (၃၅)ကြိမ်မြောက် မသိုးရွှေကြာသင်္ကန်းဆက်ကပ်ပူဇော်ပွဲ ကျင်းပပြီး စေတီတော်ရှိ နန်းဦးဘုရားကြီးတန်ဆောင်း၌ ရေစက်သွန်းချ တရားတော်နာယူခြင်း၊ မသိုးရွှေကြာသင်္ကန်းရက်ပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားများကို ကျင်းပကြသည်။

ထို့အတူ ရန်ကုန်မြို့ရှိ တန်ခိုးကြီးဘုရား စေတီတော်များ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဓမ္မာရုံများ၌ မသိုးရွှေကြာသင်္ကန်း၊ ကထိန်လျာသင်္ကန်း ဆက်ကပ် လှူဒါန်းကြသူများ၊ ဘုံကထိန်ပဒေသာပင် လှည့်လည်ကြသူများ၊ သာမညဖလအခါတော်နေ့ ကျင်းပခြင်းများ၊ ဥပုသ်သီတင်းသီလဆောက်တည်ကြသူများ၊ စတုဒိသာ အလှူဒါနပြုကြသူများ၊ ကုသိုလ်ကောင်းမှုပြုကြသူများဖြင့် အထူးများပြားစည်ကားလျက်ရှိသည်။

ယနေ့သည် ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်ဖြစ်သဖြင့် ဥယျာဉ်ပန်းခြံများ၌လည်း အပန်းဖြေ အနားယူကြသူများဖြင့် စည်ကားလျက်ရှိသည်။

ညနေပိုင်းနှင့် ညပိုင်းတွင် ဗုဒ္ဓမြတ်စွာဘုရားရှင်အား ရည်မှန်းပူဇော်သောအားဖြင့် ဌာနဆိုင်ရာရုံးအဆောက်အအုံများနှင့် နေအိမ်တိုက်တာများ၌ ရောင်စုံမီးများဖြင့် ထွန်းညှိပူဇော်ကြခြင်း၊ မြို့ရွာ၊ ရပ်ကွက်လမ်းအသီးသီးတို့၌ မီးထွန်းပွဲတော်များ၊ နိဗ္ဗာန်ဈေးအလှူတော်များ၊ စတုဒိသာ ကျွေးမွေးလှူဒါန်းကြသူများ၊ ပျော်ပွဲရွှင်ပွဲများဖြင့် သက်ဝင်လှုပ်ရှားလျက်ရှိသည့် မြင်ကွင်းများသည် မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို မပျောက်ပျက်အောင် ဆက်လက်ထိန်းသိမ်းကြသည့် ပုံရိပ်ကောင်းများ ဖြစ်သည်ဟု ဆိုရပါမည်။

**သတင်း - ရီရီမြင့်၊ ဥမ္မာသန့်**



**တန်ဆောင်မုန်းလပြည့်နေ့က မဟာဝိဇယစေတီတော်တွင် ဘုရားဖူးများ ကောင်းမှုကုသိုလ်ပြုလုပ်နေကြသည်ကို တွေ့ရစဉ်။** ဓာတ်ပုံ-ခင်မောင်ဝင်း (ကြေးမုံ)



**တန်ဆောင်မုန်းလပြည့်နေ့တွင် ရန်ကုန်မြို့ ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။** ဓာတ်ပုံ-ရဲထွန်း



**ပဉ္စမအကြိမ်မြောက် ပုဇွန်တောင်မြို့နယ် အမှတ်(၁)ရပ်ကွက် (၅၁)လမ်း (အလယ်)မိသားစု တန်ဆောင်မုန်းလပြည့်နေ့ နိဗ္ဗာန်ဈေးအလှူတော်ကို တွေ့ရ စဉ်။** ဓာတ်ပုံ-အေးမင်းသူ

**❍ မဒေါက်မြို့မှ**

ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပွဲတော်အထိမ်းအမှတ်မုခ်ဦးဆိုင်းဘုတ်ကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွေးက စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ရှင်ဥပဂုတ္တရဟန္တာမထေရ်မြတ်ကြီးအား မြို့တွင်းသို့ပင့်ဆောင်လှည့်လည် အပူဇော်ခံပြီး စစ်တောင်းမြစ်အတွင်းရှိ ယာယီစံကျောင်း ရေဖောင်တော်ပေါ်သို့ ပင့်ဆောင်ကြသည်။

ဆက်လက်၍ မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲကို ကျင်းပပြီး မြန်မာ့ရိုးရာခြင်းအလှခတ်ခြင်း၊ ညပိုင်းတွင် ဇာတ်ပွဲ၊ လက်ဝှေ့ပွဲများ ကျင်းပခဲ့ကာ မဒေါက်လူငယ်လေးများ New Ace (Music Band)က တေးဂီတများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

နိုဝင်ဘာ ၂ ရက်မှ ၄ ရက်အထိ သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သော မဒေါက်မြို့ တန်ဆောင်တိုင် မီးမျှောကာလအတွင်း မြန်မာ့ရိုးရာအားကစားပွဲများ၊ ဖျော်ဖြေရေးအစီအစဉ်များ၊ စတုဒိသာ ကျွေးမွေးလှူဒါန်းမှုများနှင့် စည်ကားသိုက်မြိုက်စွာ ပြုလုပ်သွားမည်ဖြစ်သည်။

ပွဲတော်သို့လာရောက်ကြမည့် ရပ်ဝေးရပ်နီးမှ ပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာနှင့် စိတ်ချမ်းမြေ့စွာ သွားနိုင်စေရေးအတွက် မူးယစ်ရမ်းကားမှုများ ထိန်းသိမ်းရေး၊ စစ်တောင်းမြစ်အတွင်း ရေပွဲသဘင်ပွဲ ကျင်းပနေစဉ်အတွင်း အန္တရာယ်ကင်းရှင်းစေရန် အသက်ကယ်ဗောနှင့် ကယ်ဆယ်ရေး အစီအမံများ ချမှတ်ဆောင်ရွက်ထားကြောင်း သိရသည်။ မဒေါက်မြို့၏ တန်ဆောင်တိုင်မီးမျှောပူဇော်ပွဲ၌ ယနေ့(တန်ဆောင်မုန်းလပြည့်နေ့)တွင် အနယ်နယ်အရပ်ရပ်မှလာရောက်ကြသော ပွဲတော်လာဧည့်ပရိသတ်များ၊ ဈေးရောင်းဈေးဝယ်များနှင့် စည်ကားလျက်ရှိသလို အခြားသော ဧည့်ပရိသတ်များကလည်း တဖွဲဖွဲလာရောက်လျက်ရှိသည်။

ပွဲတော်နောက်ဆုံးရက်ဖြစ်သည့် နိုဝင်ဘာ ၄ ရက်တွင် ရေပွဲတော်အခမ်းအနားဖွင့်လှစ်ခြင်း၊ တက်ခုတ်တက်ပျံ့ယိမ်းအကအလှများ ယှဉ်ပြိုင်ခြင်း၊ အကအလှများ ဖျော်ဖြေတင်ဆက်ခြင်း၊ ဆုပေးခြင်းနှင့် ညပိုင်းတွင် ဇာတ်ပွဲ၊ လက်ဝှေ့ပွဲ၊ ခြင်းပွဲ၊ မဒေါက်လူငယ်လေးများ New Ace(Music Band)၏ တေးဂီတများဖြင့် ဖျော်ဖြေတင်ဆက်မှုများ၊ အခြားပျော်ပွဲရွှင်ပွဲများဖြင့် ပျော်ရွှင်စွာဆင်နွှဲကြမည်ဖြစ်သလို ရှင်ဥပဂုတ္တရဟန္တာမထေရ်မြတ်ကြီးအား ဆီမီး ၃၀၀၀၀ ဖြင့် စစ်တောင်းမြစ်အတွင်း မီးမျှောပူဇော်ခြင်းတို့ လုပ်ဆောင်ကြမည်ဖြစ်ကြောင်း ပွဲတော်ကျင်းပရေးဦးစီးကော်မတီမှ သိရသည်။

**ရာမည**



**မဒေါက်မြို့ (၄၅)ကြိမ်မြောက် တန်ဆောင်တိုင်မီးမျှောပွဲတော်ကြီး၏ မြန်မာ့ရိုးရာခြင်းလုံးအလှခတ်ပွဲတွင် ခြင်းခတ်စွမ်းရည် ပြသနေစဉ်။** ဓာတ်ပုံ-ပိန်းဇလုပ်သိန်းညွန့်

# နိုင်ငံတကာမြင်ကွင်း

## ရဲရင့်လင်းလက်



တရုတ်ကွန်မြူနစ်ပါတီရဲ့ နိုင်ငံလုံးဆိုင်ရာ ၁၉ ကြိမ်မြောက် ကွန်ဂရက်မတိုင်ခင်ကတည်းက တရုတ်သမ္မတ ရှီကျင့်ဖျင်ကို ဆယ်စုနှစ်ပေါင်းများစွာအတွင်း သြဇာအာဏာအကြီးမားဆုံး တရုတ်ခေါင်းဆောင်အဖြစ် ရှုမြင်နေခဲ့ကြတာပါ။ တရုတ်ကွန်မြူနစ်ပါတီရဲ့ ငါးနှစ်တစ်ကြိမ် ပြုလုပ်တဲ့ ကွန်ဂရက်အပြီးမှာတော့ သမ္မတရှီကျင့်ဖျင်ဟာ ပိုပြီး သြဇာအာဏာကြီးမားတဲ့ ခေါင်းဆောင်အဖြစ် ပေါ်ထွက်လာခဲ့ပါတယ်။

တစ်ပတ်ကြာ ကျင်းပခဲ့တဲ့ ၁၉ ကြိမ်မြောက် နိုင်ငံလုံးဆိုင်ရာ ကွန်ဂရက်အစည်းအဝေးအတွင်းမှာ တရုတ်ကွန်မြူနစ်ပါတီရဲ့ ဖွဲ့စည်းပုံကို ပြုပြင်ပြီး ရှီကျင့်ဖျင်ရဲ့ အတွေးအခေါ်တွေကို ပါတီရဲ့အတွေးအခေါ်အဖြစ် တညီတညွတ်တည်း အတည်ပြုပြဋ္ဌာန်းထားခဲ့ပါတယ်။ တရုတ်ကွန်မြူနစ်ပါတီရဲ့ သမိုင်းမှာ ဥက္ကဋ္ဌကြီး မော်စီတုန်းရဲ့ အတွေးအခေါ်ကိုပဲ ပါတီရဲ့ အတွေးအခေါ်အဖြစ် သတ်မှတ်ခဲ့ဖူးတာပါ။ ဒါကြောင့် ဥက္ကဋ္ဌကြီး မော်စီတုန်း အလွန်ကာလမှာ ရှီကျင့်ဖျင်ဟာ ပါတီရဲ့ အတွေးအခေါ်ကို ပုံသွင်းဖော်ဆောင်ခဲ့တဲ့ တစ်ဦးတည်းသော ကွန်မြူနစ်ပါတီခေါင်းဆောင်ဖြစ်လာပါတယ်။ စနစ်တကျကြိုတင်အကွက်ချပြင်ဆင်ထားတဲ့ ပါတီကွန်ဂရက်ရဲ့ ဆုံးဖြတ်ချက်ဟာ ကျယ်ပြန့်တဲ့ အကျိုးသက်ရောက်မှုတွေကို ဖြစ်ပေါ်စေမှာပါ။

သင်္ကေတသဘောပြောရရင် သမ္မတ ရှီကျင့်ဖျင်ဟာ တော်လှန်ရေးခေါင်းဆောင် ဥက္ကဋ္ဌကြီး မော်စီတုန်းနဲ့ တစ်တန်းတည်း အဆင့်မျိုးကို ရရှိခဲ့တာပါ။ ဥက္ကဋ္ဌကြီး မော်စီတုန်းကို တရုတ်ပြည်သူ့သမ္မတနိုင်ငံထူထောင်ခဲ့တဲ့ အမျိုးသားခေါင်းဆောင်ကြီးအဖြစ် သတ်မှတ်ထားတာပါ။ သမ္မတ ရှီကျင့်ဖျင် မတိုင်ခင် တရုတ်ကွန်မြူနစ်ပါတီကို ဦးဆောင်ခဲ့တဲ့ ကျန်ဇီမင်းနဲ့ ဟူကျင်တောင်တို့ဟာ ဘယ်လိုပဲ နိုင်ငံရေးအတွေးအခေါ်တွေ ပြုလုပ်ခဲ့ ပြုလုပ်ခဲ့ သူတို့ရဲ့နိုင်ငံရေးသက်တမ်းအဆုံးမှာ ပါတီရဲ့ အထွေထွေအတွင်းရေးမှူးရာထူးပဲ ထမ်းဆောင်နိုင်ခဲ့တာပါ။ ကျန်ဇီမင်းက ၂၀၀၂ ခုနှစ်မှာ အနားယူခဲ့ပြီး ဟူကျင်တောင်က ၂၀၁၂ ခုနှစ်မှာ အနားယူခဲ့တာပါ။ ဒီခေါင်းဆောင်နှစ်ဦးဟာ အနားယူတဲ့အချိန်အထိ ပါတီရဲ့ အတွေးအခေါ် ပုံဖော်သူတွေအဖြစ် အသိအမှတ်ပြုမခံခဲ့ရပါဘူး။

တရုတ်ပြည်သူတွေတင်မကဘဲ ကမ္ဘာကပါ မဟာခေါင်းဆောင်ကြီးအဖြစ် အသိအမှတ်ပြုခံရတဲ့ ပုဂ္ဂိုလ်ဟာ တိန့်ရှောင်ဖိန်ပါ။ တိန့်ရှောင်ဖိန်ဟာ တရုတ်နိုင်ငံရဲ့ တံခါးဖွင့်မူဝါဒနဲ့ ပြုပြင်ပြောင်းလဲရေး အစီအမံတွေကို ပုံဖော်ချမှတ်ဖန်တီးခဲ့တဲ့ ခေါင်းဆောင်ကြီးပါ။ ဥက္ကဋ္ဌကြီးမော်ကြောင့် ပြိုလဲခဲ့ရတဲ့ တိုင်းပြည်ရဲ့ စီးပွားရေးကို ပြန်လည်တည့်မတ်ပြီး စီးပွားရေးအင်အားကြီးနိုင်ငံဖြစ်လာအောင် ခေါင်းဆောင်ကြီး တိန့်ရှောင်ဖိန်က ဦးဆောင်ခဲ့တာပါ။ ခေါင်းဆောင်ကြီး တိန့်ရှောင်ဖိန်ရဲ့ အမည်နဲ့ သူရဲ့နိုင်ငံရေး ဦးဆောင်မှုတွေကို သူကွယ်လွန်ပြီး ခြောက်လအကြာမှ ပါတီရဲ့မှတ်တမ်းတွေမှာ တရားဝင်ထည့်သွင်း အသိအမှတ်ပြုခဲ့တာပါ။ ပွင့်ပွင့်လင်းလင်းပြောရရင် ဥက္ကဋ္ဌကြီး မော်စီတုန်းရဲ့ အတွေးအခေါ်ဆိုတာမျိုးကို ပခုံးချင်းယှဉ်နိုင်တဲ့ ဥက္ကဋ္ဌကြီး တိန့်ရှောင်ဖိန်ရဲ့ အတွေးအခေါ်ဆိုတာမျိုးမရှိခဲ့ပါဘူး။ ဥက္ကဋ္ဌကြီး တိန့်ရှောင်ဖိန်ရဲ့ သီအိုရီဆိုတာမျိုးပဲ ရှိပါတယ်။ နိုင်ငံရေးအသုံးအနှုန်းအရ ဥက္ကဋ္ဌကြီး တိန့်ရှောင်ဖိန်ရဲ့ သီအိုရီဆိုတာက ဥက္ကဋ္ဌကြီးမော်ရဲ့ အတွေးအခေါ်ဆိုတာထက် တစ်ဆင့်နိမ့်တဲ့ သဘောရှိပါတယ်။

ဒီနောက်ခံသမိုင်းကို အခြေခံထားသုံးသပ်ကြည့်မယ်ဆိုရင် ရှီကျင့်ဖျင်ရဲ့ အတွေးအခေါ်ကို ပါတီရဲ့ အတွေးအခေါ်အဖြစ် ပါတီရဲ့ ဖွဲ့စည်းပုံမှာ တရားဝင် အတည်ပြုပြဋ္ဌာန်းလိုက်တဲ့အတွက် တရုတ်နိုင်ငံသူ နိုင်ငံသားတွေက နိုင်ငံရေးအရ ကြည်ညိုလေးစားတဲ့ ဥက္ကဋ္ဌကြီးမော်အဆင့်ကို သမ္မတရှီကျင့်ဖျင်က ရရှိခဲ့တာပါ။ ဒါကြောင့် တရုတ်ကွန်မြူနစ်ပါတီရဲ့ ၁၉ ကြိမ်မြောက်နိုင်ငံလုံးဆိုင်ရာ ကွန်ဂရက်က သမ္မတ ရှီကျင့်ဖျင်ကို သမ္မတ ဒုတိယသက်တမ်းကိုပဲ ပေးအပ်ခဲ့တာမဟုတ်ပါဘူး။ မော်စီတုန်းလို မဟာခေါင်းဆောင်ကြီး အဆင့်ကိုပါ ပေးအပ်ခဲ့တာပါ။ တရုတ်နိုင်ငံရဲ့ တစ်ခုတည်းသော ဦးဆောင်ပါတီဖြစ်တဲ့ ကွန်မြူနစ်ပါတီရဲ့ ပါတီဝင်သန်းပေါင်း ၉၀ နီးပါးကို ကိုယ်စားပြုတဲ့ ပါတီကိုယ်စားလှယ် ၂၃၀၀ ကျော်က သမ္မတ ရှီကျင့်ဖျင်ကို မဟာခေါင်းဆောင်ကြီးအဆင့် ပေးအပ်ခဲ့တာပါ။ ဒါကြောင့် သမ္မတရှီကျင့်ဖျင်ဟာ ကြီးမားတဲ့ဂုဏ်သိက္ခာနဲ့အတူ ကျယ်ပြန့်တဲ့ နိုင်ငံရေးလုပ်ပိုင်ခွင့်အာဏာတွေ ရရှိသွားပါပြီ။

ဖွဲ့စည်းပုံသဘောအရ အခုအချိန်ကစပြီး ရှီကျင့်ဖျင်ရဲ့ အတွေးအခေါ်ကို ကွန်မြူနစ်ပါတီဝင် သန်း ၉၀ သာမက ၁ ဒသမ ၃ ဘီလီယံရှိတဲ့ သာမန် တရုတ်ပြည်သူတွေကပါ လိုက်နာကျင့်သုံးရတော့မှာပါ။ ဒါကြောင့် သမ္မတ ရှီကျင့်ဖျင်ရဲ့ အတွေးအခေါ်ကို ဆန့်ကျင်သူအားလုံးဟာ နိုင်ငံရေးသဘောအရ မိစ္ဆာဒိဋ္ဌိ ဖြစ်သွားမှာပါ။ ဒီအနေအထားကြောင့် သမ္မတ ရှီကျင့်ဖျင်က အာဏာရစဉ်ကာလအတွင်း သူ့ကို ဆန့်ကျင်ဖို့ဆိုတာ အတော်ကြီးကို ခက်ခဲသွားပြီ။ ဒီလိုဆန့်ကျင်မယ်ဆိုရင် ပါတီအပေါ် သစ္စာဖောက်တဲ့ အဓိပ္ပာယ် သက်ရောက်သွားတော့မှာပါ။ လက်တွေ့အကျိုးသက်ရောက်မှုအရ ပြောရရင် မဟာခေါင်းဆောင်ကြီးအဖြစ် အဆင့်တိုးမြှင့်သတ်မှတ်ခံရတဲ့ ရှီကျင့်ဖျင်ဟာ သူ့ရဲ့ ဒုတိယသက်တမ်းထက် ကျော်လွန်ပြီး အာဏာဆုပ်ကိုင်နိုင်တဲ့ အနေအထားမျိုးကိုပါ ပိုင်ဆိုင်ထားပါပြီ။ ပုံမှန်အရဆိုရင် ရှီကျင့်ဖျင်ဟာ ငါးနှစ်သက်တမ်းနှစ်ကြိမ်ပဲ ထမ်းဆောင်ခွင့်ရှိတာမို့လို့ နောက်ငါးနှစ်ပြည့်တဲ့အခါ ရာထူးတာဝန်တွေကို စွန့်လွှတ်ရမှာပါ။ အခုတော့ ငါးနှစ်သက်တမ်း နှစ်ကြိမ်ထက် ပိုထမ်းဆောင်နိုင်တဲ့ အနေအထားကို သမ္မတ ရှီကျင့်ဖျင်က ပိုင်ဆိုင်ထားပြီ။

သမ္မတရှီကျင့်ဖျင်ရဲ့ အတွေးအခေါ်ကို တရားဝင်ရည်ညွှန်းပြောဆိုတဲ့အခါ "ခေတ်သစ်အတွက် တရုတ်အမျိုးသားရေးလက္ခဏာအပေါ် အခြေခံသော ဆိုရှယ်လစ်ဝါဒဆိုင်ရာ ရှီကျင့်ဖျင်အတွေးအခေါ်"လို့ ပြောဆိုရေးသားကြပါတယ်။ ဒါကြောင့် ရှီကျင့်ဖျင်ဟာ တရုတ်ကွန်မြူနစ်ပါတီကို အတွေးအခေါ်အရ ဦးဆောင်ခွင့်သက်သက်ပဲ ရခဲ့တာမဟုတ်ပါဘူး။ တရုတ်ပြည်သူ့သမ္မတနိုင်ငံကို ခေတ်သစ်ထဲရောက်အောင် ဦးဆောင်ခွင့်ကိုပါ ရရှိခဲ့တာပါ။ ဒီဖြစ်ပေါ်တိုးတက်မှုတွေကို အခြေခံပြောရရင် ခေါင်းဆောင်တစ်ဦးဟာ "ငါးနှစ်သက်တမ်း နှစ်ကြိမ်ထက် ပိုတာဝန်ထမ်းဆောင်ခွင့်မရှိစေရ" ဆိုတဲ့ တရုတ်ကွန်မြူနစ်ပါတီရဲ့ နှစ်ပေါင်း ၂၅ နှစ်ကြာ အစဉ်အလာဟာ ကျိုးပျက်တော့မယ့်ပုံစံမျိုး ဖြစ်နေပါတယ်။ ၁၉၉၀ ပြည့်လွန် ကာလတွေကတည်းက သတ်မှတ်ပြဋ္ဌာန်းခဲ့တဲ့ ပါတီရဲ့ တာဝန်လွှဲပြောင်းမှုလုပ်ငန်းစဉ်အရဆိုရင် နောက်ငါးနှစ်အကြာမှာ ကျင်းပမယ့် ပါတီကွန်ဂရက်မှာ သမ္မတ ရှီကျင့်ဖျင်ဟာ ရာထူးတာဝန်တွေကနေ ဆင်းပေးရမှာပါ။ သမ္မတရှီကျင့်ဖျင် အရင် တာဝန်ထမ်းဆောင်ခဲ့တဲ့ တရုတ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး နှစ်ယောက်စလုံးဟာ အဲဒီပါတီ တာဝန်လွှဲပြောင်းမှုလုပ်ငန်းစဉ်အတိုင်း ဆောင်ရွက်ခဲ့ကြတာပါ။

၂၀၂၂ ခုနှစ် ဒုတိယသက်တမ်းအပြည့်ကို ကျော်လွန်ပြီး ၂၀၂၇ ခုနှစ်အထိ သမ္မတ ရှီကျင့်ဖျင်က တာဝန်ဆက်ထမ်းဆောင်နိုင်တယ်ဆိုတဲ့ ပြောဆိုခန့်မှန်းချက်တွေကို အားဖြည့်ပေးနေတဲ့ အချက်တစ်ချက်ရှိပါတယ်။ ဒါကတော့ တရုတ်ကွန်မြူနစ်ပါတီရဲ့ ၁၉ ကြိမ်မြောက် နိုင်ငံလုံးဆိုင်ရာ ကွန်ဂရက်ကရော သမ္မတ ရှီကျင့်ဖျင် ကိုယ်တိုင်ကပါ သူ့ရာထူးတာဝန်ကို အစားထိုးလက်ခံရယူမယ့် ပုဂ္ဂိုလ်ဘယ်သူဆိုတာကို ဖွင့်ဟမပြောဆိုခဲ့တာပါ။

သမိုင်းကို ပြန်ကြည့်ရင် ခေါင်းဆောင်ရာထူးတာဝန်လွှဲပြောင်းရယူမယ့် ပုဂ္ဂိုလ်ကို ကြိုတင်သတ်မှတ်ရွေးချယ်ပေးတာဟာ အစဉ်အလာဖြစ်နေပါပြီ။ နှစ်ပေါင်း ၂၅ နှစ်အတွင်း ပထမဦးဆုံးအကြိမ်အဖြစ် တရုတ်ကွန်မြူနစ်ပါတီ၊ အမြဲတမ်း ပေါ်လစ်ဗျူရိုကော်မတီဟာ ပါတီအကြီးအကဲနဲ့ နိုင်ငံတော်သမ္မတတာဝန်ကို ဘယ်ပုဂ္ဂိုလ်အပေါ် လွှဲပြောင်းပေးမလဲဆိုတာကို သတ်မှတ်ပေးဖို့ ပျက်ကွက်ခဲ့ပါတယ်။ တရုတ်ကွန်မြူနစ်ပါတီ၊ အမြဲတမ်းပေါ်လစ်ဗျူရိုကော်မတီဟာ တရုတ်နိုင်ငံကို ဦးဆောင်စီမံခန့်ခွဲနေတဲ့ ကော်မတီပါ။ သြဇာအာဏာကြီးမားတဲ့ အမြဲတမ်းပေါ်လစ်ဗျူရိုကော်မတီအဖွဲ့ဝင် ခုနစ်ဦးမှာ ငါးဦးဟာ လူသစ်တွေပါ။ ကျန် အမြဲတမ်းပေါ်လစ်ဗျူရို ကော်မတီဝင် ခြောက်ဦးရဲ့အနေအထားကို သုံးသပ်ကြည့်ရင် ၂၀၂၂ ခုနှစ်မှာ သမ္မတ ရှီကျင့်ဖျင်ကို ယှဉ်ပြိုင်နိုင်တဲ့ အနေအထားမျိုးမရှိပါဘူး။

၂၀၁၂ ခုနှစ်က ကျင်းပခဲ့တဲ့ တရုတ်ကွန်မြူနစ်ပါတီရဲ့ ၁၈ ကြိမ်မြောက် နိုင်ငံလုံးဆိုင်ရာ ကွန်ဂရက်မှာ ဟူချင်ဟွာနဲ့ ဆွန်ဇန်ကိုင်တို့ဟာ ၂၅ ဦးပါတဲ့ ပေါ်လစ်ဗျူရိုအဖွဲ့မှာ အသက်အငယ်ဆုံး အဖွဲ့ဝင်တွေဖြစ်လာပါတယ်။ ဒါကြောင့် သူတို့နှစ်ဦးဟာ ၂၀၂၂ ခုနှစ်မှာ ပါတီရဲ့ ခေါင်းဆောင်တွေဖြစ်လာမယ်လို့ ထင်ကြေးပေးခံခဲ့ကြရပါတယ်။ ဒါပေမယ့် ဆွန်ဇန်ကိုင်ကို ၁၉ ကြိမ်မြောက် နိုင်ငံလုံးဆိုင်ရာ ကွန်ဂရက် မကျင်းပခင်လေးမှာပဲ ရာထူးကနေထုတ်ပစ်ခဲ့ပြီး ဟူချင်ဟွာကတော့ ပေါ်လစ်ဗျူရိုအမြဲတမ်းကော်မတီမှာ အဖွဲ့ဝင်အဖြစ်ပါမလာခဲ့ပါဘူး။ ဒါကြောင့် ဟူချင်ဟွာလည်း နိုင်ငံရေးနယ်ပယ်ကနေ တဖြည်းဖြည်းမှေးမှိန်ပျောက်ကွယ်သွားနိုင်ပါတယ်။ ချုံကျင်းပြည်နယ်ရဲ့ ပါတီအတွင်းရေးမှူးဖြစ်သလို သမ္မတ ရှီကျင့်ဖျင်ရဲ့ လက်ရင်းတပည့်ဖြစ်တဲ့ ချင်မေအာဟာ ပါတီရဲ့ အရေးအကြီးဆုံးအဖွဲ့မှာ ပါမလာခဲ့ပါဘူး။ တစ်ချိန်ကဆိုရင် ချင်မေအာကို သမ္မတရှီကျင့်ဖျင်ရဲ့နေရာကို ဆက်ခံနိုင်တယ်လို့ ယူဆခဲ့ကြတာပါ။ ပေါ်လစ်ဗျူရို အမြဲတမ်းကော်မတီဝင်အသစ်

ဒီနောက်ခံသမိုင်းကို အခြေခံထား သုံးသပ်ကြည့်မယ်ဆိုရင် ရှီကျင့်ဖျင်ရဲ့ အတွေးအခေါ်ကို ပါတီရဲ့ အတွေးအခေါ်အဖြစ် ပါတီရဲ့ ဖွဲ့စည်းပုံမှာ တရားဝင် အတည်ပြု ပြဋ္ဌာန်းလိုက်တဲ့အတွက် တရုတ်နိုင်ငံသူ နိုင်ငံသားတွေက နိုင်ငံရေးအရ ကြည်ညိုလေးစားတဲ့ ဥက္ကဋ္ဌကြီးမော်အဆင့်ကို သမ္မတရှီကျင့်ဖျင်က ရရှိခဲ့တာပါ

ငါးဦးထဲမှာ လီကျန်းရှုနဲ့ ကျောက်လုကျိတို့ နှစ်ဦးပဲ သမ္မတရှီကျင့်ဖျင်ရဲ့ လူယုံတွေဖြစ်ပုံရပါတယ်။ ကျန်တဲ့ ပေါ်လစ်ဗျူရို အမြဲတမ်း ကော်မတီအဖွဲ့ဝင်တွေဟာ လူယုံမဟုတ်ပေမယ့် သမ္မတရှီကျင့်ဖျင်ကို ထောက်ခံမယ့်သူတွေဆိုတာကတော့ အထူးပြောစရာမလိုပါဘူး။ အမြဲတမ်းကော်မတီအဖွဲ့ဝင် ခုနစ်ဦး အပါအဝင် ပေါ်လစ်ဗျူရိုတစ်ဖွဲ့လုံးဟာ ၂၅ ဦးရှိပါတယ်။ ကျန်ပေါ်လစ်ဗျူရိုအဖွဲ့ဝင် ၁၈ ဦးမှာ တစ်ဝက်ကျော်က သမ္မတရှီကျင့်ဖျင်ရဲ့ မဟာမိတ်တွေမို့လို့ သမ္မတ ရှီကျင့်ဖျင်ရဲ့ ခေါင်းဆောင်မှုပိုင်းအပေါ် မေးခွန်းထုတ်စရာမလိုတော့ပါဘူး။ ဘာပဲဖြစ်ဖြစ် သမ္မတရှီကျင့်ဖျင်ဟာ ခေတ်သစ်မော်စီတုန်း ဖြစ်သွားပါပြီ။ ဒီအချက်ဟာ တရုတ်ပြည်နဲ့ အာရှဒေသအပါအဝင် ကမ္ဘာကြီးတစ်ခုလုံးအပေါ် အကျိုးသက်ရောက်မှုတွေ ဖြစ်ပေါ်စေမှာပါ။ ခေတ်သစ်မော်စီတုန်းတစ်ဖြစ်လဲ သမ္မတရှီကျင့်ဖျင်က ဘယ်လို အကျိုးရလဒ်တွေ ဖန်တီးပေးမလဲဆိုတာကတော့ စောင့်ကြည့်ကြရမှာပါ။ ။

# တန်ဆောင်မုန်းလပြည့်နေ့တွင် အမြို့မြို့အနယ်နယ်၌ ကုသိုလ်ကောင်းမှုပြုလုပ်သူများ စည်ကားများပြား



လှိုင်ကော်မြို့ မိုးကောင်းမဟာမြတ်မုနိရုပ်ပွားတော်မြတ်တွင် ဒုတိယအကြိမ် မသိုးသင်္ကန်း ရက်လုပ်ပူဇော်ပွဲနှင့် ဆက်ကပ်လှူဒါန်းပွဲ ကျင်းပစဉ်။ ပြည်နယ်(ပြန်/ဆက်)



သထုံမြို့၏ ကျက်သရေဆောင် လေးဆူဓာတ်စံ ရွှေစာရံ စေတီတော်မြတ်ကြီးတွင် ရွှေကြာသင်္ကန်းတော် ဆက်ကပ်လှူဒါန်းပွဲကို တန်ဆောင်မုန်းလပြည့်နေ့က မြို့လုံးကျွတ် ခြိမ့်ခြိမ့်သဲဆင်နွှဲကြစဉ်။ သက်ဦး(သထုံ)



ညောင်ဦးမြို့ ရှေးဟောင်းသမိုင်းဝင် ရွှေစည်းခုံဘုရားပွဲတော်တွင် သံဃာတော်အပါး ၂၀၀၀ ကျော်တို့အား ဆွမ်းသပိတ်လုံးနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူကြစဉ်။ ရဲသူရအောင်(ညောင်ဦး)



မုံရွာမြို့ ရွှေစည်းခုံဘုရား ရင်ပြင်တော်တွင် ၁၈ ကြိမ်မြောက် မသိုးသင်္ကန်း ရက်လုပ်ပူဇော်ပွဲ ကျင်းပစဉ်။ မျိုးဝင်းထွန်း(မုံရွာ)



တောင်တွင်းကြီးမြို့ သီရိမင်္ဂလာတိုက်သစ် ဓမ္မစကူးလ်ကျောင်းတိုက်တွင် မြန်မာမုန့် နိဗ္ဗာန်စျေးပွဲတော် ကျင်းပစဉ်။ နိုင်ဝင်း



ရှမ်းပြည်နယ်(မြောက်ပိုင်း) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ်တွင် ၆၉ ကြိမ်မြောက် မြို့လုံးကျွတ် မဟာဘုံကထိန်ပွဲ လှည့်လည်ကြစဉ်။ စိုင်း(သီပေါ)

# မြန်မာစာရေးဆရာများ၊ စာပေပညာရှင်များ၊ မြန်မာပညာတတ်များရဲ့ ရည်မှန်းချက် သို့မဟုတ် ကြွေးကြော်သံတစ်ခုက ကမ္ဘာကို မြန်မာတို့သိဖို့နဲ့ မြန်မာကို ကမ္ဘာက သိဖို့ဆိုတာဖြစ်

**မန္တလေး နိုဝင်ဘာ ၃**
စတုတ္ထအကြိမ် ဧရာဝတီစာပေပွဲတော်ကို မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ Mandalay Hill Resort ၌ ယနေ့နံနက် ၉ နာရီတွင် ကျင်းပသည်။

စတုတ္ထအကြိမ် ဧရာဝတီစာပေပွဲတော်သို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်တွင်း၊ ပြည်ပ စာပေပညာရှင်များ၊ ဖိတ်ကြားထားသူများနှင့် စာပေဝါသနာရှင်များ တက်ရောက်ကြသည်။

### စာပေဆိုင်ရာအစီအစဉ်မျိုးစုံ

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အဖွင့်အမှာစကားပြောကြားရာတွင် မိမိအနေဖြင့် ပထမအကြိမ် ဧရာဝတီစာပေပွဲတော်ကို ရန်ကုန်မြို့ အင်းယားလိတ်ဟိုတယ်ဝင်းအတွင်း ကျင်းပစဉ်က တက်ကြွစွာပါဝင်ခဲ့ပါကြောင်း၊ ဒုတိယအကြိမ်မှာ မတက်ရောက်နိုင်ခဲ့ပါကြောင်း၊ တတိယအကြိမ်တွင် ဤနေရာမှာပဲ ကျင်းပသည့်အခါ ဆွေးနွေးသူတစ်ဦးအနေဖြင့် ရန်ကုန်က မိတ်ဆွေများနှင့်အတူ တက်ရောက်ခဲ့ပါကြောင်း။

ယခုအကြိမ်နှင့်ဆိုလျှင် မိမိအနေဖြင့် (၃)ကြိမ်မြောက် တက်ရောက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ဧရာဝတီ စာပေပွဲတော်နှင့် ပတ်သက်လျှင် မှတ်မှတ်သားသားပြောချင်တာ နှစ်ခုရှိပါကြောင်း၊ တစ်ခုက ဧရာဝတီစာပေပွဲတော်သည် စာရေးဆရာ၊ ကဗျာဆရာ စသည့် စာပေနှင့် ပတ်သက်သူအများအပြား တက်ရောက်ပြီး စာပေဆိုင်ရာ အစီအစဉ်မျိုးစုံကို တစ်ပြိုင်နက် ကျင်းပသည့် စာပေပွဲတော်ဆိုသည့် ဓလေ့၊ အစဉ်အလာတစ်ရပ်ကို မြန်မာနိုင်ငံတွင် အစပြုခဲ့တယ်ဆိုတဲ့ အချက်ဖြစ်ပါကြောင်း ပြောကြားသည်။

### နိုဘယ်-မြန်မာစာပေပွဲတော်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက "ဒီပွဲတော်ကို စုရုံးစီစဉ်ခဲ့တဲ့ ထိုစဉ်က မြန်မာနိုင်ငံဆိုင်ရာ ဗြိတိသျှသံအမတ်ကြီးရဲ့ ဇနီး Jane Heyn နဲ့ သံအမတ်ကြီး Andrew Heyn တို့ကို အထူးကျေးဇူးတင်ပါကြောင်း ပြောကြားလိုပါတယ်။ ဘာကြောင့်လဲဆိုတော့ ပထမအကြိမ် ဧရာဝတီ စာပေပွဲတော်အပြီးမှာ ကျွန်တော်တို့ မြန်မာစာပေသမားတွေ မြန်မာနိုင်ငံမှာ စာပေပွဲတော် အများအပြား ကျင်းပဖြစ်ခဲ့ပါတယ်။ နိုင်ငံတကာ မိတ်ဆွေများနဲ့ ပူးတွဲပြီး နိုဘယ်-မြန်မာစာပေပွဲတော်(Nobel Myanmar Literary Festival) ဆိုတာ ကျင်းပဖြစ်ပါတယ်။ သူလည်း သုံးကြိမ်ရှိပါပြီ။ အခု စတုတ္ထအကြိမ် ကျင်းပဖို့ စီစဉ်နေကြပါတယ်။

ကျွန်တော်တို့ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့လည်း ကလေးစာပေပွဲတော်များကို နိုင်ငံတစ်ဝန်းက ပြည်နယ်နဲ့ တိုင်းဒေသကြီး ငါးမြို့နဲ့ အခြားခရိုင်မြို့ကြီး အတော်များများမှာ ကျင်းပဖြစ်ခဲ့ပါတယ်။

### အမြစ်တွယ်

မန္တလေးမြို့မှာ ကျင်းပတဲ့ ကလေးစာပေပွဲတော်ဆိုရင် သုံးရက် ကျင်းပတာဖြစ်ပြီး လူပေါင်းသိန်းချီတက်ရောက်ခဲ့ကြတာ မန္တလေးမြို့က စာပေသမားများနဲ့ မြို့သူ မြို့သားများအသိ ဖြစ်ပါတယ်။ အခုလို စာပေပွဲတော်များကို ကျွန်တော်တို့ ဆက်လက် ကျင်းပသွားမှာ ဖြစ်ပါတယ်။ ဒါက ဧရာဝတီက စလိုက်တဲ့ စာပေပွဲတော်ဓလေ့တစ်ရပ်ကို ကျွန်တော်တို့ တိုင်းပြည်မှာ အမြစ်တွယ် အခြေကျသွားအောင် ကျွန်တော်တို့ ဆောင်ရွက်နေကြတဲ့ သဘောပါ။ ကျွန်တော်တို့အနေနဲ့ကတော့ ကောင်းသောကိစ္စတစ်ရပ်သည် တစ်ခါမဟုတ်ဘဲ အကြိမ်ကြိမ်အခါခါ ပြုလုပ်လို့ အစဉ်အလာ တစ်ရပ်ဖြစ်ပြီဆိုရင် အဲဒီကိစ္စရပ်ကိုယ်တိုင် ဆက်လက်ရှင်သန်ဖို့ အခြေခံကောင်းရသွားသလို အကယ်၍ အနှောင့်အယှက် အခက်အခဲများရှိမယ်ဆိုရင်လည်း ဒါတွေကို ရင်ဆိုင်ကျော်လွှားဖို့ ခိုင်မာတဲ့အင်အား ရရှိသွားတယ်လို့ မြင်ပါတယ်ဟု ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ကျွန်တော်တို့တိုင်းပြည်မှာ စာဆိုတော်နေ့(Writers' Day)ဆိုတာ ရှိပါတယ်။ ဒါဟာ အင်မတန်မှ ထူးခြားပြီး အရေးပါပါတယ်။ စာဆိုတော်နေ့ဆိုတာ ဘာကြောင့်များ ထူးခြားပြီး အရေးပါရသလဲ၊ နိုင်ငံတကာက မိတ်ဆွေများ အံ့သြကြလိမ့်မယ်ထင်ပါတယ်။ မြန်မာနိုင်ငံရဲ့ စာဆိုတော်နေ့က ကျွန်တော်တို့အတွက် ဘာကြောင့် ထူးခြားအရေးပါရသလဲဆိုတာ တစ်အချက်က နိုင်ငံတကာ မိတ်ဆွေများမှာ စာပေဆိုင်ရာနေ့ရက်ပေါင်းများစွာ ရှိပေမယ့် ကျွန်တော်တို့မှာ ဒီတစ်ရက်ပဲ ခိုင်ခိုင်မာမာရှိတာ ဖြစ်ပါတယ်။ နောက်တစ်ချက်က ကျွန်တော်တို့ စာဆိုတော်နေ့ဟာ တကယ်လည်း တန်ခိုးစွမ်းအား ရှိပါတယ်။

### စာဆိုတော်နေ့

ဒီစာဆိုတော်နေ့ကို လွန်ခဲ့တဲ့ နှစ်ပေါင်း ၇၀ ကျော် ၈၀ နီးပါးက ကျွန်တော်တို့ရဲ့ ရှေ့က စာရေးဆရာ၊ ကဗျာဆရာများ၊ စာပေပညာရှင်ကြီးများ တီထွင်ပြဌာန်းသွားခဲ့ကြပါတယ်။ နေ့ရက်အားဖြင့် ပြောမယ်ဆိုရင် မြန်မာပြက္ခဒိန်ပါ နတ်တော်လရဲ့ ပထမဆုံးရက်ပါ။ အဲဒါသည် ယခုနှစ်အဖို့မှာကတော့ နိုင်ငံတကာပြက္ခဒိန်အရ နိုဝင်ဘာလ ၁၉ ရက်နေ့နဲ့ တိုက်ဆိုင်ပါတယ်။

အဲဒီ နတ်တော်လ ပထမနေ့မှာ စာဆိုတော်နေ့အထိမ်းအမှတ်အဖြစ် ရှေ့က ဆရာကြီး ဆရာမကြီးများက စာရေးဆရာ၊ ကဗျာဆရာများ ကိုယ်တိုင်ကပြတဲ့ ပြဇာတ်တွေ၊ စာပေဟောပြောပွဲတွေ စတာတွေနဲ့ အခမ်းအနားပွဲများ ကျင်းပမြဲ အစဉ်အလာရှိခဲ့ပါတယ်။

### ချုပ်ချယ်ကန့်သတ်

အဲဒါသည်တိုင်းပြည်လူထုက နှစ်သက်လက်ခံပြီး အစိုးရများကလည်း လေးစားသိမှတ်ခဲ့ကြတော့ ခိုင်မာတဲ့ အစဉ်အလာတစ်ခုအဖြစ် တည်ရှိခဲ့ပါတယ်။ အဲဒီတော့ မိတ်ဆွေများ သိကြတဲ့အတိုင်း ကျွန်တော်တို့ တိုင်းပြည်သည် လွတ်လပ်မှုတွေအလွန်အမင်း ချုပ်ချယ်ကန့်သတ်ခြင်း ခံခဲ့ရတဲ့ အုပ်ချုပ်ရေး စနစ်များအောက်မှာ နှစ်ပေါင်း ၅၀ လောက် ကျင်လည်ခဲ့ရပါတယ်။ အဲဒီကာလမှာ အစိုးရပိုင်းပုဂ္ဂိုလ်များနဲ့ ဘာသာရေးဆိုင်ရာ တရားဓမ္မ ဟောကြားသော ပုဂ္ဂိုလ်များက လွဲ၍ ဘယ်သူမှ အများပြည်သူရှေ့မှာ ဟောပြောခွင့်မရသလောက် တင်းကျပ်တဲ့ အနေအထားရှိခဲ့ပါတယ်။

သို့သော် ဆိုခဲ့တဲ့ စာဆိုတော်နေ့ဆိုတဲ့ ထုံးဓလေ့အစဉ်အလာအရ နှစ်စဉ် စာဆိုတော်နေ့နဲ့ အဲဒီနေ့ကို ဖြန့်ကြက်ဆန့်ထုတ်ထားတဲ့ စာဆိုတော်ရာသီမှာတော့ စာရေးဆရာ၊ ကဗျာဆရာများသည် အခြားသူများ မရရှိနိုင်တဲ့ လွတ်လပ်ခွင့်မျိုးကို ခံစားပြီး နိုင်ငံအနှံ့အပြားမှာ စာပေတင်မက အကြောင်းအရာ အမျိုးမျိုးကို ဟောပြောနိုင်ခဲ့ကြပါတယ်။ အဲဒီရက် အဲဒီရာသီမှာတော့ ချုယ်ချယ်ကန့်သတ်တဲ့အစိုးရများလည်း အစွမ်းကုန်သည်းခံခွင့်ပြုပေးခဲ့ကြရတဲ့သဘော ရှိပါတယ်။



### ပူးတွဲပါဝင်

ဒါက အစဉ်အလာရဲ့ တန်ခိုးစွမ်းအားကို ကျွန်တော်ပြောတာပါ။ ဒါကြောင့်လည်း ကျွန်တော်တို့ရဲ့ နဂိုမူလ စာဆိုတော်နေ့အစဉ်အလာမှာ စာပေပွဲတော်ဓလေ့နဲ့ ဖြည့်စွက်ပေးတဲ့ ဧရာဝတီစာပေပွဲတော် တီထွင်ကျင်းပကြသူများကိုလည်း ကျေးဇူးတင်ကြောင်း ကျွန်တော်ပြောခြင်းဖြစ်ပါတယ်။

ဧရာဝတီစာပေပွဲတော်ရဲ့ ထူးခြားချက်အဖြစ် ကျွန်တော်ပြောချင်တဲ့အရာ နောက်တစ်ခု ရှိပါတယ်။ အဲဒါက နိုင်ငံတကာ စာရေးဆရာများနဲ့ မြန်မာစာရေးဆရာများ ပူးတွဲပါဝင်ခြင်းဖြစ်ပါတယ်။ ဒါဟာ အင်မတန်တန်ဖိုးရှိတဲ့ အချက်ဖြစ်ပါတယ်။ သမိုင်းကြောင်းကို ပြန်ကြည့်ရင် ကျွန်တော်တို့ မြန်မာစာပေဟာ နိုင်ငံတကာ စာပေများနဲ့ ပေါင်းဖက်ပြီး အစဉ်တစိုက် ဖွံ့ဖြိုးတိုးတက်ခဲ့တာ တွေ့ရမှာဖြစ်ပါတယ်။ မြန်မာစာပေပေါ်ဦးစ ပုဂံခေတ်က စတင်ပြီး ကျွန်တော်တို့ဟာ အိန္ဒိယဒေသက ရရှိတဲ့ ဗုဒ္ဓစာပေနဲ့ အခြား အိန္ဒိယရဲ့ သုတ၊ ရသ စာပေများကြောင့် ပိုမိုကြွယ်ဝ ပြည့်စုံခဲ့ရတယ်။ အိန္ဒိယ စာပေအတွေးအမြင်၊ ဗဟုသုတများနဲ့ မြန်မာတို့ရဲ့ ပင်ကိုဉာဏ်ပေါင်းစပ်ပြီး မြန်မာစာဆိုတို့ တီထွင်ဖန်တီးမှု စွမ်းအားတွေ တိုးတက်ခဲ့တယ်။

### ပေါ်ထွန်းလာ

အနောက်နိုင်ငံများနဲ့ ထိတွေ့လာရတဲ့အခါကျတော့ အင်္ဂလိပ်ဘာသာမှ တစ်ဆင့် ဥရောပစာပေ၊ ကမ္ဘာ့စာပေများနဲ့ သိကျွမ်းလာရတယ်။ အဲဒီအခါမှာတော့ ခေတ်သစ်မြန်မာစာပေလက်ရာများ ပေါ်ထွန်းလာပါတယ်။

ဒီနေရာမှာ ကျွန်တော်တို့ရဲ့ ရှေးကရှိခဲ့တဲ့ မြန်မာစာရေးဆရာများ၊ စာပေပညာရှင်များ၊ မြန်မာပညာတတ်များရဲ့ ရည်မှန်းချက် သို့မဟုတ် ကြွေးကြော်သံတစ်ခုကို ပြောချင်ပါတယ်။ အဲဒါက ကမ္ဘာကို မြန်မာတို့ သိဖို့နဲ့ မြန်မာကို ကမ္ဘာကသိဖို့ဆိုတာ ဖြစ်ပါတယ်။ ဒါက နိုင်ငံတကာနဲ့ ဆက်ဆံရင်း အသိအမြင် ပွင့်လင်းလာတဲ့ မြန်မာဦးဆောင်ပုဂ္ဂိုလ်တို့ရဲ့ အမြင်နဲ့ ဆန္ဒပါ။

ကမ္ဘာကို ကျွန်တော်တို့ သိဖို့လိုပါတယ်။ ကမ္ဘာကလည်း ကျွန်တော်တို့ကို သိစေချင်တယ်။ ဒီဆန္ဒပြည့်ဝဖို့အတွက် ဆောင်ရွက်ခဲ့ကြရာမှာ စာပေနယ်မှာကတော့ ဘာသာပြန်တဲ့အလုပ်ဖြစ်ပါတယ်။ ဘာသာပြန်ကိစ္စ ဆောင်ရွက်ရာမှာ မကွခရာမင်းသားကြီးကအစ ဆရာကြီး သခင်ဘသောင်းတို့အထိ အစောပိုင်းခေတ် မြန်မာဘာသာပြန်ဆရာကြီးများက အစပြုပြီး နိုင်ငံတကာ စာပေပညာရှင်များနဲ့ ပူးပေါင်းဆောင်ရွက်ခဲ့တဲ့ အစဉ်အလာရှိပါတယ်။ ကျွန်တော်တို့ရဲ့ ရှေ့ဆောင်လမ်းပြပုဂ္ဂိုလ်များဟာ နိုင်ငံတကာပညာရှင်များနဲ့ ပူးပေါင်းဆောင်ရွက်ရင်း မြန်မာကို ကမ္ဘာကသိရေးမှာ ဦးစွာပထမ မြန်မာတို့ကိုယ်တိုင် မြန်မာအကြောင်း ပီပီသသသိဖို့ အရေးကြီးကြောင်း သိမြင်တဲ့အတွက် မြန်မာ့ရေးရာကို စနစ်တကျလေ့လာဖို့ မြန်မာနိုင်ငံသုတေသနအသင်းဆိုတာကိုလည်း ဖွဲ့စည်းတည်ထောင်ခဲ့ကြပါတယ်။ သုတေသနအသင်းတည်ထောင်ရာမှာ ခေတ်ပညာတတ်မြန်မာများနဲ့ အင်္ဂလိပ်စာပေပညာရှင်များ၊ အင်္ဂလိပ်အရာရှိများ ပူးပေါင်းဆောင်ရွက်ခဲ့ကြပါတယ်။ ဒ့ါအပြင် ဂျာမန်၊ ပြင်သစ်စတဲ့ ဥရောပ ပညာရှင်များလည်း ပါဝင်ခဲ့ကြပါတယ်။

### စာပေဖွံ့ဖြိုးတိုးတက်ခဲ့

ဒါတွေကို ပြောခြင်းက ကျွန်တော်တို့သည် တစ်ချိန်သောအခါက နိုင်ငံတကာ စာပေပညာရှင်များနဲ့ ပူးပေါင်းဆောင်ရွက်တဲ့ အစဉ်အလာများရှိခဲ့တယ်။ အဲဒီလို ပူးပေါင်းဆောင်ရွက်ခြင်းကြောင့်လည်း ကျွန်တော်တို့ စာပေဖွံ့ဖြိုးတိုးတက်ခဲ့တယ်။ မြန်မာအကြောင်း ကမ္ဘာကသိအောင် တင်ပြနိုင်သလို ကမ္ဘာ့အကြောင်း၊ ကမ္ဘာ့အရေးများအကြောင်း မြန်မာတို့သိအောင် အများကြီးဆောင်ရွက်နိုင်ခဲ့တယ်ဆိုတာ ပြောလိုခြင်းဖြစ်ပါတယ်။

ကျွန်တော်စောစောကပြောခဲ့တဲ့ မြန်မာတွေမလွတ်လပ်သော နှစ်ကာလများအတွင်းမှာတော့ မြန်မာစာရေးဆရာများသည် စာဆိုတော်ရာသီမှာ စာပေဟောပြောပွဲများ ကျင်းပတဲ့အစဉ်အလာကို ထိန်းသိမ်းနိုင်ခဲ့တာ မှန်သော်လည်း လွတ်လပ်စွာရေးသားခွင့် နည်းပါးတာကြောင့် စာပေမဖွံ့ဖြိုး၊ မရှင်သန်နိုင်ဘဲ ရှိခဲ့တယ်။ နိုင်ငံတကာ စာပေသမားများနဲ့ ပူးပေါင်းဆောင်ရွက်နိုင်မှုသည်လည်း အလွန့်အလွန်ကို နည်းပါးသွားခဲ့တယ်။

### အခွင့်အလမ်းတစ်ရပ်

အဲဒီလို ရှိခဲ့ရာက အခု ပြန်လည်ပွင့်လင်းခါစ ကာလမှာပဲ ဧရာဝတီစာပေပွဲတော် ရောက်ရှိလာခဲ့ပါတယ်။ ဒီပွဲနဲ့အတူ မြန်မာနဲ့ နိုင်ငံတကာစာပေသမားများ ထိတွေ့ဆက်ဆံနိုင်ဖို့ အခွင့်အလမ်းတစ်ရပ် ပြန်လည်အစပြုပေါ်ပေါက်လာခဲ့တာဖြစ်ပါတယ်။ ဧရာဝတီစာပေပွဲတော်သည် ယခု စတုတ္ထအကြိမ် ရှိပြီဖြစ်ပြီး ရှေ့နှစ်များမှာလည်း ဆက်လက် တည်ရှိနေဦးမှာဖြစ်တဲ့အတွက် စာပေနယ်မှာ မြန်မာနဲ့ နိုင်ငံတကာတို့ ထိတွေ့မှုသည်လည်း ဆက်လက်ရှင်သန်သွားလိမ့်မယ်လို့ မြင်ရပါတယ်"ဟု ပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ယဉ်ကျေးမှုအမွေအနှစ်များ ရှေးဟောင်းမြို့တည်ရှိရာ မန္တလေးမြို့တွင် ဧရာဝတီစာပေပွဲတော် ကျင်းပနိုင်ခြင်းသည် ဂုဏ်ယူစရာကောင်းပါကြောင်း၊ ပုံနှိပ်စာပေများ ပျောက်ကွယ်သွားမည်ကို စိုးရိမ်မိကြောင်း၊

**စာမျက်နှာ ၉ သို့** ❋

> ### စတုတ္ထအကြိမ် ဧရာဝတီစာပေပွဲတော်သို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ထံမှ အင်္ဂလိပ်ဘာသာဖြင့် ပေးပို့သည့်သဝဏ်လွှာ
>
> **Message to the Irrawaddy Literary Festival from State Counsellor Daw Aung San Suu Kyi**
>
> The name "Irrawaddy" evokes greatness, beauty and romance for all of us in this land which has been nourished by her waters throughout the ages. The Irrawaddy Literary Festival is now into its fourth year and my best wishes for its success go out to all the organizers and participants who will be evoking the greatness, beauty and romance of literature from different lands, bringing us all closer to one another, flowing together in understanding and friendship.

❋ စာမျက်နှာ ၈ မှ

ယနေ့ကျင်းပသည့် ဧရာဝတီစာပေပွဲတော်တွင် လူငယ်မျိုးဆက်သစ်များ၏ စိတ်ဝင်စားမှုအပြည့်ရှိသည်ကို တွေ့ရသဖြင့် မြန်မာစာပေ မတိမ်ကောတော့ဘူးဟု ယုံကြည်ပါကြောင်း၊ ထိုသို့မတိမ်ကောအောင် အားလုံးပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သလို စာပေမြှင့်တင်ရေးလုပ်ငန်းတွေကိုလည်း အားပေးဆောင်ရွက်နေပါကြောင်း။

**ဝိုင်းဝန်းကာကွယ်စောင့်ရှောက်**

ဧရာဝတီမြစ်ကြီးမပျောက်ပျက်အောင် စောင့်ရှောက်နေသလို မိမိတို့၏ မြန်မာစာပေကို စာဖတ်ပရိသတ်များ၊ စာချစ်သူများ၊ စာပေပညာရှင်များက မိမိတို့အစိုးရနှင့်အတူ ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ကြပါစို့”ဟု ပြောကြားသည်။

ထို့နောက် မန္တလေးမြို့ခံ စာရေးဆရာ ညီစေမင်းက “တစ်ချိန်က ကမ္ဘာနဲ့ နိုင်ငံတကာဆက်ဆံဖို့ဆိုတာ အလွန်ဝေးကွာခဲ့တယ်။ အခုကမ္ဘာကို မြန်မာက သိပြီး မြန်မာကို ကမ္ဘာကသိအောင် ဆောင်ရွက်ပေးတဲ့ ဒီပွဲတော်ကြီး အခွန့်ရှည်တည်တံ့ဖို့ကြိုးစားရမှာဖြစ်ပါတယ်”ဟု ပြောကြားခဲ့သည်။

ထို့နောက် စာရေးဆရာ ဒေါက်တာအောင်မြင့်က ပွဲတော်ကျင်းပခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

**ဧရာဝတီဟူသည်**

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ထံမှ အင်္ဂလိပ်ဘာသာဖြင့် ပေးပို့သည့်သဝဏ်လွှာကို ဆရာဦးနေအုပ်က ဖတ်ကြားသည်။ အဆိုပါသဝဏ်လွှာကို ဆရာဦးနေအုပ်က မြန်မာပြန်ဆိုရာတွင် ဧရာဝတီဟူသောအမည်သည် ကျွန်ုပ်တို့ မြန်မာလူမျိုးများအတွက် ကြီးမားတင့်တယ်ခြင်း၊ လှပတင့်တယ်ခြင်းနှင့် စိတ်ကူးယဉ်ထက်သန်ခြင်းများကို နှိုးဆွပေးသွားမည်ဖြစ်ပါသည်။ ဧရာဝတီသည် သူ၏တန်ဖိုးမဖြတ်နိုင်သောရေများဖြင့် မြန်မာနိုင်ငံကို အာဟာရတိုက်ကျွေးခဲ့သည်မှာလည်း နှစ်ပေါင်းများစွာကြာရှည်ခဲ့ပြီး ဧရာဝတီစာပေပွဲတော်ကြီးသည် လေးကြိမ်မြောက်ခဲ့ပါသည်။ ကျွန်မအနေဖြင့် ပွဲစီစဉ်ပေးသူများနှင့် ပါဝင်ကူညီပေးခဲ့သူများအားလုံးကို အောင်မြင်ပါစေကြောင်း ဆုတောင်းရင်းနှင့် နိုင်ငံရပ်ခြားမှ လာရောက်ကြသော စာပေပညာရှင်များနှင့် မြန်မာစာပေပညာရှင်များကို စာပေနှင့်ဆိုင်သော ထက်မြက်ခြင်း၊ လှပတင့်တယ်ခြင်း၊ စိတ်ကူးထက်သန်ခြင်းများတိုးပွားပြီး အပြန်အလှန်နားလည်မှုများရှိကြစေရန်နှင့် ချစ်ခင်မှုရေစီးကြောင်းတွင် အတူတကွစီးနင်း၍ ပိုမိုရင်းနှီးနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်ဟု ဖော်ပြထားသည်။

**ဘာသာပေါင်းစုံပါဝင်**

ဧရာဝတီစာပေပွဲတော် ကျင်းပရေးအတွက် အင်္ဂလန်နိုင်ငံတွင် တရားဝင်မှတ်ပုံတင်ထားသည့် ဧရာဝတီစာပေပွဲတော် Charitable Trust အဖွဲ့မှ တာဝန်ယူဆောင်ရွက်ပြီး မြန်မာနိုင်ငံဘက်မှ လိုအပ်သည်များကို ဦးနေအုပ်၊ ဒေါက်တာခင်မောင်ညိုနှင့် ဒေါက်တာအောင်မြင့်တို့က ပူးပေါင်းကူညီဆောင်ရွက်ပေးကြောင်း သိရသည်။

အဆိုပါပွဲတော်တွင် နိုင်ငံတကာစာပေပညာရှင် ၃၀၊ ရန်ကုန်မြို့မှ စာရေးဆရာ ၅၈ ဦးနှင့် မန္တလေးမြို့ခံ စာရေးဆရာ ၅၉ ဦး၊ စုစုပေါင်း ၁၄၇ ဦးတို့က ဘာသာရပ်ပေါင်းစုံပါဝင်သည့် စာတမ်းများဖတ်ကြားမည်ဖြစ်သည်။ ဧရာဝတီစာပေပွဲတော်ကျင်းပရာ ဟိုတယ်ပထမထပ်တွင် စာတမ်းဖတ်ပွဲ၊ နိုင်ငံတကာမှ စာပေပညာရှင်များနှင့် စာပေဆွေးနွေးခန်း၊ ပန်းချီရေးဆွဲခန်း၊ စာပေဟောပြောခန်းများပါဝင်ပြီး ဟိုတယ်ကွင်းပြင်တွင် စာအုပ်အရောင်းဆိုင်များ၊ ကာတွန်းပြပွဲများ၊ ကဗျာရွတ်ပွဲ၊ ရုပ်သေးဖျော်ဖြေပွဲ၊ မည်သူမဆို ပါဝင်ဆွေးနွေးနိုင်သည့် Speaker Corner နှင့် စာပေရေးရာဆွေးနွေးသည့် Conference Center တို့ပါဝင်ပြီး ပွဲတော်ကို နိုဝင်ဘာ ၃ ရက်မှ ၅ ရက်ထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



# မန္တလေးမြို့ရှိ စေတီပုထိုးများ၌ ကုသိုလ်ပြုသူများဖြင့် စည်ကား

**မန္တလေး နိုဝင်ဘာ ၃**

ယနေ့သည် တန်ဆောင်မုန်းလပြည့်နေ့ (သာမညဖလအခါတော်နေ့)ဖြစ်သည့်အတွက် မြန်မာနိုင်ငံရှိ ဗုဒ္ဓဘာသာဝင်တို့က တန်ဆောင်မုန်းလပြည့်နေ့တွင် တန်ဆောင်မုန်းလပြည့်အခမ်းအနားကို ရှေးထုံးတမ်းစဉ်လာမပျက် ကျင်းပခဲ့ကြသည်။ မန္တလေးတိုင်းဒေသကြီးအတွင်း၌ ယနေ့နံနက် အရုဏ်တက်ချိန်မှစ၍ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အမြို့မြို့အနယ်နယ်မှ ဘုရား ပုထိုး စေတီတော်များနှင့် ဓမ္မာရုံများ၌ တန်ဆောင်တိုင်မီးထွန်းပွဲတော်၊ မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲ၊ ရွှေကြာသင်္ကန်းရက်လုပ်ပူဇော်ပွဲနှင့် ဘုန်းတော်ကြီးကျောင်းများနှင့် ဘာသာရေးဆိုင်ရာဌာနအသီးသီးတို့တွင် ကုသိုလ်ဒါနပြုခြင်းများ၊ ဆီမီးထွန်းပူဇော်ပွဲများ၊ ကထိန်သင်္ကန်းကပ်လှူခြင်းများကို အစဉ်အလာမပျက် ကျင်းပလျက်ရှိရာ အထူးစည်ကားလျက်ရှိပြီး ကထိန်ပွဲတော်များကို မန္တလေးမြို့တစ်ခွင် ခြိမ့်ခြိမ့်သဲ ကျင်းပလျက်ရှိကြသည်။ ရှေးဦးစွာ ယနေ့နံနက် ၄ နာရီတွင် မန္တလေးမြို့၏ အထင်ကရတန်ခိုးကြီးဘုရားတစ်ဆူဖြစ်သည့် မဟာမုနိရုပ်ရှင်တော်မြတ်အား ရေတော်ဆရာတော် ဘဒ္ဒန္တဥက္ကဋ္ဌ အမှူးပြု၍ မျက်နှာသစ်တော်အဖွဲ့က မျက်နှာသစ်တော်မူပြီး ရွှေသင်္ကန်းကပ်လှူကာ ဆွမ်း၊ ရေချမ်းကပ်လှူပူဇော်ကြသည်။ ရဟန်းရှင်လူပြည်သူများကလည်း မဟာမုနိရုပ်ရှင်တော်မြတ်အား ရွှေသင်္ကန်းများကပ်လှူခြင်း၊ ဆွမ်း၊ ရေချမ်း၊ ပန်းကပ်လှူခြင်း၊ ဆီမီးပူဇော်ခြင်း၊ ဝတ်အသင်းအဖွဲ့များက ပဋ္ဌာန်းဒေသနာတော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ တရားဘာဝနာ အားထုတ်ကြသူများ၊ ဘုရားဖူးလာပြည်သူများဖြင့် ကြိတ်ကြိတ်တိုးစည်ကားလျက်ရှိသည်ကို တွေ့ရသည်။

ဆက်လက်၍ တန်ဆောင်မုန်းလပြည့် နံနက် ၆နာရီတွင် မဟာမုနိဂေါပကအဖွဲ့ကကြီးမှူး၍ ဗုဒ္ဓရှင်တော်မြတ်လက်ထက် မိထွေးတော် ဂေါတမီအား အကြောင်းပြု၍ ခွင့်ပြုတော်မူခဲ့သော ရှေးဟောင်းအမွေအနှစ်ကာလဒါနကို ထုတ်ဖော်ခြင်း၊ ကျေးလက်အနုပညာကို ပြသဖော်ထုတ်ခြင်းစသည့် ရည်ရွယ်ချက်တို့ဖြင့် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား (၂၈)ကြိမ်မြောက် မသိုးမြတ်သင်္ကန်းတော် ရက်လုပ်ပူဇော်ပွဲကျင်းပရာသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့်ဇနီး ဒေါက်တာ ယုယုမေနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ အဖွဲ့အစည်းဝင်များနှင့် ၎င်းတို၏ဇနီးများ၊ အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးတွင် ပူဇော်မည့် တဘက်တော်နှင့် မသိုးသင်္ကန်းတော်မြတ်ကို စက်ချုပ်အဖွဲ့နှင့် တဘက်ပညာရှင်များက ဝန်ကြီးချုပ်နှင့်အဖွဲ့ထံ ပေးအပ်ကြသည်။

ထို့နောက် မဟာမုနိရုပ်ရှင်တော်မြတ်အား ရေတော်ဆရာတော် ဘဒ္ဒန္တဥက္ကဋ္ဌအမှူးပြု၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက တဘက်တော်ကိုလည်းကောင်း၊ သင်းပိုင်သင်္ကန်းတော်ကို ဝန်ကြီးချုပ်၏ ဇနီးနှင့် တာဝန်ရှိသူများက လည်းကောင်း၊ ဧကသီသင်္ကန်းတော်ကို မဟာမုနိဂေါပကအဖွဲ့ ဗုဒ္ဓဝေယျာဝစ္စအဖွဲ့၊ ရက်ကန်းနှင့် စက်ချုပ်ပညာရှင်များ၊ နိဗန္ဓဝတ်အသင်း၊ မဟာမုနိဝန်ထမ်းများ လူမှုရေးအဖွဲ့၊ ဓမ္မစကြာဝတ်အသင်းများက ကိုင်ဆောင်၍ မဟာမုနိရုပ်ရှင်တော်မြတ်အား လက်ယာရစ်သုံးပတ်လှည့်လည်ပူဇော်ကြကာ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ရေတော်ဆရာတော်အမှူးပြုသော တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မသိုးမြတ်သင်္ကန်းတော်ကို လွှမ်းခြုံပူဇော်ကန်တော့ကြသည်။ ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က နေ့ချင်းပြီး လုပ်အားဒါနပြု ရက်လုပ်ခဲ့ကြသော ရေကြည်ပေါက်ကျေးရွာ၊ အုန်းတောကျေးရွာ၊ အင်းလေးဒေသရက်ကန်းပညာရှင်များအဖွဲ့နှင့် ကိုးလုံးတကာစက်ချုပ်ပညာရှင်များ၊ ဗုဒ္ဓဝေယျာဝစ္စအဖွဲ့တို့အား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့အတူ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး ပရိဝုဏ်အတွင်းရှိ ရှင်မာလဲဘုရား၏ ကြာပန်းပစ်ပွဲတော်ကိုလည်း တန်ဆောင်မုန်းလပြည့်နေ့တွင် မသိုးမြတ်သင်္ကန်းတော် ရက်လုပ်လှူဒါန်းပူဇော်ပွဲနှင့်တစ်ပြိုင်တည်း ကျင်းပခဲ့သည်။ လပြည့်နေ့အရုဏ်ဦးအချိန်၌ ပင့်သံဃာတော်များအား ဆွမ်း၊ ဆွမ်းဟင်းများ၊ လှူဖွယ်ပစ္စည်းဆက်ကပ်လောင်းလှူခြင်းများနှင့် အဖိတ်နေ့၌ ဘုရားဆွမ်းတော်ကြီးပေးပို့ကြသော မိတ်ဆွေသင်္ဂဟများကို နှစ်စဉ်အလှူရှင် ဆင်စွယ်ပန်းပုနှင့် နံ့သာဖြူမြန်မာ့လက်မှုလုပ်ငန်းရှင်မိသားစုတို့က အုန်းထမင်းဖြင့် ဧည့်ခံကျွေးမွေးပြီး ဘုရားဖူးလာသူများအား ရွှေအလင်္ကာတေးဂီတအဖွဲ့က ဧည့်ခံဖျော်ဖြေတင်ဆက်ကြရာ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ယနေ့မွန်းလွဲ ၁ နာရီတွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ မိုးပေါ်ကျ ဘုံကထိန်အလှူတော် မင်္ဂလာအခမ်းအနားကို မဟာအတုလဝေယံ အတုမရှိကျောင်းတော်ကြီး၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး ဦးဆောင်၍ တာဝန်ရှိသူများ၊ အလှူရှင်များက တိုင်းဒေသကြီး သံဃဆရာတော် ဘဒ္ဒန္တ ကာရုညထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များ ချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြကာ ကထိန်ခံကျောင်း ၂၉ ကျောင်းတို့မှ ဆရာတော်ကြီးများအား ကထိန်လျာ ဒုကုဋ်သင်္ကန်း ဆက်ကပ်လှူဒါန်းသည်။ ပင့်သံဃာ ဆရာတော်ကြီး သုံးပါးအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း၊ တန်ဆောင်မုန်းလပြည့် ညပိုင်းတွင် မန္တလေးတောင် ဆုတောင်းပြည့်ဘုရား၊ မဟာလောကရန်နိုင် အောင်တော်မူ ဆုတောင်းပြည့်ဘုရား၊ ရွှေကျီးမြင့်ဘုရား၊ ဘုရားနဘုရား၊ ဆုတောင်းရဘုရား၊ ဆုတောင်းပြည့်ဘုရား၊ ချမ်းသာရဘုရား၊ စွယ်တော်မြတ်စေတီတော် (မန္တလေး)၊ နန်းမြို့ဆုတောင်းပြည့်ဘုရား၊ တန်ခိုးကြီး ဘုရားစေတီတော်တို့တွင် ရွှေသင်္ကန်းများ၊ ပန်း၊ ရေချမ်း၊ သစ်သီး၊ ဆွမ်းတော်များ ဆက်ကပ်လှူဒါန်း၍ ဆီမီး ၉၀၀၀ ပူဇော်ခြင်းများ၊ တရားဘာဝနာပွားများကြသူများ၊ ဝတ်အသင်းအဖွဲ့များ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများနှင့် အသင်းအဖွဲ့များ၊ အလှူရှင်များက စတုဒိသာ မုန့်လုံးရေပေါ်၊ မဲဇလီဖူးသုပ်နှင့် ကြာဆံဟင်းများ၊ ကျွေးမွေးကုသိုလ်ပြုကြသူများဖြင့် အထူးစည်ကားလှသည်။ ထို့ပြင် မြန်မာနိုင်ငံ၏ မန္တလေး-ရန်ကုန် အမြန်လမ်းမကြီး မိုင်တိုင်အမှတ်(၃၆၁)အနောက်ဘက်ရှိ အဖိုးတန်ကျောက်စိမ်းတုံးများဖြင့် တည်ထားသည့် ဝေရောစန ကျောက်စိမ်းစေတီတော်မြတ်ကြီး၌ ဘုရားဖူးပြည်သူများဖြင့် တိုးမပေါက်အောင် စည်ကားလှကြောင်း သိရသည်။

**တင်မောင် (မန်းကိုယ်ပွား)**

# ရွှေမုဋ္ဌောမဟာစေတီတန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲကျင်းပ

**ပုသိမ် နိုဝင်ဘာ ၃**

ပုသိမ်မြို့ သမိုင်းဝင်ရွှေမုဋ္ဌော မဟာစေတီတော်ကြီး၏ အကြိမ်(၃၀)မြောက် တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲ ဖွင့်ပွဲကို နိုဝင်ဘာ ၂ ရက် ညနေ ၅ နာရီခွဲတွင် ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမန်းဂျော်နီနှင့်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးသန်းထွန်း၊ စည်ပင်သာယာရေးဝန်ကြီး ဦးကျော်မြင့်နှင့် စေတီတော် ဂေါပကအလှည့်ကျသဘာပတိ ဦးတင်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထိုစဉ် မင်္ဂလာစည်တော်ကြီးအဖွဲ့က အခါတော်ပေး စည်တော်ယွန်းလိုက်သည်နှင့် ပုသိမ်မြို့ပေါ်ရှိ မြန်မာ့ရိုးရာလက်ရက်ကန်းခတ် အမျိုးသမီးလေးများက နှင်းဆီ၊ စံပယ်၊ အင်ကြင်း၊ ဒေါနု၊ သရဖီ၊ ကံ့ကော်၊ ပိတောက်၊ စကားဝါ၊ ဇလပ်၊ ခတ္တာအမည်ရှိ ရက်ကန်းစင် ၁၀ စင်က အပြိုင် ရက်ခတ်ကြသည်။

သန်းခေါင်ယံအချိန်တွင် လက်ရက်ကန်းခတ် ပြီးစီးသော ဖျင်စများကို အိမ်တွင်းမှုကျောင်းသူလေး များက ရွှေကြာသင်္ကန်းအကွက်ဖော် စက်ချုပ်ပညာ ယှဉ်ပြိုင်ခဲ့ကြ၏။ တန်ဆောင်မုန်းလပြည့် အရုဏ်တက် နံနက် ၄ နာရီခွဲတွင် အသင့်စီစဉ်ပြီးသော မသိုးသင်္ကန်းတော်များကို စေတီတော်ရင်ပြင် တန်ဆောင်းများရှိ ဗုဒ္ဓရုပ်ပွားတော် အဆူ ၁၀၀ အား ကပ်လှူ၍ ဦးမောင်ကြီးအာရုံခံတန်ဆောင်တွင် နိုင်ငံတော်သံဃမဟာနာယကက ဒုတိယဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တဝိလာသအမှူးပြုသော ဆရာတော်ကြီးများထံမှ ရေစက်ချအနုမောဒနာပြု တရားတော် နာယူခဲ့ကြသည်။

**ပုသိမ်လှကြည်**



# သီပေါတွင် ဇီဝိတဒါန အခမဲ့ဆေးဝါးကုသပေး

**သီပေါ နိုဝင်ဘာ ၃**

သီပေါမြို့ ဇာတ်စုရပ်ကွက်ဓမ္မာရုံ၌ ယနေ့ (တန်ဆောင်မုန်းလပြည့်နေ့) မွန်းတည့် ၁၂ နာရီမှ ညနေပိုင်းအထိ အထွေထွေရောဂါဝေဒနာရှင် ၈၆ ဦးအား ဆရာဝန်များ၊ သူနာပြုများက ပရဟိတအသင်းများ၊ ဆေးဝါးအလှူရှင်များနှင့်ပူးပေါင်း၍ ဇီဝိတဒါန အခမဲ့ ဆေးကုသပေးကြသည်။

လာရောက်ပြသကြသည့်လူနာများအား ဆရာဝန်ကြီး ဒေါက်တာနန္ဒဝင်း ဦးဆောင်သော ဒေါက်တာစိုးထွဋ်ဦး၊ သွားဆရာဝန် ဒေါက်တာသက်ထွန်းအောင်၊ ဒေါက်တာအောင်ကိုဦးနှင့် သူနာပြုများက လက်ခံစမ်းသပ်စစ်ဆေးပေးကြသည်။ ထို့နောက် ရောဂါဝေဒနာအလိုက် ဆေးထိုးပေးခြင်း၊ ၁၅ ရက်စာဆေးပေးခြင်းနှင့် သွားဝေဒနာရှင်များအတွက် သွားတိုက်ဆေးနှင့် သွားတိုက်တံများ လှူဒါန်းပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါဇီဝိတဒါန အခမဲ့ဆေးကုသပေးရာသို့ သက်ကြီးရွယ်အိုလူနာများနှင့် သက်ကြီးသီလရှင်များအား ပရဟိတအသင်းများက မော်တော်ယာဉ်များဖြင့် ကြို/ပို့လုပ်ဆောင်ပေးပြီး နယ်စည်းမခြားပရဟိတအသင်း မိသားစုကလည်း ပဲနို့၊ သောက်ရေသန့်တို့ဖြင့် ကုသိုလ်ယူဒါနပြုကြကြောင်း သိရသည်။

**သီပေါကိုလတ်**

သစ်တောနဲ့သစ်ပင်
ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကို နှစ်စဉ်စိုက်
ရွှေတိုက်ကိုစိုး

# ရခိုင်ပြည်နယ်သတင်း

## ပုဏ္ဏားကျွန်း-ရသေ့တောင်-ဘူးသီးတောင်-မောင်တော ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းများ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၃**

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်သည် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်နှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပုဏ္ဏားကျွန်း-ရသေ့တောင်-ဘူးသီးတောင်-မောင်တော ၆၆ ကေဗွီ ဓာတ်အားလိုင်း ၆၅ ဒသမ ၁ မိုင်နှင့် ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တောမြို့များတွင် ၆၆/၁၁ ကေဗွီ၊ ၁၀ အမ်ဗွီအေ ဓာတ်အားခွဲရုံများ တည်ဆောက်ကာ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေး စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့သည် ၂၃၀ ကေဗွီပုဏ္ဏားကျွန်း ပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိရာ ရှင်းလင်းဆောင်တွင် စီမံကိန်းညွှန်ကြားရေးမှူး (မြောက်ပိုင်း) ဦးမင်းနိုင်က စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့သည် ၂၃၀ ကေဗွီ ပုဏ္ဏားကျွန်း ပင်မဓာတ်အားခွဲရုံ ဆွစ်ယာဒ်အတွင်း လှည့်လည်ကြည့်ရှုသည်။

ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ဖွံ့ဖြိုးမှုနည်းပါးသော ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တောဒေသများသို့ ၂၄ နာရီ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်အတွက် နိုင်ငံတော်ဓာတ်အားစနစ်ရောက်ရှိနေပြီဖြစ်သော ၂၃၀ ကေဗွီပုဏ္ဏားကျွန်းဓာတ်အားခွဲရုံမှတစ်ဆင့် ပုဏ္ဏားကျွန်း-ရသေ့တောင်-ဘူးသီးတောင်-မောင်တော ၆၆ ကေဗွီ ဓာတ်အားလိုင်း ၆၅ ဒသမ ၁ မိုင်နှင့် ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တောမြို့များတွင် ၆၆/၁၁ ကေဗွီ၊ ၁၀ အမ်ဗွီအေ ဓာတ်အားခွဲရုံများ တည်ဆောက်ကာ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးဆောင်ရွက်လျက်ရှိရာ ယင်းစီမံကိန်းလုပ်ငန်းများကို စက်တင်ဘာလမှစတင်၍ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်ပြီး ၂၀၁၈ ခုနှစ် မတ်လတွင် ရသေ့တောင်မြို့နယ်အားလည်းကောင်း၊ ၂၀၁၈ ခုနှစ် ဇွန်လတွင် ဘူးသီးတောင်မြို့နယ်အား လည်းကောင်း၊ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် မောင်တောမြို့နယ်အား လည်းကောင်း ဓာတ်အားဖြန့်ဖြူးနိုင်ရေးအတွက် ဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံများ တည်ဆောက်ရေးလုပ်ငန်းပြီးစီးအောင် ဆောင်ရွက်လျက်ရှိပြီး စီမံကိန်းတစ်ခုလုံးအတွက် ကုန်ကျစရိတ် စုစုပေါင်းကျပ် ၃၀ ဘီလီယံခန့် ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**





## မောင်တောမြို့နယ် ကျောင်းတောင်ကျေးရွာအုပ်စုရှိ ရင့်မှည့်မိုးစပါးများ ရိတ်သိမ်းခြွေလှေ့စက် ရှစ်စီးဖြင့် ဆက်လက်ရိတ်သိမ်း

**မောင်တော နိုဝင်ဘာ ၃**

မောင်တောမြို့နယ် ကျောင်းတောင်ကျေးရွာအုပ်စုရှိ ရင့်မှည့်မိုးစပါးဧက ၅၀၀ ကျော်ကို ယနေ့နံနက်တွင် စက်မှုလယ်ယာက ကူဘိုတာ ရိတ်သိမ်းခြွေလှေ့စက် ရှစ်စီးဖြင့် ဆက်လက်ရိတ်သိမ်းသည်။

အဆိုပါ ရင့်မှည့်မိုးစပါးရိတ်သိမ်းမှုများကို စက်မှုလယ်ယာဦးစီးဌာနရုံးချုပ်မှ ဦးစီးအရာရှိ ဦးခင်ဇော်အုန်း ဦးဆောင်သော မြင်းလွတ်ရှေ့တန်းစခန်းနယ်မြေမှ ဝန်ထမ်းအင်အား ၂၂ ဦးတို့က ကူဘိုတာ ရိတ်သိမ်းခြွေလှေ့စက်ကြီးရှစ်စီးဖြင့် တာဝန်ယူရိတ်သိမ်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ကန်ပုကျေးရွာအုပ်စုမှာ အောက်တိုဘာ ၂၉ ရက်ကစတင်ပြီး ကူဘိုတာရိတ်သိမ်းခြွေလှေ့စက် ခြောက်စီးနဲ့ စတင်ရိတ်သိမ်းပေးနေတာ နိုဝင်ဘာ ၄ ရက်ဆိုပြီးပါပြီ၊ အခု ကျောင်းတောင်ကျေးရွာ အုပ်စုမှာတော့ ကူဘိုတာရိတ်သိမ်းခြွေလှေ့စက် ရှစ်စီးနဲ့ ရိတ်သိမ်းနေတာဖြစ်ပါတယ်၊ နိုဝင်ဘာ ၅ ရက်မှာ ပြီးစီးမယ်လို့ ခန့်မှန်းထားပါတယ်၊ ဒီကျေးရွာအုပ်စုပြီးရင်တော့ သပြေတောကျေးရွာအုပ်စုက ရင့်မှည့်မိုးစပါးဧက ၄၁၀နဲ့ မြင်းလွတ်ကျေးရွာအုပ်စုက ရင့်မှည့်မိုးစပါးဧက ၂၀၀၀ ကျော်ကို ဆက်လက်ရိတ်သိမ်းသွားမှာ ဖြစ်ပါတယ်"ဟု မောင်တောမြို့နယ် မိုးစပါးရိတ်သိမ်းခြွေလှေ့ရေး တာဝန်ခံ စက်မှုလယ်ယာဦးစီးဌာနမှ ဦးစီးအရာရှိ ဦးခင်ဇော်အုန်းက ပြောသည်။

ထိုသို့ ရင့်မှည့်မိုးစပါးများ ရိတ်သိမ်းခြွေလှေ့ရာသို့ စိုက်ပျိုးရေးဦးစီးဌာနနှင့် မြေစာရင်းဦးစီးဌာနတို့မှ ဝန်ထမ်းများကလည်း ကဏ္ဍအလိုက်ပူးပေါင်းပါဝင် ဆောင်ရွက်ပေးလျက်ရှိကြသည်။ ထို့ပြင် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့်လည်း ခရိုင်နှင့် မြို့နယ်များမှ စိုက်ပျိုးရေးဝန်ထမ်းများကို ထပ်မံအားဖြည့်ထားကြောင်း သိရသည်။

"ကျွန်တော်တို့ စိုက်ပျိုးရေးဦးစီးဌာနက ရိတ်သိမ်းပြီး မိုးစပါးတွေကို လက်ခံမယ်၊ ပြီးတော့ စပါးတွေကို သန့်စင်ပေးမယ်၊ ပြီးရင် စပါးအစိုဓာတ် ၁၃ ရာခိုင်နှုန်း ရရှိအောင် နေလှန်းအခြောက်ပေးပြီး ထုပ်ပိုးမယ်၊ ပြီးရင် သတ်မှတ် သိုလှောင်ရုံ အမိုးအကာအောက်ကို ပို့ဆောင်မယ်"ဟု မောင်တောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးစိုးမောင်က ပြောသည်။

မြေစာရင်းဦးစီးဌာနကလည်း ရိတ်သိမ်းရမည့် မိုးစပါးဧက စာရင်းကိန်းဂဏန်းများ မှန်ကန်ရေး၊ တောင်သူတစ်ဦးချင်း၏ ထွက်ရှိစပါးတင်းအရေအတွက်များ မှန်ကန်ရေးတို့ကို ပံ့ပိုးကူညီ ဆောင်ရွက်ပေးလျက်ရှိသည်။

မောင်တောမြို့နယ်တွင် မိုးစပါးဧက ၇၁၅၅၂ ဧက စိုက်ပျိုးထားသည့်အနက် အချိန်မီ ရိတ်သိမ်းရမည့် ရင့်မှည့်မိုးစပါး ဧက ၄၀၀၀၀ ကျော်ရှိကြောင်း သိရသည်။

အဆိုပါ ရိတ်သိမ်းပေးရမည့် ရင့်မှည့်မိုးစပါးများကို စက်မှုလယ်ယာဦးစီးဌာနက ကူဘိုတာ ရိတ်သိမ်းခြွေလှေ့စက်များဖြင့် ပံ့ပိုးကူညီရိတ်သိမ်းပေးလျက်ရှိသကဲ့သို့ အချို့ကျေးရွာများတွင် လက်တွန်းထွန်စက်များကို စက်မှုလယ်ယာဦးစီးဌာနက ဖြန့်ဝေပေးအပ်ထားပြီး ကိုင်တွယ်အသုံးပြုနည်းများကို လေ့ကျင့်သင်ကြားပေးထားရာ တောင်သူများ ကိုယ်တိုင် ၎င်းတို့၏ အစီအစဉ်ဖြင့် ရိတ်သိမ်းလျက်ရှိကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ - ဟန်လင်းနိုင်**

## ကျီးကန်းပြင် နယ်ခြားစောင့်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ရွေ့လျားဆေးကုသရေးအဖွဲ့က အခမဲ့ဆေးဝါးကုသပေး

**မောင်တော နိုဝင်ဘာ ၃**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ကျီးကန်းပြင်ကျေးရွာရှိ နယ်ခြားစောင့်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား မောင်တောမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဦးဆောင်သော ရွေ့လျားဆေးကုသရေးအဖွဲ့က အခမဲ့ ဆေးဝါးကုသပေးသည်။



"ကျွန်တော်တို့ ရွေ့လျားဆေးကုသရေးအဖွဲ့ရဲ့ ပုံမှန်ဆေးကုသတဲ့ခရီးစဉ်ဖြစ်ပါတယ်၊ ကျီးကန်းပြင်ဌာနချုပ်ကို အခမဲ့ဆေးဝါးကုသပေးတာ သုံးကြိမ်ရှိပါပြီ၊ ဒီမှာရှိတဲ့ ရဲတပ်ဖွဲ့ဝင်တွေနဲ့ မိသားစုဝင်တွေကို ကျန်းမာရေး စစ်ဆေးကုသပေးတာဖြစ်ပါတယ်၊ အခြားဒေသတွေဖြစ်တဲ့ မောင်တောမြို့မြောက်ပိုင်းနဲ့ တောင်ပိုင်းတွေကိုလည်း လှည့်လည် ကုသပေးလျက်ရှိပါတယ်၊ တိုင်းရင်းသားကျေးရွာတွေကို သွားရောက်ကုသတဲ့အခါ ရောဂါကြီးကြီးမားမား မတွေ့ရပါဘူး၊ ဒါပေမယ့် ဒေသခံတိုင်းရင်းသားတွေကြားမှာ ကျန်းမာရေးနဲ့ပတ်သက်တဲ့ ဗဟုသုတနည်းပါးတာကို တွေ့ရပါတယ်၊ ဒီလိုမျိုးတွေ့ရတဲ့အခါမှာ ကျန်းမာရေးဝန်ထမ်းတွေအနေနဲ့ နေ့စဉ်နေထိုင်စားသောက်ပုံတွေ၊ ရောဂါတစ်ခုခုဖြစ်ရင် ဆရာဝန်ဆီ အချိန်မီသွားရောက်ကုသဖို့နဲ့ လက်ဆေးတာကအစ နားလည်အောင် ရှင်းပြရပါတယ်"ဟု မောင်တောမြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ ကျော်မောင်မောင်သိန်းက ပြောသည်။

မောင်တောမြို့ ရွေ့လျားဆေးကုသရေးအဖွဲ့သည် ကျေးရွာများသို့ ကွင်းဆင်း၍ ကျန်းမာရေးစောင့်ရှောက်မှု အသိပညာဗဟုသုတများ ဖြန့်ဝေပေးခြင်းနှင့် အခမဲ့ဆေးဝါးကုသပေးမှုများကို ဆောင်ရွက်လျက်ရှိသည့်အပြင် ကွင်းဆင်းဒေသများ၌ ဆေးရုံတက်ရောက်၍ ဆေးဝါးကုသမှုခံယူရန် လိုအပ်သည့် လူနာများတွေ့ရှိပါက မောင်တော၊ ဘူးသီးတောင်နှင့် စစ်တွေမြို့တို့ရှိ ဆေးရုံကြီးများသို့ ပို့ဆောင်ကုသပေးလျက်ရှိသည်။

"ကျွန်မသားလေး အာရုံကြောအားနည်းတဲ့ ရောဂါဖြစ်နေလို့ လာပြတာပါ၊ သားလေးရောဂါကို ပျောက်ကင်းအောင် ကုသနိုင်တယ်လို့ ဆရာဝန်ကြီးတွေက ပြောတော့ အတိုင်းမသိ ဝမ်းသာရပါတယ်၊ ကိုယ့်အနေနဲ့ဆို ဘယ်လိုလုပ်ကုသနိုင်မလဲ၊ သားလေးခံစားနေရတဲ့ ရောဂါကို ပျောက်ကင်းအောင် ဆေးရုံကြီးတွေမှာ သွားကုဖို့ ဆရာဝန်ကြီးတွေက ပြောပါတယ်၊ သွားကုသဖို့လည်း ကူညီကြပါတယ်၊ အခုလည်း လိုအပ်တဲ့စမ်းသပ်စစ်ဆေးမှုတွေ လုပ်ပေးပါတယ်၊ ဆရာဝန်ကြီးတွေကို အများကြီးကျေးဇူးတင်ပါတယ်"ဟု ဒေါ်ယဉ်ယဉ်ဆွေက သားလေး မောင်ကောင်းထက်နိုင် ရောဂါခံစားနေရမှုနှင့်ပတ်သက်ပြီး ၎င်း၏ ခံစားချက်ကို ပြောသည်။

ယခုရွေ့လျားဆေးကုသရေးအဖွဲ့တွင် မောင်တောမြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ ကျော်မောင်မောင်သိန်း၊ မကွေးဆေးတက္ကသိုလ်မှ ကလေးအထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာ လှဝင်းမြင့်၊ မကွေးဆေးတက္ကသိုလ် ရောဂါဗေဒဌာနမှ ကထိက ဒေါက်တာ နုသဇင်ဝင်း၊ ကထိက ဒေါက်တာညီညီဝေယံဇော်၊ လက်ထောက်ကထိက ဒေါက်တာနှင်းဝင့်ဝင့်ဆွေတို့ အပါအဝင် ကျန်းမာရေးဝန်ထမ်း ၂၀ ကျော်တို့သည် ကျီးကန်းပြင်ကျေးရွာမှ ဒေသခံတိုင်းရင်းသားများအား အခမဲ့ ဆေးဝါးကုသပေးခဲ့ကြောင်းနှင့် နိုဝင်ဘာ ၄ ရက်တွင် ပန်းတောပြင်ကျေးရွာသို့ သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှု အသိပညာဗဟုသုတများဖြန့်ဝေပေးပြီး အခမဲ့ ဆေးဝါးကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ - အောင်ကျော်ဦး**

# ရခိုင်ပြည်နယ်သတင်း


**ဘင်္ဂလားပင်လယ်အော် အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**မြန်မာ့ပင်လယ်ပြင် အခြေအနေ**

လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်တွင် လေးပေမှခြောက်ပေခန့် ရှိနိုင်သည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

တနင်္သာရီတိုင်းဒေသကြီးတွင် မိုးထစ်ချုန်းရွာမည်။


## ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို မဟာမြတ်မုနိဘုရား၊ လောကနန္ဒာစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုပြီး အလှူငွေများ လှူဒါန်း

**စစ်တွေ နိုဝင်ဘာ ၃**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ကျောက်တော်မြို့ရှိ မဟာမြတ်မုနိဘုရားနှင့် စစ်တွေမြို့ရှိ လောကနန္ဒာ စေတီတော်မြတ်ကြီးတို့အား ဖူးမြော်ကြည်ညိုပြီး စေတီတော်မြတ်ကြီးများ ပြုပြင်မွမ်းမံရန်အတွက် အလှူငွေကျပ် သိန်း၂၀ စီအား ပေးအပ်လှူဒါန်းရာ ဘုရားဂေါပကအဖွဲ့ တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ ယင်းနောက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် စကြာမုနိဘုရားအား ဖူးမြော်ကြည်ညိုကြသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**





## မောင်တောမြို့ရှိ ဘုရား၊ ပုထိုး၊ စေတီများတွင် ဆီမီးများ ကပ်လှူပူဇော်ပြီး ကုသိုလ်ပြုကြသူများဖြင့် စည်ကား

**မောင်တော နိုဝင်ဘာ ၃**

ယနေ့သည် တန်ဆောင်မုန်းလပြည့်နေ့ (သာမညဖလ အခါတော်နေ့) ဖြစ်သည်နှင့်အညီ ရခိုင်ပြည်နယ် မောင်တောမြို့ရှိ ဘုရား၊ ပုထိုး၊ စေတီများတွင် ဆီမီးကပ်လှူပူဇော်ခြင်း၊ ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်း စသည်ဖြင့် ကုသိုလ်ပြုကြသူများဖြင့် စည်ကားလျက်ရှိသည်။

မောင်တောမြို့ မြို့ဦးရွှေစည်းခုံဆံတော်မြတ်စေတီတော်နှင့် မြို့မကျောင်းတိုက်ရှိ သမိုင်းဝင် မဟာကျန်ဗုဒ္ဓရုပ်ပွားတော်မြတ်တို့တွင် နံနက်ပိုင်းမှစ၍ မြို့ပေါ်ရှိ ဘာသာရေးဝတ်အသင်းအဖွဲ့များက ဓမ္မစကြာတရားတော်အပါအဝင် ပရိတ်တရားတော်များကို ရွတ်ဖတ်ပူဇော်ခြင်း၊ ဒါန၊ သီလ၊ ဘာဝနာ ဆောက်တည်ကြခြင်း စသည့် ကုသိုလ်ပုည ပြုကြသူများဖြင့် စည်ကားလျက်ရှိသည်။

"မြို့ဦးရွှေစည်းခုံ ဆံတော်မြတ်စေတီတော်က မောင်တောမြို့ရဲ့ အထင်ကရ စေတီတော်မြတ်ကြီးဖြစ်ပါတယ်၊ အခါကြီးရက်ကြီးတွေမှာ မြို့ခံပြည်သူတွေက စေတီတော်မြတ်ကြီးကို အမြဲတမ်းလာရောက်ဖူးမြော်ကြည်ညို ကုသိုလ်ကောင်းမှုတွေ ပြုလုပ်ကြပါတယ်၊ ဂေါပကအဖွဲ့အနေနဲ့လည်း အခါကြီးရက်ကြီးတွေမှာ စတုဒိသာ ကျွေးမွေးခြင်း၊ ပျော်ပွဲရွှင်ပွဲအနေနဲ့ ဗလာမပါ ကံစမ်းမဲအစီအစဉ်တွေနဲ့ ဝက်ပါလျှောက်လှမ်းအစီအစဉ်တွေကို ဆောင်ရွက်ပေးပါတယ်"ဟု စေတီတော်ဂေါပက အဖွဲ့ ဒုတိယ ဥက္ကဋ္ဌ ဦးကျော်အေးမောင်က ပြောသည်။

"ဒီနှစ်မှာတော့ အကြမ်းဖက်မှုဖြစ်စဉ်တွေ ဖြစ်ပွားခဲ့တာကြောင့် အရင်နှစ်တွေလောက် မစည်ကားပါဘူး၊ ဒါပေမယ့် ပြီးခဲ့တဲ့ရက်တွေကထက်စာရင် ဘုရားဖူးပြည်သူတွေ ပိုများလာတာကို တွေ့ရပါတယ်၊ မြို့ခံပြည်သူတွေအနေနဲ့လည်း အကြမ်းဖက်မှုတွေ ကင်းဝေးပြီး ဒေသတည်ငြိမ်အေးချမ်းဖို့၊ ပျော်ပျော်ရွှင်ရွှင်နေထိုင်နိုင်ကြဖို့ ဆုတောင်းကြပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

ဘုရားဖူးပြည်သူတစ်ဦးဖြစ်သူ ရပ်ကွက် ၁ မှ ဦးအောင်ထွန်းလင်းက "ကျွန်တော်တို့ မိသားစုအနေနဲ့ အခါကြီးရက်ကြီးတိုင်း မြို့ဦးရွှေစည်းခုံဆံတော်မြတ် စေတီတော်ကို လာရောက်ဖူးမြော်လေ့ရှိပါတယ်၊ ဒီဘုရားက မောင်တောမြို့နယ်ရဲ့ အထင်ကရ ဘုရားတစ်ဆူဖြစ်ပါတယ်၊ အရင်နှစ်ကလောက် မစည်ကားပေမယ့် အကြမ်းဖက်မှု ဖြစ်စဉ်ဖြစ်ပွားပြီးနောက်ပိုင်းမှာတော့ ဒီတန်ဆောင်မုန်းလပြည့်နေ့ဟာ အစည်ကားဆုံး ဖြစ်ပါတယ်"ဟု ပြောသည်။

ညပိုင်းတွင် တန်ဆောင်တိုင်ပွဲတော် ပျော်ပွဲရွှင်ပွဲများအဖြစ် တေးသီချင်းသီဆိုယှဉ်ပြိုင်ခြင်း၊ ဂီတဖျော်ဖြေပွဲများကျင်းပခြင်းနှင့် မီးပုံးပျံလွှတ်တင်ခြင်းတို့ကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

**သတင်းနှင့်ဓာတ်ပုံ - အောင်ကျော်ဦး**

## မောင်တောမြို့၌ ရိတ်သိမ်းပြီး မိုးစပါးများ အလေအလွင့် မရှိ ထိန်းသိမ်း သိုလှောင်နိုင်ရေး လုပ်ငန်းများနှင့် မြို့တိုင်းရင်းသားများအတွက် ကျေးရွာသစ် ဖော်ထုတ်နိုင်ရေးလုပ်ငန်းများ အရှိန်မြှင့်တင် ဆောင်ရွက်လျက်ရှိ

**မောင်တော နိုဝင်ဘာ ၃**

မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဦးရဲထွဋ်သည် ယနေ့နံနက်ပိုင်းတွင် အကြမ်းဖက်တိုက်ခိုက်ခံခဲ့ရသည့် မြို့တိုင်းရင်းသားများအတွက် ကိုင်းကြီး(မြို့)ရွာသစ် တည်ဆောက်နိုင်ရေးနှင့် ရိတ်သိမ်းပြီး မိုးစပါးများ အလေအလွင့်မရှိစေရေးတို့အတွက် ကွင်းဆင်းဆောင်ရွက်သည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးသည် နံနက် ၉နာရီတွင် နိုဝင်ဘာ ၂ ရက် ညနေပိုင်းက ဓားခုတ်ခံရသဖြင့် မောင်တောဆေးရုံ၌ ဆေးဝါးကုသမှုခံယူလျက်ရှိသော သရီကုန်းဘောင်ကျေးရွာနေ ဦးလှသန်းမောင်အား သွားရောက်ကြည့်ရှုပြီး အားပေးစကား ပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ထို့နောက် သရီကုန်းဘောင်ကျေးရွာသို့သွားရောက်၍ ကျေးရွာသားများနှင့်တွေ့ဆုံကာ ဖြစ်စဉ်ဖြစ်ပွားခဲ့မှုအခြေအနေကို အသေးစိတ်မေးမြန်းပြီး ယခုလုပ်ရပ်သည် ဥပဒေမဲ့ လုပ်ရပ်များဖြစ်သဖြင့် ပြစ်မှုကျူးလွန်သူများကို အမြန်ဆုံးစုံစမ်းဖော်ထုတ်၍ တရားဥပဒေနှင့်အညီ ထိထိရောက်ရောက် အရေးယူ ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် အကြမ်းဖက်တိုက်ခိုက်ခံခဲ့ရသည့် မြို့တိုင်းရင်းသားများအတွက် လုံခြုံပြီး လွယ်ကူအဆင်ပြေစွာ သွားလာ နေထိုင်နိုင်ရေးအတွက် ကျေးရွာသစ်အဖြစ် ဖော်ထုတ်နေရာချထားမည့် မြေနေရာအကျယ်အဝန်း၊ ပတ်ဝန်းကျင်အခြေအနေများကို လည်းကောင်း၊ ရိတ်သိမ်းပြီး မိုးစပါးများ အလေအလွင့်မရှိ ထိန်းသိမ်းသိုလှောင်နိုင်ရေးအတွက် အလယ်သံကျော်ကျေးရွာ၌ နေလှန်းအခြောက်ခံနေမှု အခြေအနေများကို လည်းကောင်း ကြည့်ရှုခဲ့သည်။

မြို့တိုင်းရင်းသားများအတွက် ကျေးရွာသစ်ကို ကိုင်းကြီးကျေးရွာအုပ်စု (နတလ) ရွာအနီးတွင် အကျယ်အဝန်း လေးဧက ကျော်တွင် အိမ်ခြေ ၅၀ အတွက် အကွက်ချဖော်ထုတ်သွားမည်ဖြစ်ပြီး စာသင်ကျောင်းနှင့် ဆရာဆရာမများ နေထိုင်ရန် ဝန်ထမ်းအိမ်ရာများကိုပါ ထည့်သွင်းတည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ - ဟန်လင်းနိုင်**



# ရေပူနှင့် မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်းများတွင် တရားမဝင် ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၃**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး နိုဝင်ဘာ ၂ ရက်တွင် မန္တလေး-မူဆယ်ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၈၁၂ စီး၊ သွင်းကုန် ၉၇၂ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၇ စီး၊ သွင်းကုန် အစီး ၁၂၀ ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုခုနစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၇ ဒသမ ၂၉၇ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားသိမ်းဆည်းမှုအနေဖြင့် နိုဝင်ဘာ ၂ ရက်တွင် မန္တလေးသို့သွားရောက်မည့် ယာဉ်များအား မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်းအထောက်အထားတစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသော စားသောက်ကုန်ပစ္စည်း ငါးမျိုး၊ Cat food နှင့် လိုင်စင်မဲ့ NISSAN X TRAIL Type၊ Wagon တစ်စီး (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၇ ဒသမ ၂၉၇ သန်းခန့်)ကို တွေ့ရှိ၍သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




**တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ငါးမျိုး၊ Cat Food နှင့် လိုင်စင်မဲ့ယာဉ်။**

## ဝမ်းတွင်းဈေး အရှေ့ဘက် ဆည်မြောင်းဘေး မြက်တောအတွင်းမှ ကျည်ဆန်များတွေ့ရှိ



**ဝမ်းတွင်း နိုဝင်ဘာ ၃**
မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့ အမှတ် ၂ ရပ်ကွက် ဝမ်းတွင်းဈေးအရှေ့ဘက် ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ် ၃၅၇/၇ အနီး ဆည်မြောင်းဘေးတွင် နိုဝင်ဘာ ၃ ရက် နံနက် ၁၁ နာရီ မိနစ် ၂၀ က ဝမ်းတွင်းမြို့ အမှတ် ၁ အောင်မင်္ဂလာရပ်ကွက်နေ မောင်စန်းနိုင် ၁၃ နှစ်ပါ လေးဦးတို့သည် ငါးဖမ်းဆော့ကစားနေစဉ် ဆည်မြောင်းဘေး မြက်တောအတွင်းတွင် ကျည်ဆန်များတွေ့ရှိခဲ့သည်။

အဆိုပါ ကျည်ဆန်များတွေ့ရှိရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ သွားရောက်စစ်ဆေးခဲ့ရာ ပွိုင့် ၃၈ ဗို့စပါယ်ရှယ်ခြောက်လုံးပြူး ကျည်အဟောင်း အတောင့် ၂၀၊ ပွိုင့် ၃၂ ဗို့ စပါယ်ရှယ်ခြောက်လုံးပြူး ကျည်အဟောင်း အတောင့် ၅၀၊ Super-X22 long Rifle ကြေးထိပ်ဖူးပါကျည်ဆန် ၂၇ တောင့်၊ Super-X22 long Rifle ခဲထိပ်ဖူးပါ ကျည်ဆန်အတောင့် ၅၀ စုစုပေါင်း ကျည်ဆန် ၁၄၇ တောင့်အား စစ်ဆေးတွေ့ရှိခဲ့ပြီး ၎င်းကျည်ဆန်များကို မိတ္ထီလာတပ်နယ်သို့ လွှဲပြောင်းပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

**ငွေးလှိုင်(ဝမ်းတွင်း)**

## တနင်္သာရီမြို့နယ် သာရဘွင်ကျေးရွာအရှေ့ရေပြင်တွင် စက်လှေနှစ်စင်း တိုက်မိရာမှ သုံးနှစ်အရွယ်ကလေးငယ်တစ်ဦး သေဆုံး

**မြိတ် နိုဝင်ဘာ ၃**
တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ် သာရဘွင်ကျေးရွာအုပ်စု သာရဘွင်ကျေးရွာအရှေ့ရေပြင်တွင် နိုဝင်ဘာ ၃ ရက် နံနက် ၉ နာရီ ၄၅ မိနစ်ခန့်က စက်လှေနှစ်စင်း တိုက်မိခဲ့ရာမှ (၃)နှစ်အရွယ်ကလေးငယ်တစ်ဦး သေဆုံးပြီး အမျိုးသမီးတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း တနင်္သာရီမြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ တနင်္သာရီမြို့နယ် သာရဘွင်ကျေးရွာအုပ်စု သာရဘွင်လှေဆိပ် အရှေ့ဘက် ရေပြင် ပေ ၃၀၀ ခန့်အကွာတွင် စောနော်အယ် မောင်းနှင်သော ဝမ်းထိုင်ရေယာဉ်သည် သာရဘွင်ကျေးရွာမှ သဘော်ဦးကျေးရွာသို့ သွားရောက်ရန်ထွက်ခွာလာစဉ် ချစ်လွမ်းနိုင် မောင်းနှင်လာသော ဟွန်ဒါစက်တပ်လှေသည် သာရဘွင်ကျေးရွာမှ ရေပူကျေးရွာသို့ပြန်ရန်အတွက် ထွက်ခွာလာရာ နိုဝင်ဘာ ၃ ရက် နံနက် ၉ နာရီ ၄၅ မိနစ်ခန့်တွင် သာရဘွင်ကျေးရွာအရှေ့ ရေပြင်အရောက် စောနော်အယ်မောင်းနှင်သည့်စက်လှေမှ ချစ်လွမ်းနိုင်မောင်းနှင်သည့်စက်လှေ၏ ဦးခေါင်းပိုင်းအား ဝင်ရောက်တိုက်မိခဲ့ရာ ချစ်လွမ်းနိုင်၏ လှေပေါ်တွင်လိုက်ပါလာသည့် ခရီးသည်ခြောက်ဦးအနက်မှ ဒေါ်ငွေးရှင်(၅၅)နှစ် ရေပူကျေးရွာနေသူမှာ ဒဏ်ရာရရှိခဲ့ပြီး မနှင်းဆုဝေ(၃)နှစ် ရေပူကျေးရွာနေသူမှာ သေဆုံးခဲ့သဖြင့် ဒဏ်ရာရရှိသူနှင့် သေဆုံးသူတို့အား တိုက်နယ်ဆေးရုံသို့ပို့ဆောင်ခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ တကူရဲကင်းစခန်းမှ အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

## ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၌ ယာဉ်မတော်တဆမှု သုံးကြိမ် ဖြစ်ပွား

**နေပြည်တော် နိုဝင်ဘာ ၃**
ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် ယနေ့နံနက် ၅ နာရီ မိနစ် ၅၀ က ဇောဓိကုန်း အမြန်လမ်းပိုင်း၌ Canter ယာဉ်မှ Toyota Hiace ယာဉ်အားဝင်တိုက်ခြင်း၊ မွန်းလွဲ ၁ နာရီ ၁၅ မိနစ်က ပေပင်လေး အမြန်လမ်းအပိုင်း မိုင်တိုင် ၂၆၇/၃ နှင့် ၂၆၇/၄ အကြားတွင် ယာဉ်မောင်း ဥက္ကာကျော် မောင်းနှင်လာသော Landcruiser အနက်ရောင် မော်တော်ယာဉ်မှ မော်တော်ဆိုင်ကယ်အား ဝင်တိုက်မိခြင်း၊ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်က ဘောနီ အမြန်လမ်းအပိုင်း မိုင်တိုင်အမှတ် ၄၉/၂ အနီး ယာဉ်မောင်း စိုးကျော်သူ မောင်းနှင်လာသော Caldina မော်တော်ယာဉ်မှာ ယာဉ်မောင်းအိပ်ငိုက်ပြီး အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းပေါ်သို့ တိမ်းမှောက်ခဲ့၍ ယနေ့တွင် ယာဉ်မတော်တဆမှုသုံးကြိမ်ဖြစ်ခဲ့ကြောင်း သိရသည်။



ပထမဖြစ်စဉ်တွင် Toyota Hiace ယာဉ်ပေါ်မှ လေးဦး၊ Canter ယာဉ်ပေါ်မှနှစ်ဦး ပေါင်းခြောက်ဦး ဒဏ်ရာရရှိခဲ့သည်။

ဒုတိယဖြစ်စဉ်တွင် ဆိုင်ကယ်မောင်းနှင်သူမှာ ဒဏ်ရာရရှိခဲ့ပြီး Landcruiser ယာဉ်မှာ အနည်းငယ်ပျက်စီးသွားသည်။

တတိယဖြစ်စဉ်တွင် Caldina ယာဉ်မှာ ပက်လက်လန် အနေအထား တိမ်းမှောက်ခဲ့သော်လည်း ယာဉ်ပေါ်ပါရှိသူ ငါးဦးမှာ ဒဏ်ရာရရှိခဲ့ခြင်းမရှိချေ။

ဒဏ်ရာရရှိသူများအား အမြန်လမ်းရဲတပ်ဖွဲ့ပိုင် မော်တော်ယာဉ်များနှင့် နီးစပ်ရာဆေးရုံများသို့ ပို့ဆောင်ပေးခဲ့သည်။

သို့ပါ၍ ယာဉ်ကို မဆင်မခြင် ပေါ့ဆစွာမောင်းနှင်သူ ယာဉ်မောင်းများနှင့် အမြန်လမ်းပေါ်တွင် ဆိုင်ကယ်စီးနင်းခွင့်မရှိဘဲ စီးနင်းသူအား သက်ဆိုင်ရာက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**သန်းဦး(လေးမျက်နှာ) ဓာတ်ပုံ-အမြန်လမ်းရဲတပ်ဖွဲ့**



**မုန်လျှန်နှင့် အောင်လွင်တို့အား သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။**

## ဘားအံမြို့နယ်တွင် WY စိတ်ကြွဆေးပြား ၆၀၀ သိမ်းဆည်းရမိ

**ဘားအံ နိုဝင်ဘာ ၃**
ကရင်ပြည်နယ်ရဲတပ်ဖွဲ့ ဘားအံခရိုင်မှူခင်းနှိမ်နင်းရေးအဖွဲ့မှ ရဲအုပ်သက်စိုးဦး ဦးစီးအဖွဲ့သည် နိုဝင်ဘာ ၂ ရက် နံနက် ၉ နာရီ ၄၅ မိနစ်က ဘားအံမြို့နယ် ထောင်ကလပ်ကျေးရွာအုပ်စု ပေါင်စိန်ကျေးရွာနေ စောအစာ(၄၂)နှစ်၏နေအိမ်အား မူးယစ်ဆေးဝါးသတင်းအရ ဝင်ရောက်ရှာဖွေခဲ့ရာ ၎င်းအား နေအိမ်အိပ်ခန်းအတွင်းတွေ့ရှိရပြီး အိပ်ရာခြေရင်း သစ်သားတိုင်တွင်ချိတ်ထားသော AIRLINER စာတန်းပါ အမည်းရောင်လွယ်အိတ်အတွင်း ကြွပ်ကြွပ်အိတ်ဖြင့်ထုပ်၍ အပြာရောင်ကပ်ခွာအိတ်များဖြင့် ထည့်ထားသည့် WY စာတန်းပါ ပန်းရောင်စိတ်ကြွဆေးပြား ၂၀၀ ပါ သုံးထုပ် စုစုပေါင်းစိတ်ကြွဆေးပြား ၆၀၀ (အလေးချိန် ၆၀ ဂရမ်ခန့်)နှင့် မူးယစ်ဆေးဝါးသုံးစွဲရာတွင်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို ရှာဖွေတွေ့ရှိ သိမ်းဆည်းရမိခဲ့သည်။ ထို့ကြောင့် မူးယစ်ဆေးဝါးများ လက်ဝယ်ထား သုံးစွဲဖြန့်ဖြူးရောင်းချသူ စောအစာအား အိန္ဒုနယ်မြေရဲစခန်းတွင် အမှုဖွင့်အရေးယူဆောင်ရွက်ထားပြီး ကွင်းဆက်များအား ဆက်လက်ဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းသူ/ထွန်းထွန်းထွေး(ဘားအံ)**



## ဖားကန့်မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၃**
မူးယစ်တပ်ဖွဲ့စု ၃ မိုးညှင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၂ ရက် ညနေ ၃ နာရီက ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု တာဝါတိုင်အနီး လမ်းမပေါ်တွင် အောင်လွင် မောင်းနှင်ပြီး မုန်လျှန် လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကိုရှာဖွေရာ မုန်လျှန်၏ လက်ဆွဲအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၆၀ သိမ်းဆည်းရမိခဲ့သဖြင့် မုန်လျှန်(၄၄)နှစ်နှင့် အောင်လွင်(၄၁)နှစ်တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မန်ချက်စတာကို လန်ဒန်အသာရယူနိုင်မှာလား

၂၀၁၇-၁၈ ပရီမီယာလိဂ် ရင်ခုန်သံ - ၁၁

ရှိုင်းမင်းမင်း

**ပရီမီယာလိဂ်ပွဲစဉ် ၁၁ ကိုလာမယ့် နိုဝင်ဘာ ၄၊ ၅ ရက်တွေမှာ ကျင်းပသွားမှာဖြစ်ပြီး အဆိုပါပွဲစဉ်မှာတော့ မန်စီးတီးနဲ့ အာဆင်နယ်၊ ချယ်လ်ဆီးနဲ့ မန်ယူတို့ ဆုံတွေ့နေတာကြောင့် စိတ်ဝင်စားဖို့ကောင်းနေကာ မန်ချက်စတာနဲ့ လန်ဒန် ဘယ်သူအသာရမလဲဆိုတာ စောင့်ကြည့်ရမယ်။**

### စတုတ် - လက်စတာ ည ၇း၀၀ (၄-၁၁-၁၇)

အခုနောက်ပိုင်းမှာ စတုတ်ခြေက အားနည်းမှုတွေများနေပါတယ်။ အထူးသဖြင့် ခံစစ်ပိုင်းက ကျစ်လျစ်မှုမရှိပါဘူး။ ဒီပွဲမှာလည်း အိမ်ကွင်းဖြစ်နေလို့ နိုင်ပွဲရယူနိုင်ရေးအားစိုက်လာမှာဖြစ်ပေမယ့်လည်း လက်စတာကလည်း ခြေစွမ်းပိုင်း ပြန်လည်ကောင်းမွန်နေပါတယ်။ ဒါကြောင့်လည်း ဒီပွဲမှာ စတုတ်တို့ နိုင်ပွဲရယူနိုင်ဖို့ ရုန်းကန်ရဖို့ရှိနေသလို အိမ်ကွင်းမှာ အမြင့်ဆုံး သရေလောက်ပဲ ကစားနိုင်ဖို့ရှိနေပါတယ်။

### ကာဆယ် - ဘုန်းမောက် ည ၉း၃၀ (၄-၁၁-၁၇)

ကာဆယ်ခြေစွမ်းပိုင်းက ကောင်းမွန်မှုရှိပါတယ်။ တိုက်စစ်ပိုင်းက ဂိုးသွင်းခြေ ထင်သလောက် မတည်ငြိမ်ပေမယ့် အသင်းလိုက်ကစားပုံ ကောင်းမွန်မှုရှိသလို ခံစစ်ပိုင်းကလည်းတည်ငြိမ်မှုရှိနေပါတယ်။ အိမ်ကွင်းလည်းဖြစ်နေတာကြောင့် နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဒါပေမယ့် ဘုန်းမောက်ကလည်း အမှတ်လိုအပ်နေလို့ အားစိုက်လာမှာဖြစ်တာကြောင့် ကာဆယ် ကပ်ပြီးသာနိုင်မယ်။

### ဆောက်သမ်တန် - ဘန်လေ ည ၉း၃၀ (၄-၁၁-၁၇)

အခုနောက်ပိုင်းမှာ ဆောက်သမ်တန်ရဲ့ အသင်းလိုက်ခြေစွမ်းပိုင်း ကောင်းမွန်လာသလို အဓိကကစားသမားတွေလည်း ပြန်လည်ပါဝင်လာနိုင်တဲ့အပြင် အိမ်ကွင်းလည်းဖြစ်နေပါတယ်။ ဒါပေမယ့် ဘန်လေကလည်း အဝေးကွင်း ခံစစ်ကစားပုံကောင်းမွန်တာကြောင့် ဒီပွဲမှာတော့ ဆောက်သမ်တန် လွယ်လွယ်နဲ့ အနိုင်ရယူနိုင်ဖို့ မဖြစ်နိုင်ပါဘူး။ ဘန်လေရဲ့ ခံကစားအားကြောင့် ဆောက်သမ်တန် ကပ်ပြီးသာနိုင်မယ်။

### ဆွမ်ဆီး - ဘရိုက်တန် ည ၉း၃၀ (၄-၁၁-၁၇)

အခုအချိန်အထိ ဆွမ်ဆီးခြေက တည်ငြိမ်မှုမရှိသေးပါဘူး။ အိမ်ကွင်းဖြစ်နေတာကြောင့် နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာမှာ ဖြစ်ပေမယ့်လည်း ခံစစ်ပိုင်းက အားနည်းမှုအချို့ ရှိနေတာကြောင့် ဘရိုက်တန်ရဲ့ တုံ့ပြန်ကစားမှုကို ထိန်းချုပ်နိုင်ဖို့ခက်ပါလိမ့်မယ်။ ဘရိုက်တန်က အသင်းလိုက်ခြေစွမ်းပိုင်း ကောင်းမွန်မှုရှိသလို တန်ပြန်တိုက်စစ်ကစားပုံလည်း ကောင်းမွန်မှုရှိနေတာကြောင့် ဆွမ်ဆီး အနိုင်ရခဲ့မယ်ဆိုရင်တောင် ဂိုးပြတ်ဖို့ခက်တယ်။

### ဝက်စ်ဟမ်း - လီဗာပူး နံနက် ၀၀း၀၀ (၅-၁၁-၁၇)

လီဗာပူးတို့ ခြေစွမ်းပိုင်းက အားနည်းမှုတွေရှိနေပါတယ်။ အထူးသဖြင့် ခံစစ်ပိုင်းကစားပုံ အမှားများလွန်းနေပါတယ်။ ချန်ပီယံလိဂ် ကစားခဲ့ရတာကြောင့်လည်း ပွဲပန်းမှုတွေ ရှိလာနိုင်ပါတယ်။ ဝက်စ်ဟမ်းကလည်း ခြေစွမ်းပိုင်းအားနည်းနေတဲ့ အသင်းဖြစ်ပေမယ့်လည်း အိမ်ကွင်းပွဲကစားရမှာဖြစ်တာကြောင့် အမှတ်ရယူနိုင်ဖို့ အားစိုက်လာမှာ သေချာနေပါတယ်။ ဒါကြောင့်လည်း လီဗာပူး ကစားရခက်နိုင်ကာ အနိုင်ရရင်တောင်မှ ဂိုးမပြတ်ဘူး။

### စပါး - ပဲလေ့စ် ည ၆း၃၀ (၅-၁၁-၁၇)

မန်နေဂျာပြောင်းလဲခဲ့ပြီးတဲ့အချိန်ကစလို့ ပဲလေ့စ်ရဲ့အသင်းလိုက် ရုန်းအားကကောင်းမွန်မှုရှိလာပါတယ်။ ဒီပွဲမှာလည်း အမှတ်ရယူနိုင်ရေးအတွက် အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဒါပေမယ့်လည်း စပါးခြေက အတော်လေးကောင်းမွန်နေကာ အိမ်ကွင်းလည်းဖြစ်နေပါတယ်။ စပါးတို့ ချန်ပီယံလိဂ်ကြောင့် ပွဲပန်းလာနိုင်ပေမယ့်လည်း ဒီအိမ်ကွင်းပွဲမှာတော့ နိုင်ပွဲရယူသွားနိုင်ဖို့ ရှိနေပါတယ်။

### မန်စီးတီး - အာဆင်နယ် ည ၈း၄၅ (၅-၁၁-၁၇)

နှစ်သင်းစလုံး ဥရောပပွဲတွေ ကစားခဲ့ရမှာဖြစ်ပေမယ့် ချန်ပီယံလိဂ်ကစားခဲ့ရမယ့် မန်စီးတီးက ယူရိုပါလိဂ်ကစားခဲ့ရမယ့် အာဆင်နယ်ထက် နားရက်ပိုရထားပါတယ်။ ဒ့ါအပြင် လက်ရှိအချိန်မှာလည်း ခြေစွမ်းပိုင်းအရ မန်စီးတီးက သိသိသာသာ ကောင်းမွန်မှုရှိနေပါတယ်။ အထူးသဖြင့် မန်စီးတီးက အိမ်ကွင်းဖြစ်နေတာကြောင့် တိုက်စစ်အားပြုကစားလာမှာဖြစ်သလို အာဆင်နယ်ခံစစ်ကလည်း ထင်သလောက် ကျစ်လျစ်မှုမရှိတာကြောင့် ဒီပွဲမှာလည်း မန်စီးတီးပဲ အနိုင်ရမယ်။

### ချယ်လ်ဆီး- မန်ယူ ည ၁၁း၀၀ (၅-၁၁-၁၇)

ဒီပွဲကလည်း ပွဲကောင်းတစ်ပွဲဖြစ်ပါတယ်။ မန်ယူက လက်ရှိအချိန်မှာ ခြေစွမ်းပိုင်း အနည်းငယ် ကျဆင်းနေတာကို သတိပြုရမှာပါ။ ဒါပေမယ့် မန်ယူအနေနဲ့ ဒီလိုပွဲမျိုးမှာ အမှတ်ခွဲယူနိုင်ဖို့အတွက်တော့ ခံစစ်အားပြုကစားမှာဖြစ်သလို ချယ်လ်ဆီးခြေကလည်း တည်ငြိမ်မှုသိပ်မရှိပါဘူး။ သွင်းဂိုးနည်းနိုင်ပြီး သရေကျသွားဖို့ များနေပါတယ်။

### အဲဗာတန် - ဝက်ဖို့ဒ် ည ၁၁း၀၀ (၅-၁၁-၁၇)

မန်နေဂျာအပြောင်းအလဲလုပ်ခဲ့ပေမယ့် အဲဗာတန်ခြေက ပြောင်းလဲမလာခဲ့ပါဘူး။ အမှတ်ဆုံးရှုံးမှုတွေများခဲ့တာကြောင့်လည်း အားစိုက်ကစားလာမှာဖြစ်ပေမယ့် အဲဗာတန်အနေနဲ့ ယူရိုပါလိဂ် ကစားခဲ့ရတာကြောင့် ပွဲပန်းမှုတွေရှိလာနိုင်သလို ဝက်ဖို့ဒ်ကလည်း ခြေစွမ်းပိုင်းကောင်းမွန်တဲ့အသင်းဖြစ်ပြီး တန်ပြန်တိုက်စစ်ကစားပုံလည်း ကောင်းမွန်ပါတယ်။ ဒီပွဲမှာလည်း အဲဗာတန်တို့ အခက်တွေ့နိုင်ကာ သရေလောက်ပဲရမယ်။

# နိုင်ပွဲပြန်လည်ရယူမယ့် ရီးယဲလ်မက်ဒရစ်ကိုယုံကြည်ရမှာလား

၂၀၁၇-၁၈ လာလီဂါရင်ခုန်သံ-၁၁

ရှိုင်းမင်းမင်း

**၂၀၁၇-၁၈ စပိန်လာလီဂါပြိုင်ပွဲရဲ့ပွဲစဉ် ၁၁ ကိုလာမယ့် နိုဝင်ဘာ ၄၊ ၅၊ ၆ ရက်တွေ မှာ ကျင်းပသွားမှာဖြစ်ပြီး အဆိုပါပွဲစဉ်မှာ ဘာစီလိုနာက ဆီဗီလာနဲ့ဆုံတွေ့နေတာကြောင့် အကြိတ်အနယ်ရှိနိုင်သလို ဂျီရိုနာကို ရှုံးနိမ့်ခဲ့တဲ့ ရီးယဲလ်မက်ဒရစ်ကလည်း နိုင်ပွဲပြန်ရှာရမှာဖြစ်လို့ စိတ်ဝင်စားဖို့ကောင်းနေပါတယ်။**

### ဘက်တစ်- ဂီတာဖေး နံနက် ၂း၃၀ (၄-၁၁-၁၇)

ဘတ်တစ်ခြေစွမ်းပိုင်းက ကောင်းမွန်နေပါတယ်။ အိမ်ကွင်းလည်း ဖြစ်နေတာကြောင့် နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဂီတာဖေးကတော့ လက်ရှိအချိန်မှာ ခြေစွမ်းပိုင်း အားနည်းမှုတွေရှိနေသလို အဝေးကွင်းပွဲတွေမှာလည်း ခြေစွမ်းပိုင်းက ကျဆင်းတတ်တာကြောင့် ဘတ်တစ်ကို တုံ့ပြန်ကစားနိုင်ဖို့ ခက်ခဲနိုင်ပါတယ်။ ဘတ်တစ်ကသာ အိမ်ကွင်းမှာ နိုင်ပွဲရယူသွားနိုင်မှာပါ။

### ဗလင်စီယာ - လီဂါနက်စ် ည ၆း၃၀ (၄-၁၁-၁၇)

အခုနောက်ပိုင်းမှာ ဗလင်စီယာခြေက ကောင်းမွန်မှုအပြည့်ရှိနေပါတယ်။ အိမ်ကွင်းလည်း ဖြစ်တာကြောင့် အမှတ်ပြည့်ရယူနိုင်ဖို့ အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဒါပေမယ့် လီဂါနက်စ်ရဲ့ ခြေကလည်း လျှော့တွက်ဖို့ ခက်ပါတယ်။ ခံစစ်ကစားပုံကောင်းမွန်တာကြောင့် လည်း ဗလန်စီယာတိုက်စစ် အခက်တွေ့နိုင်တယ်။ ဗလင်စီယာ ဂိုးပြတ်အနိုင်ရဖို့ခက်မယ်။

### ဒီပို့တီဗို - အက်သလက်တီကို ည ၈း၄၅ (၄-၁၁-၁၇)

အက်သလက်တီကိုက အသင်းလိုက်ခြေစွမ်းပိုင်း ကောင်းမွန်မှုရှိနေတယ် ဆိုပေမယ့်လည်း တိုက်စစ်ပိုင်းကတော့ ဂိုးသွင်းခြေထင်သလောက် မတည်ငြိမ်ပါဘူး။ ချန်ပီယံလိဂ်ကြောင့် ပွဲပန်းမှုတွေ ရှိလာနိုင်ပါတယ်။ ဒီပို့တီဗိုကတော့ အခုအချိန်မှာ ခြေစွမ်းပိုင်းအားနည်းမှုတွေရှိနေပေမယ့်လည်း အိမ်ကွင်းဖြစ်တာကြောင့် အားစိုက်ကစားလာဖို့ ရှိနေပါတယ်။ အဝေးကွင်းမှာ အက်သလက်တီကိုတို့ ကပ်ပြီးသာနိုင်ခြေရှိပါတယ်။

### အလာဗက်စ် - အက်စ်ပန်ညို နံနက် ၀၀း၀၀ (၅-၁၁-၁၇)

ဒီနှစ်ရာသီမှာ အလာဗက်စ်ခြေအားနည်းမှုတွေ များနေပါတယ်။ ဒါပေမယ့်လည်း ဒီပွဲက အိမ်ကွင်းဖြစ်နေတာကြောင့် အမှတ်လိုအပ်နေတဲ့ အလာဗက်စ်တို့ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာမှာ သေချာနေပါတယ်။ အထူးသဖြင့် အက်စ်ပန်ညိုခြေကလည်း ထင်သလောက် တည်ငြိမ်မှုမရှိတဲ့အတွက် အလာဗက်စ်တို့ အခွင့်အရေးရနိုင်တယ်။ အိမ်ကွင်းမှာ အလာဗက်စ် အနိမ့်ဆုံး သရေလောက်ကစားနိုင်မယ်။

### ဆိုစီဒက် - အီဘား နံနက် ၀၀း၀၀ (၆-၁၁-၁၇)

အီဘားခြေစွမ်းပိုင်းက အားနည်းမှုတွေများနေတယ်။ အထူးသဖြင့် အဝေးကွင်းပွဲတွေမှာ တိုက်စစ်ပိုင်းကအစ ဂိုးသွင်းခြေတည်ငြိမ်မှုမရှိတာကြောင့် ဆိုစီဒက်ရဲ့ အိမ်ကွင်းအားကို တုံ့ပြန်နိုင်ဖို့ခက်မယ်။ ဆိုစီဒက်အနေနဲ့ အိမ်ကွင်းပွဲတွေမှာ လက်ရှိအချိန်အထိ အဝေးကွင်း ပွဲတွေလောက် အနိုင်ရယူထားနိုင်ခြင်း မရှိဘူးဆိုပေမယ့်လည်း ဒီလိုပွဲမျိုးမှာတော့ အမှားခံမှာ မဟုတ်သလို တိုက်စစ်ပိုင်းကစားပုံကလည်း အီဘားထက် ကောင်းမွန်မှုရှိပါတယ်။ ဒါကြောင့် ဆိုစီဒက်ပဲ အနိုင်ရမယ်။

### ဗီလာရီးယဲလ် - မာလာဂါ နံနက် ၀၀း၀၀ (၆-၁၁-၁၇)

မာလာဂါခြေစွမ်းပိုင်းက အားနည်းမှုတွေ အတော်လေးများတယ်။ အထူးသဖြင့် တိုက်စစ်ပိုင်းက ဂိုးသွင်းခြေတည်ငြိမ်မှုလုံးဝမရှိတာကြောင့် ဗီလာရီးယဲလ်ရဲ့အိမ်ကွင်းအားကို တုံ့ပြန်နိုင်ဖို့ဆိုတာ ခက်လွန်းတယ်။ ဒါကြောင့်လည်း မာလာဂါတို့ခံစစ်ကိုသာ အားပြုကစားလာမှာဖြစ်ပေမယ့် ဗီလာရီးယဲလ်ရဲ့အိမ်ကွင်း ခြေနဲ့တိုက်စစ်ကစားပုံကလည်း ကောင်းမွန်တာကြောင့် ဗီလာရီးယဲလ်ပဲနိုင်မယ်။

### ဘာစီလိုနာ - ဆီဗီလာ နံနက် ၂း၁၅ (၅-၁၁-၁၇)

နှစ်သင်းစလုံးပွဲဆက်တွေများနေပေမယ့် အရေးပါတဲ့ဆုံတွေ့မှုဖြစ်နေတာကြောင့် အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဆီဗီလာက အသင်းကောင်းတစ်သင်းဆိုပေမယ့် လက်ရှိအချိန်မှာတော့ ခြေစွမ်းပိုင်းက ကျဆင်းနေတာကို သတိပြုရမှာပါ။ အထူးသဖြင့် ဘာစီလိုနာက အမှတ်ကွာဟမှုကို ထိန်းနိုင်ဖို့အိမ်ကွင်းမှာ ဂရုတစိုက် ကစားမှာဖြစ်သလို မက်ဆီ၊ ဆွာရက်စ်တို့လည်း ခြေစွမ်းပြနေပါတယ်။ ဘာစီလိုနာပဲ အိမ်ကွင်းမှာနိုင်ပွဲရမယ်။

### ဆယ်လ်တာဗီဂို - ဘီဘာအို ည ၉း၄၅ (၅-၁၁-၁၇)

လက်ရှိအချိန်မှာ နှစ်သင်းစလုံးခြေစွမ်းပိုင်းက ကွာဟမှုကျဉ်းမြောင်းနေပါတယ်။ ဒါပေမယ့်လည်း ဆယ်လ်တာဗီဂိုက အိမ်ကွင်းဖြစ်တာကြောင့် အားစိုက်ကစားလာမှာဖြစ်သလို ဆယ်လ်တာဗီဂိုက အိမ်ကွင်းပွဲတွေမှာလည်း ကစားပုံ ပိုမိုကောင်းမွန်တတ်ပါတယ်။ ဘီဘာအိုကတော့ အဝေးကွင်းပွဲတွေမှာ တိုက်စစ်ပိုင်းကအစ အားနည်းမှုတွေ ရှိတတ်ပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ ဆယ်လ်တာဗီဂိုပဲ ကပ်နိုင်မယ်။

### ရီးယဲလ် - လက်စ်ပါးမက် နံနက် ၂း၁၅ (၆-၁၁-၁၇)

ဘာစီလိုနာက ဆီဗီလာနဲ့ ကစားရဖို့ရှိနေတာကြောင့် ရီးယဲလ်တို့နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာဖြစ်ပေမယ့် ရီးယဲလ်အနေနဲ့ လက်စ်ပါးမက်နဲ့ဆုံတိုင်း ခက်ခဲစွာကစားရလေ့ရှိတာကို သတိပြုရမယ်။ လက်ရှိအချိန်မှာ လက်စ်ပါးမက်က ခြေစွမ်းပျက်ယွင်းနေတယ်ဆိုပေမယ့် ဒီပွဲမှာ ခံစစ်အားပြုကစားလာဖို့ရှိနေသလို ရီးယဲလ်ခြေစွမ်းကလည်း အကောင်းဆုံးပုံစံမှာ မရှိသေးဘူး။ ဒါကြောင့်လည်း ရီးယဲလ်တို့ အိမ်ကွင်းဖြစ်ပေမယ့် ဂိုးပြတ်နိုင်ဖို့ မသေချာဘူး။



## ကန်တိုနာလက်သစ်ဖြစ်လာသည့် အီဗရာ ကာလရှည်ပွဲပယ်ပြစ်ဒဏ် ချမှတ်ခံရန် ရှိနေ

မန်ယူနောက်ခံလူဟောင်း အီဗရာက မာဆေးလ် ပရိသတ်တစ်ဦးကို ခြေထောက်ဖြင့် ကန်ခဲ့သဖြင့် ဒိုင်ဖြစ်သူက ထုတ်ပယ်ခဲ့သည့်အပြင် ယူအီးအက်ဖ်အေ၏ ကာလရှည် ပွဲပယ်ပြစ်ဒဏ်ချမှတ်ခံရန် ရှိနေပြီဖြစ်သည်။ ယူရိုပါလိဂ်ပွဲစဉ်မယှဉ်ပြိုင်မီ သွေးပူလေ့ကျင့်ခန်းပြုလုပ်နေစဉ်အတွင်း မာဆေးလ် နောက်တန်းကစားသမား အီဗရာက မာဆေးလ် ပရိသတ်များရှိရာသို့ သွားရောက်ပြီး ကိုယ်ထိလက်ရောက် ကျူးလွန်ခဲ့ခြင်းဖြစ်သည်။

ယင်းသို့ ဖြစ်စဉ်မဖြစ်မီ ကစားသမားများနှင့် ပရိသတ်များအကြား စကားလုံးစစ်ပွဲ အချိန်အတော်ကြာ ဖြစ်ခဲ့ပြီးနောက် ပရိသတ်များ၏ အီဗရာကို လှောင်ပြောင်သရော်သော စာသားပါ သီချင်းသီဆိုမှုက ကစားသမား၏ အာရုံကို ကြမ်းတမ်းမှုဖြစ်စေခဲ့သည်ဟု ပွဲကြည့်ပရိသတ်အချို့နှင့် ကွင်းအတွင်းရှိနေသည့် ဂျာနယ်လစ်အချို့က မှတ်ချက်ပြု သုံးသပ်သည်။ အီဗရာနှင့် ပြဿနာဖြစ်ပွားပြီးနောက် ကွင်းဘေးအနီးမှ ပရိသတ်များက ပွဲကြည့်စင်များသို့ ပြောင်းလဲနေရာယူခဲ့သည်ကို ဗီဒီယို ပြကွက်များတွင် တွေ့ရသည်။ အီဗရာသည် ပြီးခဲ့သည့် ဇန်နဝါရီဈေးကွက်အတွင်း ဂျူဗင်တပ်မှ မာဆေးလ်သို့ ၁၈ လစာချုပ်ဖြင့် ရောက်ရှိလာသူဖြစ်ပြီး ခြေစွမ်းပျောက်ဆုံးနေချိန်တွင် ကခုန်သီဆိုသည့် ဗီဒီယိုများကို လူမှုကွန်ရက်များပေါ်တွင် တင်လေ့ရှိသဖြင့် ဝေဖန်ခံနေရသည်။



## ဖယ်လိုင်နီကို ထိန်းသိမ်းရန် အသက် ၃၀ ကျော် ကစားသမားမူဝါဒကို မန်ယူပြင်ဆင်မည်

မန်ယူအသင်းသည် အသက် ၃၀ ကျော် ကစားသမားများကို သက်တမ်းတိုးစာချုပ် (တစ်နှစ်စာချုပ်)သာ ထပ်တိုးချုပ်ဆိုလေ့ရှိသော်လည်း လာမည့် ရက်သတ္တသုံးပတ်အတွင်း အသက် ၃၀ ပြည့်မည့် ကွင်းလယ်လူ ဖယ်လိုင်နီအတွက်မူ လက်ရှိကျင့်သုံးနေသည့် ကလပ်အသင်းမူဝါဒကို ပြင်ဆင်ရန် ရှိနေပြီဖြစ်သည်။ ဖယ်လိုင်နီကို တရုတ်စူပါလိဂ်အသင်းများမှ ချိတ်ဆက်နေသလို အချို့သော ဥရောပလိဂ်များမှလည်း ဆက်သွယ်နေရာ မန်ယူက ဖယ်လိုင်နီကို လက်မလွှတ်ရရေးအတွက် လာမည့်ဇန်နဝါရီလအတွင်း လက်ရှိရရှိနေသော တစ်ပတ်ပေါင် ၁၃၀၀၀၀ တန် လစာနှုန်းထားဖြင့်ပင် နှစ်စာချုပ် သက်တမ်းထပ်တိုးရန် အသင့်ဖြစ်နေပြီဖြစ်သည်။

**မေလှဲ့သင်း**



# အာဆီယံ ဖူဆယ်ပြိုင်ပွဲတွင် မြန်မာအသင်း တတိယနေရာရရှိ

**ရန်ကုန် နိုဝင်ဘာ ၃**

၂၀၁၇ အာဆီယံဖူဆယ်ပြိုင်ပွဲ တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲကို ယနေ့ညနေပိုင်းက ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ကျင်းပရာ မြန်မာအသင်း တတိယနေရာရရှိခဲ့သည်။ မြန်မာအသင်းသည် အိမ်ရှင် ဗီယက်နမ်အသင်းကို ပင်နယ်တီအဆုံးအဖြတ်တွင် အနိုင်ရခဲ့ခြင်းဖြစ်ပြီး စုစုပေါင်း ခြောက်ဂိုး-ငါးဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းနှင့် ဗီယက်နမ်အသင်းသည် ပွဲကစားချိန်အတွင်း နှစ်ဂိုးစီသရေကျနေသောကြောင့် ပင်နယ်တီဖြင့် ဆုံးဖြတ်ခဲ့ရပြီး မြန်မာအသင်းက လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ယခုပွဲတွင် နှစ်ဂိုးပြတ်ရှုံးနိမ့်ခဲ့ပြီးမှ ချေပဂိုးများပြန်သွင်းကာ သရေကျခဲ့ခြင်းဖြစ်သည်။ ပင်နယ်တီဆုံးဖြတ်ရာတွင် မြန်မာအသင်းက လေးဂိုးဝင်အောင် ကန်သွင်းနိုင်ခဲ့ပြီး ဗီယက်နမ်အသင်းက သုံးဂိုးသာဂိုးဝင်ခဲ့၍ တတိယနေရာရခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ဗီယက်နမ်ကို အုပ်စုတွင်းတွေ့ဆုံစဉ်က သုံးဂိုးပြတ်ဖြင့် အရေးနိမ့်ခဲ့သော်လည်း ယခုပွဲတွင် ရှုံးကြွေးပြန်ဆပ်နိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် အာဆီယံဖူဆယ်ပြိုင်ပွဲတွင် တတိယအကြိမ်မြောက်ဆုရခဲ့ခြင်းဖြစ်ပြီး ၂၀၁၆ ပြိုင်ပွဲတွင် ဒုတိယ၊ ၂၀၀၆ နှင့် ၂၀၁၇ ပြိုင်ပွဲတွင် တတိယနေရာတို့ ရရှိခဲ့သည်။ မြန်မာအသင်းနည်းပြချုပ် ဦးဌေးမြင့်သည် နောက်ဆုံးယှဉ်ပြိုင်ခဲ့သည့် အာဆီယံဖူဆယ်ပြိုင်ပွဲတွင် နှစ်ကြိမ်ဆက်တိုက် ဆုရအောင် စွမ်းဆောင်နိုင်ခဲ့ပြီး ယခုပြိုင်ပွဲတွင် တတိယဆုအပြင် အာရှခြေစစ်ပွဲအောင်မြင်ရန်ပါ စွမ်းဆောင်နိုင်ခဲ့သည်။

**သတင်း-ဖိုးသော်ဇင်**
**ဓာတ်ပုံ-MFF**

# ယာဉ်လိုင်း အမှတ် ၂၀ မြို့လယ်ဖြတ် မပြေးဆွဲတော့

**ရန်ကုန် နိုဝင်ဘာ ၃**

ယာဉ်လိုင်း အမှတ် ၂၀ ပြေးဆွဲနေသော လက်ရှိလမ်းကြောင်းတွင် ရန်ကုန်မြို့လယ်တစ်လျှောက် မြို့တွင်းပတ်ယာဉ်လိုင်း လမ်းကြောပါ ထည့်သွင်းပြေးဆွဲနေရာမှ နိုဝင်ဘာ ၃ ရက်မှ စတင်ကာ ရန်ကုန်မြို့လယ်တစ်လျှောက် သခင်မြပန်းခြံအထိ မပြေးဆွဲဘဲ ဗိုလ်တထောင်ဘုရားလမ်းပိုင်းအထိသာ ရောက်ရှိပြီး သိမ်ဖြူလမ်းမှ မြို့ပြင်ခရီးစဉ်အတိုင်း ပြန်လည်ပြေးဆွဲခဲ့ကြောင်း သိရသည်။

မေ ၂၅ ရက်မှစ၍ ယာဉ်ကြီးအသစ်အနီရောင်များဖြင့် မြို့တွင်းဗိုလ်ချုပ်လမ်းအတိုင်း အဝိုင်းပတ် ယာဉ်လိုင်း ၅၆ တွင် ယာဉ်အစီးရေ ၃၀၊ လှိုင်သာယာ - ဘုရင့်နောင်တံတား-ဆင်မလိုက်-ဗားကရာ-မြေနီကုန်း-ရွှေဂုံတိုင်-တာမွေ-မင်္ဂလာဈေး-သိမ်ဖြူ-ကုန်သည်လမ်း-ကမ်းနားလမ်း-သခင်မြပန်းခြံခရီးစဉ်အတိုင်းလာပြီး အပြန်တွင် သခင်မြပန်းခြံ ဗိုလ်ချုပ်လမ်းအတိုင်း သိမ်ဖြူလမ်းမှ လာလမ်းအတိုင်း လှိုင်သာယာသို့ ပြေးဆွဲသော ယာဉ်လိုင်းအမှတ် ၂၀ တွင် ယာဉ်အစီးရေ ၇၀ ဖြင့် ပြေးဆွဲခဲ့သည်။

သခင်မြပန်းခြံတွင် ဂိတ်ဖျားအဖြစ် အသုံးပြုနေရာ နေရာအခက်အခဲရှိ၍ ပြေးဆွဲကာလ ငါးလဝန်းကျင်အကြာ၌ မြို့တွင်းဖြတ်ခရီးလမ်းကြောင်းကို ယာဉ်လိုင်းအမှတ် ၂၀ လိုင်းကားများ ပြေးဆွဲရာတွင် ထည့်သွင်းမပြေးဆွဲခြင်းဖြစ်သည်ဟု သိရသည်။

လှိုင်သာယာမှအလာတွင် သိမ်ဖြူလမ်း-ဗိုလ်ချုပ်လမ်း-ဗိုလ်တထောင်ဘုရားလမ်း water bus မှတ်တိုင်၊ အပြန်တွင် ဗိုလ်တထောင်ဘုရားလမ်း-ကုန်သည်လမ်း-သိမ်ဖြူလမ်းအတိုင်း လာလမ်းခရီးစဉ်ဖြင့် လှိုင်သာယာသို့ ပြေးဆွဲမည်ဟု သိရသည်။ ယာဉ်စီးခမှာ ကျပ် ၂၀၀ ဖြစ်သည်။

ရန်ကုန်မြို့လယ်ဖြတ် အဝိုင်းပတ်ယာဉ်လိုင်း သုံးလိုင်းကို ယာဉ်စီးခကျပ် ၁၀၀ နှုန်းဖြင့် လေအေးစက်ပါ ယာဉ်ကြီးများဖြင့် ပြေးဆွဲပေးနေသည်။ မြို့ပြင်မှလာသော ယာဉ်စီးခကျပ် ၂၀၀ ပေးနေရသည့်လိုင်းကားများသည် သခင်မြပန်းခြံ-မော်တင်-လသာ-ဆူးလေ-ဗိုလ်တထောင်တို့တွင် ဂိတ်ဖျားအဖြစ် ခရီးစဉ်အဆုံးသတ်ပြန်ကွေ့သည်။

သို့ဖြစ်ရာ မြို့ပြင်မှလာသော ခရီးသည်များအနေဖြင့် မြို့တွင်းပတ်ယာဉ်လိုင်းများစီးနင်း၍ မြို့တွင်းရှိ မိမိသွားလိုရာသို့ ခရီးဆက်ရသည်ဟု ဘုရင့်နောင်ပွဲရုံဝင်းတွင် အလုပ်ဆင်းနေသူ လသာမြို့နယ်နေ ကိုဝင်းဇော်က ဆိုသည်။

သို့သော် ယာဉ်လိုင်းအမှတ် ၂၀ မှစ၍ သိမ်ဖြူလမ်းမှ မြို့လယ်ဖြတ် သခင်မြပန်းခြံအထိ မေလလယ်နောက်ပိုင်း စတင်ပြေးဆွဲပေးခဲ့သည်။ မော်တင်ဂိတ်ဆုံး ၃၇ လိုင်းကားသည် ဘုန်းကြီးလမ်း သရက်တောကျောင်းတိုက်ရှေ့သို့ ဂိတ်ဖျားပြောင်းလဲခဲ့သည်။ ယင်းနောက် ဆူးလေ ကမ်းနားလမ်း ၃၀ သို့ ထပ်မံပြောင်းလဲခဲ့သည်။

တစ်ဖန် လိုင်းသစ် ၈၉ လိုင်းကားများကို သာကေတမှ ကြည့်မြင်တိုင် ပန်းပင်ကြီးလမ်းသို့ ရန်ကုန်မြို့လယ်ဖြတ် ပြေးဆွဲပေးလာသည်။ သို့သော် ယာဉ်စီးခမှာမူ ကျပ် ၂၀၀ သာ ကောက်ခံခဲ့သည်။ ယာဉ်လိုင်းအမှတ် ၂၀ ခရီးစဉ်ပြောင်းလဲပြေးဆွဲ၍ မြို့ပြင်မှ ရန်ကုန်မြို့လယ်တစ်လျှောက် တိုက်ရိုက်ရောက်သော ကားပြောင်းမစီးရသည့် ယာဉ်လိုင်းမှာ ၈၉ တစ်လိုင်းသာရှိတော့သည်။

ယာဉ်လိုင်းအမှတ် ၂၀ စတင်ပြေးဆွဲသည့်ပထမဆုံးနေ့ မေ ၂၅ ရက်တွင် ယာဉ်စီးခကျပ် ၃၀၀ ဖြစ်သဖြင့် ဝေဖန်ပြောဆိုခြင်းများရှိခဲ့ပြီး မေ ၂၆ ရက်တွင်မူ လှိုင်သာယာ-သိမ်ဖြူ ယာဉ်စီးခ ကျပ် ၂၀၀၊ မြို့တွင်းယာဉ်စီးခ ကျပ် ၁၀၀၊ စဆုံး ယာဉ်စီးခ ကျပ် ၃၀၀ ပြောင်းလဲကောက်ခံခဲ့သည်။ မြို့ပြင်မှမြို့တွင်း လာသူများနှင့် ဗိုလ်ချုပ်လမ်း အနောက်ဘက်ပိုင်းမှ မင်္ဂလာဈေး-ယုဇနပလာဇာ-တာမွေ-ရွှေဂုံတိုင် သွားမည့်ခရီးသည်များ သွားလာရေး အဆင်ပြေခဲ့သည်ဟု တာမွေမှ မော်တင်သွား ခရီးသည် ကိုနေဝင်းထိုက်က ပြောသည်။

နိုဝင်ဘာ ၃ ရက်မှစ၍ မြို့လယ်ဖြတ်မပြေးဆွဲသဖြင့် ခရီးသည်အချို့ အခက်အခဲရှိမည်ဖြစ်သော်လည်း ယင်းမြို့တွင်း ခရီးစဉ်ကြာချိန်မှာ နာရီဝက်မှ တစ်နာရီဝန်းကျင်အတွင်းဖြစ်၍ ခရီးစဉ်တစ်ခုလုံး ကြာချိန်မှာ ယခင်ထက် လျော့ကျလာမည်ဖြစ်သည်။ ပြောင်းလဲလာသော ရန်ကုန်မြို့တွင်း ခရီးသည်တင်ယာဉ်လိုင်း စနစ်သစ်တွင် ခရီးစဉ်အပြောင်းအလဲများ ပြုလုပ်ခြင်းကို ခရီးသွားပြည်သူများအား ကြိုတင်အသိပေးသင့်ကြောင်း၊ သို့မှသာ ခရီးသွားပြည်သူများသွားလာရေး အဆင်ပြေပြီး ယာဉ်လိုင်း စနစ်သစ်အပေါ် ပိုမိုယုံကြည်အားထားလာနိုင်မည်ဖြစ်ကြောင်း နေ့စဉ်လိုင်းကားစီးသွားလာနေသူများက ပြောသည်။

ယာဉ်လိုင်းစနစ်သစ်မှာ ၁၀ လ ဝန်းကျင်ရှိလာပြီဖြစ်ရာ ခရီးသည်များအနေဖြင့် ပိုမိုအဆင်ပြေလာစေရန် မျှော်လင့်နေကြသည်ဟု ကြည့်မြင်တိုင်မြို့နယ်အတွင်း အလုပ်လာလုပ်နေသူတစ်ဦးက ပြောသည်။

**မောင်စေအောင်**

❐

# KBZ Bank Women’s League ပြိုင်ပွဲတွင် သစ္စာအားမာန်အသင်း ဒုတိယနေရာ ရရှိ

**ရန်ကုန် နိုဝင်ဘာ ၃**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ကကြီးမှူး၍ KBZ Bank က အဓိက ပံ့ပိုးကူညီမှုဖြင့် ကျင်းပသည့် ၂၀၁၆-၂၀၁၇ ရာသီ KBZ Bank Women’s League ပြိုင်ပွဲ ပွဲစဉ် ၁၄ ဒုတိယနေ့ကို ယနေ့ ညနေပိုင်းက အောင်ဆန်းကွင်း၌ကျင်းပရာ သစ္စာအားမာန်အသင်းက YREO အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး ဒုတိယနေရာ ရရှိခဲ့သည်။

သစ္စာအားမာန်အသင်းသည် ဦးဆောင်ဂိုးပေးလိုက်ရသော်လည်း ဂိုးများပြန်သွင်းကာ အနိုင်ရခဲ့ခြင်းဖြစ်သည်။ သစ္စာအားမာန်အသင်းအတွက် ဂိုးများကို နီလာဝင်းတစ်ဦးတည်းက ဟက်ထရစ်သွင်းယူခဲ့ပြီး YREO အသင်းအတွက် ဦးဆောင်ဂိုးကို မြတ်နိုးခင်က သွင်းယူခဲ့သည်။ သစ္စာအားမာန်အသင်းသည် ပွဲကုန် ၁၄ ပွဲ ကစားအပြီးတွင် ၂၈ မှတ်ဖြင့် ဒုတိယနေရာရခဲ့ခြင်းဖြစ်ပြီး အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းသည် တတိယနေရာရခဲ့သည်။ နောက်ဆုံးပွဲအဖြစ် ယနေ့ညနေပိုင်းတွင် မြဝတီအသင်းနှင့် သစ္စာအားမာန်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ချန်ပီယံ မြဝတီအသင်းနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းတို့ကို ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပမည်ဖြစ်ပြီး ပထမဆုရအသင်းအား ကျပ်သိန်း ၁၅၀၊ ဒုတိယဆုရအသင်းအား ကျပ်သိန်း ၁၀၀၊ တတိယဆုရအသင်းအား ကျပ်သိန်း ၅၀ ချီးမြှင့်မည်ဖြစ်သည်။ နောက်ဆုံးပွဲမတိုင်မီ ဖျော်ဖြေရေးအစီအစဉ်များ ပါဝင်မည်ဖြစ်ပြီး ဟဲလေး၊ ရဲလေး၊ အိမ့်ချစ်၊ စန္ဒီမြင့်လွင်၊ နင်ဇီမေ၊ ပိုးမီ စသည့် တေးသံရှင်များက သီဆိုဖျော်ဖြေမည်ဖြစ်သည်။ ထို့ပြင် လာရောက်ကြည့်ရှုအားပေးမည့် ပရိသတ်များအတွက် ကံစမ်းမဲအစီအစဉ်များ ပါဝင်မည်ဖြစ်ပြီး ပထမဆုံးလာရောက်သည့် ပရိသတ်အယောက် ၁၀၀၀ အတွက် Mi TV တစ်ဆု၊ 4TV Receiver နှစ်ဆုနှင့် Moltan ဘောလုံးနှစ်လုံး မဲဖောက်ပေးမည်ဖြစ်သည်။ မြန်မာဘောလုံးပရိသတ်များအနေဖြင့် အခမဲ့ လာရောက်အားပေးနိုင်မည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**








## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

**လုထု**
Steel Structure
Ph:09-5031107, 09-5028986, 09-5008411

**မီးသတိပြု**



## အမွေပြတ်စွန့်လွှတ်ခြင်း

လပွတ္တာမြို့ အမှတ် (၄) ရပ်ကွက် ဆိပ်ကမ်းသာလမ်းနေ ဦးညီညီ[၁၄/ငပတ(နိုင်)၁၁၀၈၄၇]-ဒေါ်ခင်အေးကြူ [၁၄/ပသန(နိုင်)၀၇၇၅၃၄]တို့၏ သားဖြစ်သူ မောင်ထက်ဝေကျော်သည် မိဘများ စိတ်ဆင်းရဲအရှက်ရအောင်ပြုမူခဲ့ပါသဖြင့် ယနေ့မှစ၍ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စများအား ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးညီညီ-ဒေါ်ခင်အေးကြူ**


## ထူးခြားသည့် အခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၃**

နိုဝင်ဘာ ၃ ရက်က မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ တောင်တရုတ် ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်းငယ်သည် ဗီယက်နမ်နိုင်ငံ ကန်သို(Can Tho)မြို့၏ တောင်ဘက် ၁၈၂ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေပြီး အနောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းရသည်။

# ၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို အမျိုးသားလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**ယမန်နေ့မှအဆက်**

(၂) လျော်ကြေးနှင့် နစ်နာကြေးထုတ်ယူရန် စာရင်းဝင်သည့် မိသားစုတစ်စုချင်းထံသို့ အကြောင်းကြားစာများကို တရားမ ကျင့်ထုံးဥပဒေနှင့်အညီ ပေးပို့ရမည်၊

(၃) လိုအပ်ပါက အကြောင်းကြားစာများကို ဒေသ၏ အများသုံး ဘာသာစကားဖြင့် ရေးသားချက်ကို ပူးတွဲပေးပို့ရမည်။

(င) လျော်ကြေးနှင့်နစ်နာကြေး ထုတ်ယူရန် တောင်းခံလာသူများအား ကိုယ်တိုင်တောင်းခံ ထုတ်ယူခြင်းဖြစ်ပါက လူပုဂ္ဂိုလ်ကျားမ မှန်ကန်ခြင်း ရှိ၊ မရှိ စိစစ်ထုတ်ပေးရမည်။ ကိုယ်စားလှယ်နှင့် ထုတ်ယူပါက တရားဝင်ကိုယ်စားလှယ် ဖြစ်သူကိုသာ ထုတ်ပေးရမည်။

(စ) လျော်ကြေးနှင့် နစ်နာကြေး ထုတ်ယူသူအနေဖြင့် မိမိတို့၏ လွတ်လပ်သော သဘောဆန္ဒအရ သဘောတူထုတ်ယူသူများနှင့် ပေးလျော်ငွေကို လက်ခံယူသော်လည်း တန်ဖိုးတွက်ချက်မှုအပေါ် မကျေနပ်သူများကိုခွဲခြား၍ မှတ်တမ်းတင်ထုတ်ပေးရမည်။

၃၉ ။ သတ်မှတ်ထုတ်ပေးသည့် လျော်ကြေးနှင့် နစ်နာကြေးတို့အပေါ် မြေဧရိယာနှင့် တန်ဖိုးသတ်မှတ်မှု၊ ထုတ်ယူထိုက်သူ သတ်မှတ်မှုနှင့် ခွဲဝေပေးသည့် အချိုးတို့အပေါ် ကျေနပ်မှုမရှိပါက အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ မြေတွင် အကျိုးစီးပွားသက်ဆိုင်သူနှင့် ထိခိုက်နစ်နာသူ မိသားစုတို့သည် တရားရုံးသို့ လွှဲအပ်ပေးရန် တောင်းဆိုပိုင်ခွင့်နှင့် တရားရုံး၏ အဆုံးအဖြတ်ရရှိခံစားပိုင်ခွင့် ရှိစေရမည်။

၄၀။ မြေသိမ်းလျော်ကြေးအတွက် တရားရုံးသို့ လွှဲအပ်ပေးပို့သည့်အခါ ထုတ်ပေးခြင်းမပြုရသေးသည့် လျော်ကြေးနှင့် နစ်နာကြေးများကိုပါ တစ်ပါတည်းလွှဲအပ်ရမည်။ တရားရုံးသည် မူလသတ်မှတ်သည့် လျော်ကြေးနှင့် နစ်နာကြေးတန်ဖိုးထက် တိုးမြှင့်ဆုံးဖြတ်ပါက တိုးမြှင့်လိုက်သည့် တန်ဖိုးအပြင် ယင်းတန်ဖိုး၏ ၁၅ ရာခိုင်နှုန်းကို သတ်မှတ်ဆုံးဖြတ်ရမည်။ အဆိုပါငွေကို လွှဲအပ်ပေးခြင်း မပြုသေးသည့် ကာလတွင် သာမန်အားဖြင့် မြေသိမ်းလုပ်ငန်းများကို ဆိုင်းငံ့ထားရမည်။

၄၁။ လျော်ကြေးနှင့် နစ်နာကြေးများ စုံလင်စွာထုတ်ပေးပြီးသည့်နောက် သို့မဟုတ် တရားရုံးသို့ လွှဲအပ်ပြီးသည့်နောက်တွင် မြေကို လက်ရောက်သိမ်းယူခြင်းကို မြေသိမ်းယူမှု အကောင်အထည်ဖော် ဆောင်ရွက်ရေးအဖွဲ့က ဆက်လက်ဆောင်ရွက်ရမည်။ မြေကိုလက်ရောက်သိမ်းယူပြီးသည်နှင့် ကြွေးမြီကင်းရှင်းသည့် နိုင်ငံပိုင်မြေအဖြစ်သို့ ရောက်ရှိစေရမည်။ အဆိုပါမြေကို မြေသိမ်းပေးရန် အဆိုပြုသူသို့ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ အမိန့်ဆင့်ဆိုချက်များနှင့်အညီ မြေလွှဲအမှုတွဲဖြင့် လက်ရောက် ပေးအပ်ရမည်။

၄၂။ မြေကို လက်ရောက်သိမ်းယူမှု၊ မြေလွှဲပြောင်းပေးအပ်မှု လုပ်ငန်းစဉ်များ စတင်သည်နှင့် တစ်ပြိုင်တည်း ပုဒ်မ ၄၃ အရ ဖွဲ့စည်းတာဝန်ပေးအပ်ထားသည့် ပြန်လည်နေရာချထားခြင်းနှင့် လူမှုစီးပွားရေးဘဝ ပြန်လည်ထူထောင်ခြင်း လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရန်အတွက် ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် လုပ်ငန်းကော်မတီတို့သည် ပြန်လည်နေရာချထားမှုနှင့် လူမှုစီးပွားရေးဘဝ ပြန်လည်ထူထောင်ပေးမှု လုပ်ငန်းစဉ်တို့ကို ဆောင်ရွက်ရမည်။

## အခန်း (၇)
## ပြန်လည်နေရာချထားခြင်းနှင့် လူမှုစီးပွားရေးဘဝ ပြန်လည်ထူထောင်ခြင်း

၄၃။ မြေသိမ်းယူမှုလုပ်ငန်းများတွင် ပြန်လည်နေရာချထားခြင်းနှင့် လူမှုစီးပွားရေးဘဝ ပြန်လည်ထူထောင်ခြင်းလုပ်ငန်းစဉ်များအကောင်အထည်ဖော်ရန် အတွက် ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် လုပ်ငန်းကော်မတီတို့ကို ဤဥပဒေအရ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ဖွဲ့စည်း တာဝန်ပေးအပ်ရမည်။

၄၄။ ပြန်လည်နေရာချထားခြင်းနှင့် လူမှုစီးပွားရေးဘဝ ပြန်လည်ထူထောင်ခြင်းလုပ်ငန်းတို့တွင် ပုဒ်မ ၁၇၊ ပုဒ်မခွဲ (ဂ) ၌ ဆောင်ရွက်သဘောတူညီခဲ့သည့် အချက်များအား အောက်ပါလုပ်ငန်းစဉ်များအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရမည် -

(က) အိမ်ရာတည်ထောင်မှုဆိုင်ရာလုပ်ငန်းစဉ်များ၊ အိမ်ထောင်စုလူမှုဘဝတည်ထောင်ရေးအတွက် လိုအပ်သည့် အခြေခံအဆောက်အဦများနှင့် ကူညီပံ့ပိုးမှုများ၊ ရပ်ကွက်/ကျေးရွာဖွံ့ဖြိုးရေးအတွက် အခြေခံအဆောက်အဦများနှင့် အခြားလိုအပ်ချက်စသည်များ ပါဝင်သည့် ပြန်လည်နေရာချထားရေးလုပ်ငန်းစဉ်များ၊

(ခ) စိုက်ပျိုးရေးအပါအဝင် သိမ်းဆည်းမြေကို အခြေခံသည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ ကုန်သွယ်မှုလုပ်ငန်းများ၊ အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် အလုပ်အကိုင် အခွင့်အလမ်းများ စီစဉ်ဆောင်ရွက်ပေးမှု စသည်တို့ပါဝင်သည့် လူမှုစီးပွားရေးဘဝ ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များ။

၄၅။ ပြန်လည်နေရာချထားမှုနှင့် လူမှုစီးပွားရေးဘဝ ပြန်လည်ထူထောင်မှုလုပ်ငန်းစဉ်များကို မြေ လက်ရောက်လွှဲအပ်ချိန်တိုင်အောင် မြေသိမ်းပေးရန် အဆိုပြုသူက အသင့်ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါက မြေသိမ်းဆည်းခံရသူများနှင့် ညှိနှိုင်းဆုံးဖြတ်သည့် ယာယီနေထိုင်ရပ်တည်မှုအတွက် ယင်းမှ ကျခံသည့် စရိတ်ဖြင့် ဆောင်ရွက်ပေးစေရမည်။

၄၆။ ပုဒ်မ ၄၃ အရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် လုပ်ငန်းကော်မတီတို့သည် ပုဒ်မ ၄၂ ပါ ကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန်အတွက် မြေသိမ်းဆည်းရေး အကောင်အထည်ဖော်မှုအဖွဲ့မှ ကြိုတင်ညှိနှိုင်း သဘောတူချက်မရှိထားသည့် လုပ်ငန်းစဉ်များအပေါ် အစိုးရအဖွဲ့မှ ဆောင်ရွက်ရမည့်ကိစ္စရပ်နှင့် မြေသိမ်းယူသည့် ဌာနအဖွဲ့အစည်းမှ ဆောင်ရွက်ရမည့် ကိစ္စရပ်များကို ခွဲခြားတာဝန်ပေးအပ်ခွင့်ရှိသည်။

၄၇။ ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် လုပ်ငန်းကော်မတီတို့သည် ပြန်လည်နေရာချထားသည့် နေရာသို့ ပြောင်းရွှေ့နေရာချထားခြင်းကြောင့် ယင်းနေရာရှိ မူလဒေသခံများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ လူမှုရေးဘဝများ၊ သဘာဝပတ်ဝန်းကျင်တို့ ထိခိုက်မှုများ မဖြစ်ပေါ်စေရန် ဖြေရှင်းဆောင်ရွက်ပေးရမည်။

၄၈။ ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် လုပ်ငန်းကော်မတီတို့သည် ပြန်လည်နေရာချထားမှုကြောင့် အမျိုးသမီးများ၊ ကလေးများ၊ တိုင်းရင်းသား လူနည်းစုများနှင့် ဓလေ့ထုံးစံအရ ပိုင်ဆိုင်ခွင့်ရှိသူများ အပါအဝင် ထိခိုက်နစ်နာလွယ်သူများအား ထိခိုက်နိုင်သည့် အခြေအနေကို အထူးဂရုပြု ကြပ်မတ်ရမည်။

## အခန်း (၈)
## အဆောတလျင် မြေသိမ်းခြင်း

၄၉ ။ အောက်ဖော်ပြပါအခြေအနေများနှင့် စပ်ဆိုင်သည့်မြေသိမ်းရန်လိုအပ်သည့်ကိစ္စရပ်များတွင် ပြည်ထောင်စုအစိုးရ၏ မြေကိုသိမ်းယူရန် အမိန့်ကြော်ငြာစာထုတ်ပြန်ပြီးနောက် တစ်ဆယ့်ငါးရက် ကုန်လွန်ပါက မြေသိမ်းလျော်ကြေးငွေနှင့် နစ်နာကြေးများဆောင်ရွက်မှု မရှိသေးစေကာမူ အများပြည်သူအတွက် မြေသိမ်းယူမှု အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့သည် မြေကို အဆောတလျင် လက်ရောက်သိမ်းယူခြင်းပြုနိုင်သည်-

(က) နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးရာ ကိစ္စရပ်များတွင်အရေးပေါ် အခြေအနေအရ နေရာချထား ဆောင်ရွက်ရန် လိုအပ်ခြင်း၊

(ခ) ကူးသန်းသွားလာရေးနှင့် သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများ ရုတ်တရက် ပြောင်းလဲမှု အခြေအနေနှင့် ကြိုတင်မမျှော်မှန်းနိုင်သည့် အခြေအနေကြောင့် မြေတစ်ရပ်ရပ်ကို လိုအပ်ခြင်း၊

(ဂ) အများပြည်သူ ကူးသန်းရောင်းဝယ်ရေးနှင့် ဆက်သွယ်ရေးဆိုင်ရာ အရေးပေါ်ကိစ္စရပ်ကြောင့် မြေတစ်ရပ်ရပ်ကို လိုအပ်ခြင်း၊

(ဃ) တောင်ပြိုမှု၊ ရေလွှမ်းမိုးမှု၊ လေမုန်တိုင်းတိုက်ခတ်မှု အစရှိသည့် သဘာဝဘေး အန္တရာယ်များ ကျရောက်နိုင်မည့် အခြေအနေတွင် အများပြည်သူ ပြောင်းရွှေ့နေရာချထားပေးရန် လိုအပ်ခြင်း၊

(င) ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရ အရေးပေါ် နေရာချထားရေးဆောင်ရွက်ရန် လိုအပ်ခြင်း။

၅၀။ အဆောတလျင် သိမ်းဆည်းမှုပြုရာတွင် သိမ်းယူမည့်မြေများနှင့် စပ်လျဉ်း၍ အောက်ပါမြေများကို ဦးစားပေး စိစစ်သိမ်းယူရမည်-

(က) ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် အရေးပေါ်ကိစ္စရပ်များအတွက် ကြိုတင်လျာထား သတ်မှတ်ထားသည့် မြေများ၊

(ခ) သိမ်းယူမှုသည် အများပြည်သူအကျိုးစီးပွား ထိခိုက်နစ်နာမှု အနည်းဆုံး ဖြစ်ပေါ်စေနိုင်သည့် မြေများ၊

(ဂ) တစ်စုံတစ်ဦးအနေဖြင့် လက်ဝယ်ထားပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိနေသော်လည်း အသုံးချမှု တစ်စုံတစ်ရာ မရှိသေးသည့်မြေများ။

၅၁။ သိမ်းယူမည့်မြေနှင့်စပ်လျဉ်း၍ အကျိုးစီးပွားသက်ဆိုင်သူသို့ အနည်းဆုံး လေးဆယ့်ရှစ်နာရီ ကြိုတင်အကြောင်းကြားခြင်း မရှိဘဲ မြေပေါ်သို့ဝင်ရောက်ခြင်း၊ လက်ရောက်သိမ်းယူခြင်း မပြုရ။

၅၂။ (က) အဆောတလျင် သိမ်းယူမှုအတွက် လျော်ကြေးနှင့် နစ်နာကြေးများကို အချိန်မီဆောင်ရွက် ထုတ်ပေးနိုင်မှု မရှိခဲ့သော်လည်း သိမ်းယူပြီးနောက်တွင် ပုံမှန်သိမ်းယူမှုများတွင်ကဲ့သို့ လျော်ကြေးနှင့် နစ်နာကြေးများကို ပြန်လည်တွက်ချက်ထုတ်ပေးရမည့်အပြင် ပြန်လည်နေရာချထားရေးနှင့် လူမှုစီးပွားရေးထူထောင်ပေးရေး လုပ်ငန်းစဉ်များကိုလည်း ဆက်လက်ဆောင်ရွက်ပေးရမည်၊

(ခ) အဆောတလျင်သိမ်းဆည်းမှုကြောင့် ပျက်စီးဆုံးရှုံးမှုများ ပေါ်ပေါက်ပါက ယင်းအတွက် လျော်ကြေးသီးခြားပေးချေရမည်။

## အခန်း (၉)
## ယာယီ မြေသိမ်းခြင်း

၅၃။ ယာယီမြေသိမ်းဆည်းခြင်းကို အောက်ပါကိစ္စရပ်များတွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ဆောင်ရွက်နိုင်သည် -

(က) နိုင်ငံတော်လုံခြုံရေး၊ ကာကွယ်ရေးနှင့် စစ်ဆင်ရေးများအတွက် ယာယီအသုံးပြုရန် လိုအပ်သည့် ကိစ္စရပ်များ၊

(ခ) နိုင်ငံတော်၏ စီမံကိန်းတစ်ရပ်ရပ်အတွက် စီမံကိန်းကာလအတွင်းသာ ယာယီအသုံးပြုရန် လိုအပ်သည့် ကိစ္စရပ်များ၊

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့က ပြည်တွင်းပြည်ပ ပုဂ္ဂလိက၊ ကုမ္ပဏီများသို့ စီမံကိန်းတစ်ရပ်ရပ်ကို နည်းလမ်းတစ်ရပ်ရပ်အရ ချထားဆောင်ရွက်စေရာတွင် စီမံကိန်း ကာလအတွင်းသာ ယာယီလိုအပ်မည့် ကိစ္စရပ်များ၊

(ဃ) ပြည်ထောင်စုအစိုးရအဖွဲ့က ယာယီအသုံးပြုရန်လိုအပ်သည့် ကိစ္စရပ်များ။

၅၄။ ယာယီမြေသိမ်းခြင်းကာလကို အများဆုံး သုံးနှစ်အထိသာ ခွင့်ပြုရမည်။

၅၅။ ယာယီမြေသိမ်းခြင်းအတွက် အောက်ပါမြေများကို ဦးစားပေး စိစစ်သိမ်းယူရမည်-

(က) တစ်စုံတစ်ဦးအနေဖြင့် လက်ဝယ်ထားပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိနေသော်လည်း အသုံးချမှု တစ်စုံတစ်ရာ မရှိသေးသည့်မြေများ၊

(ခ) သိမ်းယူမှုသည် အများပြည်သူအကျိုးစီးပွား ထိခိုက်နစ်နာမှု အနည်းဆုံး ဖြစ်ပေါ်စေနိုင်သည့် မြေများ။

၅၆။ မြေသိမ်းယူမှု အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့သည် မြေတွင် အကျိုးစီးပွားသက်ဆိုင်သူများထံသို့ မည်သည့်မြေများကို မည်သည့်ကာလ အပိုင်းအခြားအထိ မည်သည့်ကိစ္စရပ်အလို့ငှာ ယာယီသိမ်းယူမည်ဖြစ်ကြောင်း အမိန့် ကြော်ငြာစာနှင့် အသိပေးအကြောင်းကြားစာကို ရေးသား ထုတ်ပြန်ပြီးနောက် ယာယီသိမ်းယူသည့်ကာလအတွက် ပေးအပ်ရမည့် လျော်ကြေး၊ နစ်နာကြေးနှင့် သတ်မှတ်အခကြေးငွေတို့ကို မြေတွင် အကျိုးစီးပွားသက်ဆိုင်သူများနှင့် ညှိနှိုင်းသဘောတူညီချက် ရယူရမည်။

၅၇။ ယာယီမြေသိမ်းခြင်းများတွင် မြေသိမ်းယူမှု အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့နှင့် မြေတွင် အကျိုးစီးပွားသက်ဆိုင်သူများအကြား လျော်ကြေး၊ နစ်နာကြေးတို့နှင့်စပ်လျဉ်း၍ သဘောထား ကွဲလွဲမှု ပေါ်ပေါက်သည့်အခါ၊ မြေတွင် အကျိုးစီးပွားသက်ဆိုင်သူက တောင်းဆိုပါက ယင်းကွဲလွဲမှုအပေါ် အဆုံးအဖြတ်ပေးရန် မြေသိမ်းယူမှု အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့က တရားရုံးသို့ လွှဲအပ်ကာ တရားရုံး၏ အဆုံးအဖြတ်ကို ခံယူရမည်။

၅၈။ ယာယီသိမ်းဆည်းမှုကာလ လွန်မြောက်ပြီးနောက် မြေကို ပြန်လည်အပ်နှံချိန်တွင်လည်း အသုံးပြုမှုကြောင့် မြေတွင် ထိခိုက်ပျက်စီးမှုများရှိခဲ့ပါက မြေတွင် အကျိုးစီးပွားသက်ဆိုင်သူနှင့် ညှိနှိုင်းသဘောတူညီချက်ဖြင့် ပေးလျော်ရမည်။

## အခန်း(၁၀)
## သိမ်းယူလွှဲပြောင်းပေးခဲ့သည့်မြေများကို နိုင်ငံတော်က ပြန်လည်သိမ်းဆည်းခြင်း

၅၉။ မည်သည့်အဖွဲ့အစည်းမှ မည်သို့သော နည်းလမ်းဖြင့် သိမ်းယူခဲ့စေကာမူ အောက်ပါအခြေအနေ တစ်ရပ်ရပ် ပေါ်ပေါက်ခဲ့လျှင် ယင်းမြေအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ နိုင်ငံတော်မှ ပြန်လည်ရယူနိုင်သည်-

(က) သိမ်းယူထားသည့်မြေတွင် နိုင်ငံတော်အတွက် သမိုင်းတန်ဖိုးကြီးမြင့်သည့် ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်များတွေ့ရှိခြင်း၊

(ခ) ဓာတ်သတ္တုနှင့်ကျောက်မျက်ရတနာ တူးဖော်ရန်အလို့ငှာ မဟုတ်မူဘဲ အခြားရည်ရွယ်ချက်ဖြင့် သိမ်းဆည်းမြေတွင် အဖိုးတန် သယံဇာတနှင့် ကြွယ်ဝသတ္တုသိုက်များ တွေ့ရှိခြင်း၊

(ဂ) မူလကတိကဝတ် အာမခံချက်ပြုထားသည့်အတိုင်း လူမှုစီးပွားရေး ထိခိုက်နစ်နာစေမှု ထိန်းသိမ်းရေးနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှု တားဆီးကာကွယ်ရေး အစီအမံများကို လိုက်နာ ဆောင်ရွက်ရန် ပျက်ကွက်မှုကြောင့် ဒေသခံပြည်သူလူထု၏ကျန်းမာရေး ထိခိုက်စေမှုများ ဖြစ်ပေါ်ခြင်း၊ လူမှုစီးပွားရေး အခြေအနေများ ယိုယွင်းထိခိုက်နစ်နာစေခြင်း၊ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်များ ထိခိုက်ပျက်စီးစေခြင်း၊

(ဃ) မူလရည်ရွယ်သည့်အတိုင်း စီမံကိန်းသတ်မှတ်ကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်မှုမရှိခြင်း၊

(င) လျာထားချက်အတိုင်း အသုံးမပြုခြင်း သို့တည်းမဟုတ် အသုံးပြုရန် မလိုအပ်တော့ခြင်း၊

(စ) အသုံးပြုရန် လိုအပ်သည်ထက် ပိုမိုရယူထားကြောင်း စိစစ်တွေ့ရှိခြင်း၊

(ဆ) ပြန်လည်နေရာချထားရေးနှင့် လူမှုစီးပွားရေးဘဝ ပြန်လည်ထူထောင်ရေးများကို သဘောတူညီထားသည့် စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ပေးမှုမရှိခြင်းနှင့် ပျက်ကွက်ခြင်း၊

(ဇ) ပြည်ထောင်စုအစိုးရအဖွဲ့မှ အကြောင်းခြင်းရာတစ်ရပ်ရပ်ကြောင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ မြေသိမ်းမိန့်ကို ပြန်လည်ဖျက်သိမ်းခြင်း။

၆၀။ အထက် ပုဒ်မ ၅၉၊ ပုဒ်မခွဲ (ဂ) မှ (ဆ) အထိ ကိစ္စရပ်များအတွက် နိုင်ငံတော်အနေဖြင့် ပြန်လည်သိမ်းယူခြင်းဖြစ်ပါက မြေသိမ်းမှု ကုန်ကျစရိတ် အရပ်ရပ်ကို ပြန်လည်တောင်းခံပိုင်ခွင့် မရှိစေရ။

၆၁။ အများပြည်သူအတွက် ရည်ရွယ်၍ လုပ်ငန်းတစ်ရပ်ရပ်ဆောင်ရွက်ရန် မြေသိမ်းယူခဲ့သော အစိုးရအဖွဲ့အစည်း၊ ဌာန၊ အသင်းအဖွဲ့များသည် သိမ်းယူခဲ့သောမြေကို အသုံးမပြုတော့လျှင်ဖြစ်စေ၊ သို့တည်းမဟုတ် အသုံးမလိုတော့လျှင်ဖြစ်စေ၊ သို့တည်းမဟုတ် ဆက်လက်အသုံးပြုရန် အကြောင်းမရှိတော့လျှင်ဖြစ်စေ နိုင်ငံတော်သို့ စနစ်တကျပြန်လည်အပ်နှံရမည်။ ယင်းသို့ပြန်လည် အပ်နှံမှုကို အကြောင်းပြု၍ နိုင်ငံတော်ထံမှ တစ်စုံတစ်ရာ တောင်းဆိုပိုင်ခွင့် မရှိစေရ။

## အခန်း (၁၁)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၆၂။ မည်သူမဆို မြေသိမ်းယူမှု အကောင်အထည်ဖော်ဆောင်ရွက်ရေး အဖွဲ့ကသော်လည်းကောင်း၊ ယင်းက တာဝန်လွှဲအပ်ခြင်းခံရသူများကသော်လည်းကောင်း ဥပဒေနှင့်အညီ ဆောင်ရွက်မှုများအား ဟန့်တားခြင်းကိုဖြစ်စေ၊ နှောင့်ယှက်ခြင်းကိုဖြစ်စေ၊ ပိတ်ပင်တားဆီးခြင်းကိုဖြစ်စေ ပြုလုပ်သူသည် ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသောင်းထက်မပိုသော ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

၆၃။ မြေသိမ်းယူမှု အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့တွင် တာဝန်ရှိသူ သို့မဟုတ် ယင်းအဖွဲ့က တာဝန်ပေးအပ်ခံရသူသည် ဤမြေသိမ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မညီညွတ်သည့် ဆောင်ရွက်ချက်များကို မရိုးဖြောင့်သော ရည်ရွယ်ချက်ဖြင့် ပြုလုပ်ခဲ့ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

**စာမျက်နှာ ၂၀ သို့**

## မုံရွာမြို့ ရွှေစည်းခုံ ဘုရားရင်ပြင်တော်တွင် ၁၈ ကြိမ်မြောက် မသိုးသင်္ကန်း ရက်လုပ်ပူဇော်ပွဲကို စတုဒိသာနိဗ္ဗာန်ဈေးပွဲတော်နှင့်အတူ စည်ကားစွာ ကျင်းပ

**မုံရွာ နိုဝင်ဘာ ၃**

တန်ဆောင်မုန်းလပြည့်နေ့ နံနက်အရုဏ်တက်တွင် ဘုရားဆင်းတုတော် ငါးဆူကို ဆက်ကပ်လှူဒါန်းမည့် မသိုးသင်္ကန်းရက်လုပ်ပူဇော်ခြင်းကို နိုဝင်ဘာ ၂ ရက် ညနေ ၅ နာရီက မုံရွာမြို့ ရွှေစည်းခုံဘုရားရင်ပြင်တော်၌ ဖွင့်ပွဲပြုလုပ်၍ ရက်ကန်းစင်ငါးစင်မှ ရက်သား ၃၀ တို့ အားကြိုးမာန်တက် ရက်လုပ်မှုစတင်သည်။

ဖွင့်ပွဲတွင် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးညဏ်အောင်က အဖွင့်အမှာစကားပြောကြားကာ မသိုးသင်္ကန်း ရက်ပြိုင်ပွဲကို ဥက္ကဋ္ဌ ဦးညဏ်အောင်နှင့် စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။

"ပွင့်တော်မူပြီးတဲ့ ဘုရားလေးဆူနဲ့ နောင်ပွင့်တော်မူမယ့် အရိမေတ္တယျ ဘုရားငါးဆူကို ရည်မှန်းပြီး သင်္ကန်းတော်ငါးစုံကို ရက်ကန်းစင်တော်ငါးစင်နဲ့ ရက်လုပ်ပြီး ဆက်ကပ်ပူဇော်ကြမှာဖြစ်ပါတယ်။ မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲကို ၁၃၆၂ ခုနှစ်ကစပြီး ကျင်းပလာတာ အခုဆိုရင် ၁၈ ကြိမ်မြောက်ပြီဖြစ်ပါတယ်။ ရက်လုပ်ပြီးတဲ့ သင်္ကန်းတော်ငါးစုံကို တန်ဆောင်မုန်းလပြည့် နံနက်အရုဏ်မှာ ရွှေစည်းခုံ ရုပ်ရှင်တော်မြတ် ဝိစိတြအာရုံခံရုပ်ပွားတော်၊ ဦးသန်းညွန့် အာရုံခံရုပ်ပွားတော်၊ ဦးသာခုအာရုံခံရုပ်ပွားတော်နဲ့ သိမ်တိုက်ရုပ်ပွားတော်ငါးဆူကို ဆက်ကပ်လှူဒါန်းကြမှာဖြစ်ပါတယ်"ဟု ဥက္ကဋ္ဌ ဦးညဏ်အောင်က ပြောပြသည်။

မုံရွာမြို့ ရွှေစည်းခုံစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့မှ ၁၈ ကြိမ်မြောက် မသိုးသင်္ကန်းကပ်လှူပူဇော်ပွဲဖွင့်ပွဲကို နိုဝင်ဘာ ၂ ရက် ညနေ ၄နာရီခွဲ၌ ပြုလုပ်၍ ရက်ကန်းပြိုင်ပွဲကို ညနေ ၅ နာရီတွင် စတင်၍သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ အကဲဖြတ်ဒိုင် ၁၂ ဦးက အကဲဖြတ်အမှတ်ပေးကြသည်။ ရက်ကန်းပြိုင်ပွဲ ကျင်းပနေချိန်တွင် မုံရွာဒေသခံအလှူရှင်များ၏ စတုဒိသာနိဗ္ဗာန်ဈေးပွဲတော်ကို စားဖွယ်သောက်ဖွယ်စုံဖြင့် ဒါနပြုလှူဒါန်းကျွေးမွေးရာပရိသတ်များစွာ ကုသိုလ်ယူစားသောက်ကြသည်ကို တွေ့ရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

## ဇမ္ဗူသီရိ အထူးကုဆေးရုံကြီး၌ မျက်စိအတွင်းတိမ်လူနာများအား အခမဲ့ ခွဲစိတ် ကုသပေး

**နေပြည်တော် နိုဝင်ဘာ ၃**

လေးကျွန်းသူ ဖောင်ဒေးရှင်းနှင့် မြန်မာ Lifeline Express Foundation (CHINA) တို့ ပူးပေါင်းဆောင်ရွက်သော ၂၀၁၇ မျက်စိအလင်းပြခရီးစဉ် ဆောင်ရွက်ခြင်း အထိမ်းအမှတ်အနေဖြင့် နေပြည်တော် ဇမ္ဗူသီရိအထူးကုဆေးရုံကြီး၌ မျက်စိအတွင်းတိမ်လူနာများအား အခမဲ့ ခွဲစိတ်ကုသပေးခြင်းကို တရုတ်နိုင်ငံ HENAN PROVINCIAL PEOPLE'S HOSPITAL မှ မျက်စိအထူးကုဆရာဝန်ကြီးများနှင့် ဇမ္ဗူသီရိအထူးကုဆေးရုံကြီးမှ မျက်စိအထူးကုဆရာဝန်များ ပူးပေါင်းအဖွဲ့တို့ဖြင့် မျက်စိအတွင်းတိမ် လူနာများအား နိုဝင်ဘာ ၂ ရက် နံနက် ပိုင်းမှစတင်၍ အခမဲ့ စမ်းသပ်၊ စစ်ဆေး၊ ခွဲစိတ်ကုသပေးလျက်ရှိသည်။



မျက်စိဝေဒနာရှင် ၆၀ ကျော်တို့ကို ခွဲစိတ်ကုသပေးသွားမည်ဖြစ်ပြီး မျက်စိဝေဒနာရှင်များအား အခမဲ့စမ်းသပ်၊ စစ်ဆေး၊ ခွဲစိတ်ကုသမှုများ ဆက်လက်ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ရွှေကုက္ကို**

# မန္တလေး အိမ်ခြံမြေဈေးကွက် အရောင်းအဝယ်အေး မြို့တွင်းနှင့် ဆင်ခြေဖုံးရပ်ကွက်များ အိမ်အငှား များပြား

**ချမ်းအေးသာစံ နိုဝင်ဘာ ၃**

မန္တလေးမြို့တွင်း ဧရိယာနှင့် မြို့သစ်များတွင် အိမ်ခြံမြေရောင်းဝယ်မှုများ အေးနေပြီး ချမ်းအေးသာစံမြို့နယ် မြို့တွင်းဧရိယာနှင့် ရတနာပုံဈေးအနီး တိုက်ခန်းများ၊ လုံးချင်းအိမ်များ ဈေးဆိုင်ဖွင့်လှစ်ရန်၊ ကုမ္ပဏီအရောင်းပြခန်းများ ဖွင့်လှစ်ရန် ငှားရမ်းမှုများလာသည်။



ချမ်းအေးသာစံမြို့နယ် ၇၃ လမ်း ၂၆ လမ်းနှင့် ၃၅ လမ်းကြား၊ ၇၈ လမ်း ၂၆ လမ်းနှင့် ၃၈ လမ်းကြားတွင် ဖုန်းအရောင်းဆိုင်၊ အွန်လိုင်းစတိုး၊ ဆိုင်ကယ်အရောင်းပြခန်း၊ ယာဉ်အလှဆင်ပစ္စည်း အရောင်းဆိုင် ဖွင့်လိုသူများ ငှားရမ်းမှုများပြီး ပေ ၂၀၊ ပေ ၄၀ အကျယ် တိုက်ခန်းတစ်ခန်း ငှားရမ်းခ ကျပ် ၁၀ သိန်းဝန်းကျင်ရှိပြီး လုံးချင်းအိမ်များ တစ်လ ကျပ်သိန်း ၂၀ ကျော်ရှိကြောင်း အိမ်ခြံမြေ အကျိုးဆောင်များထံမှ သိရသည်။

မန္တလေး ဆင်ခြေဖုံး ရပ်ကွက်များဖြစ်သော ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာရပ်ကွက်၊ ထွန်းတုံးရပ်ကွက်၊ သင်ပန်းကုန်းရပ်ကွက်တို့တွင်လည်းအခြားပြည်နယ်နှင့် တိုင်းဒေသကြီးများမှ မန္တလေးမြို့သို့ လာရောက်၍ စီးပွားလာရှာကြသော မိသားစုများကလည်း လုံးချင်းအိမ်များ ငှားရမ်းမှုများလာရာ မနော်ဟရီလမ်းနှင့် မင်းကြီးရန်နောင်လမ်းကြား ၅၅ လမ်းရှိ လုံးချင်းအိမ်ငှားဈေးများ ကျပ်ငါးသိန်းဝန်းကျင်အထိ ဈေးမြင့်သွားသည်။

ချမ်းမြသာစည်မြို့နယ်ရှိ တန်းဖိုးနည်းအိမ်ရာနှင့် တန်းဖိုးမျှတအိမ်ရာများတွင်လည်း အငှားဈေးကွက် မြင့်တက်လာရာ မြေညီထပ် တစ်လ သုံးသိန်းဝန်းကျင် ဈေးပေါက်လျက်ရှိပြီး စတုတ္ထထပ် ကျပ်တစ်သိန်းဈေးရှိရာ မိသားစုနည်းသူများ ငှားရမ်းနေထိုင်ကြသည်။ မန္တလေးတက္ကသိုလ်အနီး မဟာနွယ်စဉ်ရပ်ကွက်၊ စကြာနွယ်စဉ်ရပ်ကွက်တို့တွင်လည်း ဘော်ဒါဆောင် ငှားရမ်းခများလည်း ဈေးမြင့်တက်လျက်ရှိပြီး ရေမီးအစုံ နှစ်ယောက်ခန်း တစ်လ ငွေကျပ် ၁၂၀၀၀၀၊ စုပေါင်းခန်း တစ်ယောက် ကျပ်သုံးသောင်းဝန်းကျင်ရှိသည်။ နယ်မှလာရောက်၍ မန္တလေးမြို့ရှိ ကုမ္ပဏီ၊ စတိုးဆိုင် လုပ်သူ အမျိုးသမီးများ ငှားရမ်းနေထိုင်ကြကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

## အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဆင်းပွဲ မြင်းမူမြို့၌ကျင်းပ

**မြင်းမူ နိုဝင်ဘာ ၃**

မီးဘေးအန္တရာယ် ကာကွယ်ရေးနှင့် သဘာဝဘေးအန္တရာယ် ဖြစ်ပွားမှုများအား လျင်မြန်စွာ တုံ့ပြန် ဖြေရှင်းဆောင်ရွက်နိုင်ရေးတို့အတွက် မီးသတ်သင်တန်းများဖွင့်လှစ်၍ သင်ကြားပေးခဲ့သော အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (မွမ်းမံ) သင်တန်း (၁/၂၀၁၇) ဆင်းပွဲနှင့် လက်တွေ့မီးငြိမ်းသတ်ခြင်း သရုပ်ပြခြင်းကို နိုဝင်ဘာ ၃ ရက်က စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ် မီးသတ်စခန်း၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးစံသက်ထွန်းက အမှာစကားပြောကြားသည်။ ထို့နောက်မြို့နယ်မီးသတ်ဦးစီးမှူး ဦးမျိုးသူအောင်က သင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ယင်းနောက် သင်တန်းထူးချွန်ဆုများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်နီလာလွင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတင်အောင်လွင်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မြင့်ဦး၊ မြို့နယ်မီးသတ်စခန်း ဦးစီးမှူး ဦးမျိုးသူအောင်နှင့် မြတ်သုခ လူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဦးချွန်မာတို့က အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။ ထို့နောက် မြို့မိမြို့ဖ ဦးစိန်လှက သင်တန်းဖွင့်လှစ်သင်ကြားပေးခြင်းအတွက် ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ သင်တန်းတွင် သင်ကြားပို့ချပေးခဲ့သော ဆီမီးလောင်မှုအတွက် ရှေးဦးစွာ ရေဝတ်အစိုဖြင့် ဖုံးအုပ်ငြိမ်းသတ်ခြင်း၊ မီးသတ်ဆေးဘူး(DCP)အသုံးပြု ငြိမ်းသတ်ခြင်း၊ မီးသတ်စက်ကလေးအသုံးပြု ငြိမ်းသတ်ခြင်းနှင့်ဆီမီးလောင်မှုအတွက် (FOAM) အမြှုပ်ဆေးရည်ဖြင့် ငြိမ်းသတ်သရုပ်ပြခြင်းများအား သင်တန်းဆင်း အရန်မီးသတ်တပ်ဖွဲ့ဝင်များက လက်တွေ့ပြသခဲ့ကြကြောင်းသိရသည်။ ယခုသင်တန်းသို့ စိတ်ပါဝင်စားသူ သင်တန်းသား၊ သင်တန်းသူ ၅၀ တက်ရောက်သင်ကြားခဲ့ကြပြီး သင်တန်းကာလမှာ ၂၆ ရက်ဖြစ်ကြောင်း သိရသည်။

**အောင်စိုးဖေ (မြင်းမူ)**

## ဟိုတယ်၊ မိုတယ်များ မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**မုံရွာ နိုဝင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနနှင့် တိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနတို့ပူပေါင်း၍ မုံရွာမြို့နှင့် စစ်ကိုင်းမြို့နယ်များရှိ ဟိုတယ်နှင့် မိုတယ်များတွင် မီးဘေးလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ အသိပညာပေးဟောပြောပွဲကို မုံရွာမြို့ ဝင်းယူနတီ ဟိုတယ် အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၂ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

"ဟိုတယ်ခရီးဝန်ကြီးဌာနအနေဖြင့် ဟိုတယ်လုပ်ငန်းလိုင်စင်တွေ ခွင့်ပြုတဲ့အခါမှာ မီးဘေးလုံခြုံရေး ဆောင်ရွက်ထားရှိမှုနဲ့ပတ်သက်ပြီး တော့မှ သက်ဆိုင်ရာ မီးသတ်ဦးစီးဌာနရဲ့ ထောက်ခံချက်တွေကို ထည့်သွင်း စဉ်းစားပြီး တော့မှ စစ်ဆေးခွင့်ပြုပေးလျက်ရှိသလို သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိအောင် သဘာဝပတ်ဝန်းကျင် ဦးစီးဌာနရဲ့ ထောက်ခံချက်တွေနဲ့ ဟိုတယ်၊ တည်းခိုရိပ်သာတွေကို လိုင်စင်များ ခွင့်ပြုပေးလျက်ရှိပါတယ်၊ ခွင့်ပြုပေးတဲ့နေရာမှာလည်း ခွင့်ပြုချက်တွေနဲ့ စစ်ဆေး အတည်ပြုပေးပြီးတော့မှ ဟိုတယ်လိုင်စင်တွေကို ပေးခဲ့ပေမယ့်လည်း နောက်ပိုင်းမှာ ဟိုတယ်၊ တည်းခိုရိပ်သာများအနေနဲ့ မီးဘေးအန္တရာယ်နဲ့ ပတ်သက်ပြီး ထိထိရောက်ရောက် ဆောင်ရွက်မှု မရှိတဲ့အတွက်ကြောင့် အချို့ဟိုတယ်၊ တည်းခိုရိပ်သာတွေမှာ မီးလောင်မှုတွေ ဖြစ်ပေါ်ပြီးတော့ အဆောက်အအုံများ ပျက်စီးဆုံးရှုံးခြင်း၊ လူများ ထိခိုက်ဒဏ်ရာရရှိတာတွေ များစွာတွေ့ရှိနေရပါတယ်။ အဲဒီအတွက် ကျွန်တော်တို့ တိုင်းဒေသကြီးအတွင်းက ဟိုတယ်၊ မိုတယ်တွေနဲ့ တည်းခိုခန်းတွေမှာ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် အခုလို ဟောပြောပွဲကို ကျင်းပတာပါ" ဟု စစ်ကိုင်းတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွား ညွှန်ကြားမှုဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးအောင်သူဦးက ပြောသည်။

ဟိုတယ်နှင့် ခရီးသွားဝန်ကြီးဌာန ရုံးချုပ်အနေဖြင့် မီးဘေးအန္တရာယ်နဲ့ ပတ်သက်၍ ကြိုတင်ကာကွယ်ရေးအတွက် ဟိုတယ်တွေမှာ တပ်ဆင်ထားသည့် မီးအလန့်များ၊ မီးသတ်ရေပိုက်လိုင်း၊ ရေပိုက်ခေါင်းများ၊ မီးခလုတ်များပြုပြင်ဖို့ရန်နှင့် အရေးပေါ်ရေကားများ ကြံ့ခိုင်ရေး စစ်ဆေးခြင်းများအပြင် မီးဘေးလုံခြုံရေး ဇာတ်တိုက်လေ့ကျင့်ခြင်းများကို လစဉ်ပြုလုပ်ပေးဖို့ ညွှန်ကြားချက်တွေ ထုတ်ပြန်ထားပြီး အရေးပေါ် ထွက်ပေါက် လှေကားများကို ပြုလုပ်ထားပြီး အရေးပေါ်ထွက်ပေါက် လှေကားများကို အမြဲအသုံးပြု၍ ရအောင် ဆောင်ရွက်ထားရန် ညွှန်ကြားချက်များ ထုတ်ပြန်ထားကြောင့် သိရသည်။

"မြန်မာနိုင်ငံကမီးဘေးနဲ့ပတ်သက်ပြီး ကြိုတင်ကာကွယ်မှုတွေလုပ်ဆောင်ဖို့ အင်မတန်အားနည်းပါတယ်၊ တခြားနိုင်ငံတွေမှာ ကွန်ဒိုတစ်ခု တည်ဆောက်မယ်ဆိုရင် မီးသတ်ယာဉ်တွေ အဝင်-ထွက်လမ်းချန်ရပါတယ်၊ တခြားကြိုတင်ကာကွယ်ရေးအတွက် လိုအပ်တဲ့ပစ္စည်းတွေကိုလည်း တပ်ဆင်ရပါတယ်၊ အဲဒီအတွက် အခုဟောပြောပွဲကို လုပ်ဆောင်ရတာပါ၊ ဟိုတယ်တွေနဲ့ မိုတယ်တွေကို မီးဘေးကြိုတင် ကာကွယ်ရေးအတွက် စစ်ဆေးတာက လိုအပ်လို့လုပ်တာပါ၊ လုပ်ငန်းရှင်တွေရဲ့ ရင်းနှီးမြှုပ်နှံမှု တန်ဖိုးတွေ မီးလောင်မှုကြောင့် ဆုံးရှုံးမှု မရှိစေရေးအတွက် လုပ်ဆောင်ပေးရတာပါ၊ ထိခိုက်ပျက်စီးဆုံးရှုံးမှုတွေဖြစ်လာရင် ပေးဆပ်ရတာများပါတယ်။ ဘာဖြစ်လို့လည်းဆိုရင် ကနဦးတည်ဆောက်စဉ်ကာလ ကတည်းက လုပ်ဆောင်ရမယ့် ဟာတွေကို အကြံပြုပြောခဲ့ပေမယ့် လိုက်နာမှု အားနည်းတဲ့အတွက် ဖြစ်ခဲ့တာဖြစ်ပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမင်းစမ်းအေးက ပြောသည်။

အဆိုပါ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲတွင် ဟိုတယ်၊ မိုတယ်များတွင် ဖြစ်ပွားလေ့ရှိသော မီးလောင်မှုများ၊ နိုင်ငံတကာတွင်ဖြစ်ပွားခဲ့သော ဟိုတယ်မီးလောင်မှုကြီးများ၊ ဟိုတယ်များ မီးဘေး ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ရမည့် အချက်များ၊ မီးထောက်လှမ်းမှုနှင့် မီးလှန့်အချက်ပေးမှုစနစ်များ၊ အလိုအလျောက် မီးထောက်လှမ်းရေးကိရိယာများ၊ မီးငြိမ်းသတ်နိုင်သော စနစ်များ၊ မီးဘေးနှင့် အသက်ဘေးအန္တရာယ်တို့မှ ကယ်ဆယ်ရေးအစီအစဉ်များ၊ မီးသတ်ဆေးဘူး အမျိုးအစားများအကြောင်းကို ရှင်းလင်းပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လာသည့် ဟိုတယ်၊ မိုတယ်နှင့် တည်းခိုခန်းလုပ်ငန်းရှင်များ၏ သိရှိလိုသည့် အချက်များကို ပြန်လည်ရှင်းလင်းဖြေကြားကာ လက်တွေ့ မီးငြိမ်းသတ်ခြင်း သရုပ်ပြသခဲ့ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ယခင်က ဟိုတယ် ၂၃ လုံးရှိခဲ့ပြီး ယခုအခါမှာ ၂၉ လုံး ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပြီး စည်ပင်သာယာအဖွဲ့မှ လိုင်စင်ထုတ်ပေးထားသည့် တည်းခိုရိပ်သာ ၃၁ လုံးရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းများအရ သိရသည်။

**ဝင်းဦး(ဓေယျာတိုင်း)**

## အထက်မင်းလှမြို့၌ရိုးရာဓလေ့ လှေလှော်ပြိုင်ပွဲနှင့် ရှားမီးမျှောပွဲ ကျင်းပ

**မင်းလှ နိုဝင်ဘာ ၃**

ဆယ်နှစ်ခန့်ကြာ မကျင်းပဖြစ်ခဲ့သည့် တန်ဆောင်တိုင်အထိမ်းအမှတ် ရိုးရာဓလေ့လှေလှော်ပြိုင်ပွဲအား အထက်မင်းလှမြို့ တောင်ရပ်ကွက် ဧရာဝတီမြစ်အတွင်း၌ နိုဝင်ဘာ ၂ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ပြီး ညပိုင်းတွင် ဆင်းရဲရှားပါးမှုများ လျော့ပါးစေရန်ရည်ရွယ်၍ ရှင်ဥပဂုတ္တရဟန္တာအရှင်သူမြတ်အား ရှားမီး ၁၅၀၀ ရေမျှော ပူဇော်ခဲ့ကြောင်း ဒေသခံများထံမှ သိရသည်။

"ဒီပြိုင်ပွဲမဖြစ်တာ ၁၀ နှစ်လောက်ရှိပြီ၊ ဒီနှစ်မှ ရိုးရာပွဲလေး ဖော်ထုတ်ချင်တယ်ဆိုလို့ ဝိုင်းဝန်းလုပ်ဖြစ်ကြတာ၊ ရှားမီးမျှောတယ်ဆိုတာက ကျွန်တော့်အမြင်တော့ ခုနစ်ရက်သားသမီးတွေ ရှားပါးမှုတွေ ကင်းစင်ပြီး အပူမီးတွေငြိမ်းအေးအောင်လို့ပါ"ဟု ပွဲဖြစ်မြောက်ရေး ဦးဆောင်သူ ဦးအောင်သန်းဝင်းက ဆိုသည်။



လှေလှော်ပြိုင်ပွဲတွင် အမျိုးသား ၁၁ သင်းနှင့် အမျိုးသမီး နှစ်သင်း ဝင်ရောက် ယှဉ်ပြိုင်ခဲ့ပြီး ပထမဆု ကျပ် ၉၀၀၀၀၊ ဒုတိယဆု ကျပ် ၇၀၀၀၀၊ တတိယဆု ကျပ် ၅၀၀၀၀၊ နှစ်သိမ့်ဆုအဖြစ် ပြိုင်ပွဲဝင်လှေတစ်စီးလျှင် ကျပ် ၁၀၀၀၀ နှုန်းဖြင့် ဆုများချီးမြှင့်သည်။

"ကျွန်တော်တို့မြို့နယ်မှာ ဒီလိုပြိုင်ပွဲတွေရှိပြီး ရိုးရာဓလေ့တွေကိုဖော်ထုတ်ကာ မြို့နယ်ရဲ့ ဂုဏ်ကိုမြှင့်တင်တဲ့ သဘော သက်ရောက်ပါတယ်၊ မြို့သူမြို့သားတွေ ပိုပြီး စည်းလုံးညီညွတ်ဖို့အတွက်လည်း ရည်ရွယ်ပါတယ်" ဟု မင်းလှမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအုန်းခင်က ပြောသည်။

ရှားမီးများမျှောကာ ရှင်ဥပဂုတ္တရဟန္တာအရှင်သူမြတ်အား ပူဇော်ခြင်းဖြင့် ဆင်းရဲရှားပါးမှုများ လျော့နည်းသွားလိမ့်မည်ဟု ယုံကြည်ကြောင်း ဒေသခံများ၏ ပြောပြချက်အရ သိရသည်။ **ဧယျာတု(မကွေး)**



## ဂန့်ဂေါမြို့ ရွှေပြည်ဆိပ်ဦးစေတီတော်ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပ

**ဂန့်ဂေါ နိုဝင်ဘာ ၃**

ဂန့်ဂေါမြို့ ရှေးဟောင်းသမိုင်းဝင် ရွှေပြည်ဆိပ်ဦးစေတီတော် ဗုဒ္ဓပူဇနီယပွဲတော်၏ သံဃဒါနဆွမ်းလောင်းလှူပွဲကို နိုဝင်ဘာ ၃ ရက် နံနက်က အဆိုပါစေတီတော်ရှေ့ မျက်နှာစာနေရာ၌ ကျင်းပရာ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌနှင့် သံဃာတော် ၁၈၅ ပါးတို့ ကြွရောက်တော်မူကြ၍ ပြည်သူတစ်သောင်းကျော်တို့က ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူဆက်ကပ်ကြသည်။

ရွှေပြည်ဆိပ်ဦးစေတီတော်သည် ဘုရားရှင်၏ ဓာတ်တော်များ ဌာပနာ၍ တည်ထားခဲ့သည့် ကမ္ဘာ့သာသနာပြုမင်း သီရိဓမ္မာသောကရာဇာ၏ အလှူတော် စေတီပေါင်းရှစ်သောင်းလေးထောင်ထဲမှ တစ်ဆူဖြစ်ကာ မုဋ္ဌောစေတီ(သို့မဟုတ်) ဓမ္မရာတိက မုဋ္ဌောစေတီတော်မြတ်ဖြစ်ကြောင်း၊ ထိုစေတီကို သက္ကရာဇ် ၄၅၇ ခုနှစ်တွင် အလောင်းစည်သူမင်းတရားကြီးက ပြန်လည်မွမ်းမံ၍ ရွှေမုဋ္ဌောဖောင်တော်ဦးစေတီတော်ဟု ကမ္ပည်းမော်ကွန်းတင်ခဲ့ကြောင်း၊ ထို့ပြင် ကောဇာသက္ကရာဇ် ၁၁၄၇ ခုနှစ်တွင် ဂန့်ဂေါမြို့ ဒက္ခိဏာရာမကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ သာသနက ဦးဆောင်၍ စေတီတော်ကို မွမ်းမံပြီး ရွှေပြည်ဆိပ်ဦးစေတီတော်ဟု ကမ္ပည်းမော်ကွန်း တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(၄၆၅)**

# ချင်းပြည်နယ်ရှိ ဘုံတလာ ရေတံခွန်ကို ခရီးသွားလုပ်ငန်း မြှင့်တင်မှုပြုလုပ်ရန် အဆင့်မြှင့်တင်မည်

**မတူပီ နိုဝင်ဘာ ၃**

ချင်းပြည်နယ်အတွင်း ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ပိုမိုအဆင်ပြေကောင်းမွန်ပြီး ဒေသတွင်းခရီးသွားနှုန်း မြင့်တက်လာစေရန်၊ လာရောက်လည်ပတ်သည့် ပြည်တွင်းပြည်ပ ခရီးသည်များ အလွယ်တကူ လည်ပတ်နိုင်စေရန်နှင့် လက်ရှိဖော်ဆောင်နေသော သဘာဝအခြေပြု ခရီးသွားလုပ်ငန်းများ အထောက်အကူပြုနိုင်ရန် ရည်ရွယ်၍ မတူပီမြို့နယ်ရှိ ဘုံတလာရေတံခွန်သို့ ခရီးသွားဝင်ရောက်မှု များလာသောကြောင့် သွားလာမှု အဆင်ပြေစေရန် လမ်းဖောက်လုပ်မှုနှင့် အဆင့်မြှင့်တင်မှုများ ပြုလုပ်မည်ဖြစ်ကြောင်း ချင်းပြည်နယ်လွှတ်တော်ရုံးမှ သိရသည်။



ဘုံတလာ ရေတံခွန်သွားရာလမ်းတွင် သံတံတားတစ်စင်းနှင့် ကြိုးတံတားတစ်စင်းတို့ကို ဖြတ်သွားရပြီး အဆိုပါလမ်းကိုလည်း သွားလာမှု ပိုမိုအဆင်ပြေစေရန် လမ်းဖောက်လုပ်မှုနှင့် အဆင့်မြှင့်တင်မှုများ ပြုလုပ်မည်ဖြစ်ကြောင်း၊ ရေတံခွန်မှာ ပထမအဆင့်၊ ဒုတိယအဆင့်နှင့် တတိယအဆင့်များကိုသာ လည်ပတ်နိုင်သောကြောင့် ခရီးသွားလုပ်ငန်းအတွက် အပေါ်ဆုံးအထိ တက်ရောက်လည်ပတ်နိုင်ရန် လမ်းဖောက်လုပ် သွားမည်ဖြစ်ကြောင်း၊ ချင်းပြည်နယ်သို့ ခရီးသွားဝင်ရောက်မှုမှာ တစ်နှစ်ထက်တစ်နှစ် အရေအတွက် တိုးလာလျက်ရှိရာ ယခုအခါ နတ်မတောင် အမျိုးသားဥယျာဉ် အပါအဝင် အခြားနေရာများဖြစ်သည့် ဘွေပါးတောင်နှင့် ဇိန်မူတောင်တို့အား ခရီးသွားလုပ်ငန်းများ၏ အခြေခံစခန်းအဖြစ် တိုးချဲ့တည်ထောင်ရန် တိုင်းတာမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"မြန်မာနိုင်ငံမှာ အတော်လေးထူးဆန်းပြီး အဆင့် ခုနစ်ဆင့်ရှိတဲ့ ဘုံတလာရေတံခွန်ဟာ မရောက်ဖူးတဲ့သူတွေ သွားသင့်သွားထိုက်တဲ့ ရေတံခွန်လေးပါ၊ ချင်းပြည်နယ်မှာ လည်ချင်စရာ အကောင်းဆုံးနေရာတွေထဲမှာ တစ်ခုအပါအဝင် ဖြစ်ပါတယ်၊ ရန်ကုန်ကနေ ပခုက္ကူ-မင်းတပ်-မတူပီလမ်းအတိုင်း တိုက်ရိုက်ကားတွေ အများကြီးရှိပါတယ်၊ မတူပီမြို့ကနေ ၁၀ မိုင်လောက်ပဲဝေးပြီး ကား၊ ဆိုင်ကယ်နဲ့သွားရင် မိနစ် ၃၀ လောက်ပဲကြာပါတယ်၊ ပြီးမှ ခြေကျင်နဲ့ မိနစ် ၂၀ သာသာသွားရပါတယ်" ဟု ဘုံတလာရေတံခွန်သို့ လေ့လာရေးခရီး သွားရောက်သူတစ်ဦးက ပြောသည်။

ဘုံတလာရေတံခွန်သည် မတူပီမြို့ တောင်ဘက် ၁၀ မိုင်ခန့်အကွာ ဖနိုင်ကျေးရွာအုပ်စု ထိစောင်ကျေးရွာတောင်ဘက် ပင်လယ်ရေမျက်နှာပြင် အမြင့်ပေ ၄,၂၀၀ ကျော်တွင် တည်ရှိပြီး ပထမဦးစွာ ကား သို့မဟုတ် ဆိုင်ကယ်တို့ဖြင့်သွားပြီးပါက ခြေကျင်ခရီးကို မိနစ် ၂၀ ခန့် လျှောက်ရကြောင်း၊ လမ်းတစ်လျှောက်တွင် ရွှေပြောင်းတောင်ယာစိုက်ခင်းများ၊ လှေကားထစ်စိုက်ခင်းများ၊ ကျေးရွာများနှင့် တောတန်းများကို တွေ့ရှိနိုင်သောကြောင့် သဘာဝအခြေခံ ခရီးသွားလိုသူများ သွားရောက်မှုရှိကြောင်း မတူပီမြို့နယ် ဒေသခံတစ်ဦးက ပြောသည်။

ချင်းပြည်နယ်သည် အခြားသော ခရီးစဉ်ဒေသများနှင့်မတူသော ထူးခြားသည့် သဘာဝအလှအပများ ပိုင်ဆိုင်ထားပြီး ပျမ်းမျှအမြင့်ပေ ၅၀၀၀ နှင့် ၈၀၀၀ ကြားရှိ တောင်တန်းများဖြင့် ဖွဲ့စည်းထားသည့် တောင်တန်းဒေသတစ်ခုဖြစ်ကာ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယနိုင်ငံတို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိပြီး ရှားပါးငှက်မျိုးစိတ်များ၊ သဘာဝပေါက်ပင်နှင့် သစ်ပင်ပန်းမန်များ၊ သဘာဝရေကန်များ၊ လိပ်ပြာများနှင့် တောရိုင်းတိရစ္ဆာန်များကို လေ့လာနိုင်သည့်အပြင် ဒေသခံတိုင်းရင်းသား မျိုးနွယ်စုများ၏ ဓလေ့စရိုက်များနှင့် နေထိုင်မှုပုံစံများ၊ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများ၊ ဝတ်စားဆင်ယင်ပုံများကိုပါ လေ့လာနိုင်သော ဒေသဖြစ်ကြောင်း သိရသည်။ **ဇိုဟေဆာ**

## ဝင်ငွေကောင်းရရှိနိုင်သည့်မှိုစိုက်နည်းကို ပြည်သူများ စိတ်ဝင်စား

**မြစ်ကြီးနား နိုဝင်ဘာ ၃**

ကချင်ပြည်နယ်အတွင်းမှာ ၂၀၁၁ ခုနှစ်ကစပြီး ဒေသတွင်း မလုံခြုံမှုတွေရှိခဲ့တဲ့နောက်ပိုင်း နိုင်ငံတော်အစိုးရနဲ့ ပြည်နယ်အစိုးရတို့က ကြီးကြပ်ပြီး နေရပ်စွန့်ခွာပြည်သူတွေရဲ့ စားဝတ်နေရေးကိစ္စတွေကို နိုင်ငံတကာ အဖွဲ့အစည်းတွေရဲ့အားနဲ့ ကူညီကယ်ဆယ်ရေး လုပ်ငန်းတွေကို ဆောင်ရွက်ပေးခဲ့ပါတယ်။ "ခုနောက်ပိုင်းမှာ နေရပ်စွန့်ခွာပြည်သူတွေကို အသက်မွေးဝမ်းကျောင်း ပညာရပ်တွေ သင်ကြားပေးလျက်ရှိရာမှာ ဒေသတွင်း ကုန်ကြမ်းရှာဖွေရလွယ်ကူပြီး မြေနေရာကျဉ်းကျဉ်းနဲ့ စိုက်ပျိုးရလွယ်ကူပြီး ဝင်ငွေကောင်းရရှိစေတဲ့ မှိုစိုက်ပျိုးနည်းကို ပြည်သူတွေစိတ်ပါဝင်စားမှုများပါတယ်"ဟု ပြည်နယ် စိုက်ပျိုးရေး ဦးစီးဌာနမှူး ဦးတူးမိုင်က နိုဝင်ဘာ ၁ ရက် မွန်းလွဲ၁နာရီက မြစ်ကြီးနားမြို့ တပ်ကုန်းရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးရှိ နန်ရားဖုန်ခန်းမ၌ ကျင်းပသည့် မှိုစိုက်ပျိုးနည်း လက်တွေ့လုပ်ငန်းစဉ်များ သရုပ်ပြရှင်းလင်းခြင်း အခမ်းအနားတွင် ပြောကြားခဲ့သည်။

အဆိုပါ မှိုစိုက်ပျိုးထုတ်လုပ်ခြင်း လက်တွေ့ သရုပ်ဖော်လုပ်ဆောင်ရှင်းလင်းပြသခြင်းအခမ်းအနားတွင် ကောက်ရိုးမှို၊ ငွေနှင်းမှို၊ ငွေမိုးမှိုနှင့် ကြွက်နားရွက်မှို မျိုးထည့်ခြင်း၊ မြေစာစပ်ခြင်း၊ ပေါင်းခံခြင်း၊ ပုံသွင်းဇလားခွက်အတွင်း ကောက်ရိုးမှိုပြုလုပ်ခြင်းနှင့် အပူအအေးမျှတစေရန် ချိန်ညှိခြင်း၊ မှိုပွင့်များဆွတ်ယူခြင်းများအား အဆင့်လိုက် ရှင်းလင်းတင်ပြရာ တက်ရောက်လာသည့် ဒေသခံများက ကိုယ်တိုင်ပါဝင်လုပ်ဆောင်ကြပြီး သိလိုသည်များအား မေးမြန်းခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**ဦးလေးကြီး**

## ချင်းတွင်းတံတား(ဟုမ္မလင်းစီမံကိန်း) ၂၀၁၈ ခုနှစ်တွင် ပြီးစီးမည်

**ဟုမ္မလင်း နိုဝင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် ဟုမ္မလင်းမြို့နယ်နှင့် တမူးမြို့နယ်သို့ ဆက်သွယ်တည်ဆောက်လျက်ရှိသော ချင်းတွင်းတံတား (ဟုမ္မလင်းစီမံကိန်း) သည် ၂၀၁၈ ခုနှစ် မတ်လကုန်တွင် ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါတံတား စတင်တည်ဆောက်ခြင်းကို ၂၀၁၆ ခုနှစ်က စတင်ခဲ့တာဖြစ်ပြီး တံတားအရှည် ၂၇၆၂ ဒသမ ၆ ပေဖြစ်ကြောင်း သိရသည်။ တံတားအကျယ် ၂၈ ပေဖြစ်ပြီး သံမဏိသံပေါင်တံတား အမျိုးအစားဖြစ်သည်။ တံတားတည်ဆောက်ရာတွင် ကျပ်သန်းပေါင်း ၂၁၇၁၂ သန်းခန့် ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။

"ဒီတံတားကြီး ဆောက်လုပ်ပြီးစီးသွားရင်တော့ ဟုမ္မလင်းမြို့ အရှေ့ဘက်ကမ်းက ကျေးရွာတွေအပါအဝင် ဟုမ္မလင်းမြို့ကြီးလည်း ဖွံ့ဖြိုးတိုးတက်သွားမှာပါ၊ အိန္ဒိယနယ်စပ်အထိ လမ်းတွေက ပေါက်သွားမှာပါ" ဟု ဒေသခံတစ်ဦးက ပြောသည်။

ဒေသဖွံ့ဖြိုးရေးအတွက် ရည်ရွယ်ပြီး တည်ဆောက်နေသည့် ချင်းတွင်းတံတား (ဟုမ္မလင်းစီမံကိန်း) ကို တံတားအထူးအဖွဲ့ ၂ က တာဝန်ယူ ဆောက်လုပ်နေကြောင်း သိရသည်။ **ကျောင်းတော်ရာမောင်ဦး**



# လက်တွေ့အသုံးချဆေးနည်းတိုများ (၃၈)

ကြည်လွင်မြင့်(မုဒြာ)





**ဆရာခင်ဗျာ ကျွန်တော်ရေနွေးကြမ်း အလွန်ကြိုက်ပါတယ်။ ညအိပ်ရာမဝင်ခင် စာအုပ်ဖတ်ရင်း ရေနွေးကြမ်းသောက်လေ့ရှိတယ်။ ညဘက်အိပ်မပျော်ဘဲ ဆီး နှစ်ကြိမ်၊ သုံးကြိမ် ထသွားရပါတယ်။ ညဘက်ဆီးသွားသူတွေ လေဖြတ်ဝေဒနာ ခံရလေ့ရှိတယ်ဆိုတာ မှန်ပါသလား ဆရာ။ ဆင်ခြင်စရာတွေ တင်ပြပေးပါလို့ လေးလေးစားစား တောင်းဆိုအပ်ပါတယ်။**

ရာသီဥတုအေးတဲ့အခါ ညဘက် ဆီးအကြိမ်ကြိမ် ထသွားသူတွေ လေဖြတ်ခံရလေ့ရှိတယ်။ အထူးသဖြင့် သက်ကြီးရွယ်အိုတွေမှာ ဖြစ်လေ့ရှိပါတယ်။ ရက်ရှည်လများ ညဘက်ဆီးသွားနေရင် ဘာအကြောင်းကြောင့်ဖြစ်သလဲ စစ်ဆေးသင့်ပါတယ်။ ဆီးချိုကြောင့်၊ ကျောက်ကပ်ကြောင့် ဆီးအကြိမ်ကြိမ်သွားတာဖြစ်နိုင်ပြီး ရေသောက်များတာ၊ ရေနွေးကြမ်းအသောက်များတာတို့ကြောင့်လည်း ဆီး ခဏခဏသွားတာဖြစ်နိုင်ပါတယ်။ ရေနွေးကြမ်းဟာ ကောင်းကျိုးပြုတဲ့ အချက်တွေရှိပေမယ့်လည်း ညအိပ်ရာဝင်ခါနီး များများမသောက်သင့်ပါ။ ဆီးသွားတာကို မထိန်းနိုင်တဲ့လူကြီးတွေ၊ ဆီးကျိတ်ပြဿနာရှိတဲ့လူကြီးတွေမှာ အိပ်ရာဝင်ခါနီး ရေလျှော့သောက်သင့်ပါတယ်။ ညဘက် ဆီးထသွားရင် အအေးပပ်ပြီး လေဖြတ်တာမဖြစ်စေဖို့ အိပ်ခန်းမှာ အိမ်သာပူးတွဲပါရင် အဆင်ပြေတယ်။ မပါရင် လူကြီးတွေအတွက် အိပ်ရာဘေးမှာ အပေါ့သွားဖို့ ဆီးအိုးထားပေးတာဟာ အကောင်းဆုံးဖြစ်တယ်။

**မင်္ဂလာပါ ဆရာကြီးရှင့်။ ကျွန်မအသက် ၃၇ နှစ်ပါ။ ညာဘက် မျက်စိထဲမှာ တစ်ခုခုရှိနေသလို ခံစားနေရပါတယ်။ ဆရာဝန်ပြတော့ ဘာမှမရှိဘူးလို့ ပြောပါတယ်။ မျက်စိဆေးရည်နဲ့လည်း ဆေးပါတယ်။ မပျောက်ဘူးဖြစ်နေပါတယ်။ ဆေးနည်းရှိရင် ညွှန်ပြပေးပါရှင့်။ ကျေးဇူးတင်ပါတယ်။**

မျက်စိထဲကို သံပရာသီးခြမ်းအရည် တစ်စက်၊ နှစ်စက် ရဲရဲညှစ်ထည့်ပါ။ ပြီးရင် ရေသန့် လက်ခုပ်နဲ့ယူ မျက်စိဆေးပါ။ သက်သာသွားပါလိမ့်မယ်။

**ဆရာ ကျွန်တော့်ခန္ဓာကိုယ်က အမြဲပူနေပါတယ်။ သူများအသားတွေနဲ့ထိရင် နင့်အသားတွေက ပူလိုက်တာ အပြောခံရပါတယ်ဆရာ။ အဲဒါကြောင့် တစ်နေ့ ရေလေးဘူး၊ ငါးဘူး သောက်ဖြစ်တယ်။ မန်ကျည်းဖျော်ရည်လည်း တစ်ပတ် တစ်ရက် သောက်ပေးတယ်။ မနက်တိုင်းလည်း ဝမ်းမှန်အောင်လုပ်ပါတယ်။ ဒါပေမယ့် မရဘူးဖြစ်နေတယ်။ ဆံပင်လည်းကျွတ်လို့ နောက်စေ့လည်း ကွက်နေပါပြီ။ အသက်က ၂၈ နှစ်ပါ ဆရာ။ ဆေးနည်းလေးညွှန်ကြားပေးပါ။**

ဆန်ဆေးရည်ကြည် တစ်နေ့တစ်ဖန်ခွက် သောက်ပေးပါ။ ဆန်ဆေးရည်အနှစ်ကို ဦးခေါင်းမှာ လိမ်းပြီး မနက်စောစောခေါင်းလောင်း ရေချိုးပါ။ ညအိပ်ခါနီး ခြေဖဝါးဆားပွတ်ပြီး ဒူးအထက်ကနေ ရေလောင်းခြေဆေးပါ။ မြင်းခွာရွက်ကို ဖျော်ရည်လုပ်သောက်ပေးပါ။

**ဆရာကြီးရှင့် သမီး မီးဖွားပြီး သွေးသားမသန့်စင်လို့လား မသိပါဘူး။ အခုဆို ကလေးအသက်ရှစ်နှစ်ရှိပါပြီ။ ပါးပေါ်မှာ တင်းတိပ်လိုအစက်တွေဖြစ်နေတာ ပျောက်ချင်ပါတယ်ရှင့်။ ဆေးနည်းလေးသိပါရစေရှင့်။**

တင်းတိပ်ကို သံပရာသီးစိတ်နဲ့ပွတ်ပါ။ ရှားစောင်းလက်ပတ်အနှစ်ကို ကပ်ပေးပါ။ အစေးကို သနပ်ခါးနဲ့ စပ်လိမ်းပါ။

**ဆရာရှင့် လွန်ခဲ့တဲ့နှစ်ပတ်လောက်က ဆီးစေ့ကို ခြေဖနောင့်နဲ့နင်းမိတာ အခု အဲဒီ ဖနောင့်က ထောက်မရအောင် နာနေပါတယ်ရှင့်။ ဆေးနည်းလေးတွေ ကူညီပေးပါဦး ဆရာ။**

သံပရာသီး ငါးလုံးလောက်ကို ရေနွေးနဲ့ နူးအောင်ပြုတ်လိုက်ပါ။ နူးရင် ဆယ်ယူပြီး အစေ့တွေ ဖယ်ပါ။ ငရုတ်ဆုံမှာ ညက်အောင်ထောင်းပါ။ အဲဒီညက်နေတဲ့ သံပရာသီးကို ဖနောင့်မှာအုံ ပိတ်စထူထူခံပြီး ပတ်တီးနဲ့စည်းထားပါ။ ညအိပ်ရာဝင်ချိန်စည်းပြီး မနက်အိပ်ရာထမှ ဖြေပါ။ ပတ်တီးဖြည်တဲ့အခါမှာ ခြေထောက်ကို ဆားရည်နွေးနွေးစိမ်ပေးပါ။ ခုနစ်ရက်လောက်ပြုလုပ်ရင် ပျောက်ပါတယ်။

**ဆရာကြီးရှင့်၊ သမီးအသက် ၃၇ နှစ်ရှိပါပြီ။ ခန္ဓာကိုယ်ဝလာပြီးနောက်ပိုင်းမှာ ဦးခေါင်းနောက်စေ့နဲ့ ဝဲဘက်ကုပ်နား တစ်ဝိုက်တွေမှာ ချွေးထွက်များလာပါတယ်။ ချွေးနံ့တွေနဲ့ အနံ့အသက်ဆိုးပါတယ်။ နှစ်ရက်ခြားတစ်ခါ ခေါင်းလျှော်ရပါတယ်ရှင့်။ ခေါင်းချွေးနံ့သက်သာစေမယ့် နည်းရှိရင် မျှဝေပေးပါဆရာ။**

ညအိပ်ရာဝင်ခါနီးမှာ ခြေဖဝါးဆားပွတ်၊ ဒူးအထက်ကနေအောက် ရေလောင်းခြေဆေးပါ။ ပုံမှန်ပြုလုပ်ပေးရင် ခေါင်းချွေးထွက် သက်သာပါတယ်။ ချွေးနံ့ဆိုးသက်သာစေဖို့ မန်ကျည်းမှည့် အနှစ်နဲ့ဆားကို ရောနယ်ပြီး လည်ကုပ်မှာ ပွတ်ပေးပါ။ ရေချိုးခါနီးတိုင်း ပြုလုပ်ပါ။

**ဆရာခင်ဗျာ ကျွန်တော့နားတစ်ဖက်မှာ နားဖာချေးတုံးရှိနေပါတယ်။ တခြားသူကို ကြည့်ခိုင်းတာ အဲဒီအတုံးကို နားဖာကလော်နဲ့ထုတ်ဖို့ကျတော့လည်း နားထိခိုက်မှာစိုးရိမ်လို့ မလုပ်ရဲပါ။ နားဖာချေးတုံးထွက်လာအောင် ဘယ်လိုပြုလုပ်ရမလဲ ဆရာ၊ ကျေးဇူးပြုလို့ လမ်းညွှန်ပေးပါ။**

မုန်ညင်းဆီ ငါးကျပ်သားမှာ ဆားခါးဟင်းစားဇွန်း တစ်ဇွန်းထည့်ဖျော်ပြီး မီးနဲ့အပူပေးပါ။ အဲဒီဆီကို နားအတွင်းကို ဘေးစောင်းထည့်ပြီး လောင်းထည့် ခဏကြာ ဘေးစောင်းပြန်ထုတ်ပါ။ အဲဒီလို လေးကြိမ်၊ ငါးကြိမ်ပြုလုပ်ပေးပါ။

**ဆရာရှင့် ကျွန်မအဖေ အဆုတ်ပွရောဂါကြောင့် ချောင်းဆိုးပြီး မောမောနေပါတယ်။ ညဆိုအိပ်မပျော်ဖြစ်ရပါတယ် ဆရာ။ မြန်မာဆေးနည်းရှိရင် သိပါရစေ ဆရာ။**

လောက်သဲရွက်ကို အခြောက်လှန်းပြီး လက်ဖက်ခြောက်လို ရေနွေးဆူဆူမှာ ခပ်ပြီးသောက်ပါ။ ချောင်းဆိုးပျောက်အောင် သိန္ဓောဆားကိုထောင်း သံပရာရည်နဲ့ဖျော်ပြီး လျက်ပေးပါ။ မောရင် ရှောက်ရည် သုံးဇွန်း၊ ပျားရည်တစ်ဇွန်းရောစပ်တိုက်ပေးပါ။ အမောသက်သာစေပါတယ်။

**ဆရာကြီး ကျွန်တော့်သားလေး အသက်က တစ်နှစ်ရှစ်လပါ။ ညက နှာခေါင်းသွေးယိုလာလို့ပါ။ တစ်ခါမှ မဖြစ်ဖူးပါဘူး။ ဘာလုပ်ရမလဲ လမ်းညွှန်ပေးပါ။**

ရာသီဥတုပူလာတဲ့အခါ ညဘက်မှာ နှာခေါင်းသွေးယိုတတ်ပါတယ်။ နှာခေါင်းသွေးယိုသူကို ထိုင်ခိုင်းထားပါ။ နားနောက်က ချိုင့်လေးထဲမှာ ရေခဲကပ်ပေးပါ။ နှာခေါင်းသွေးယိုတာ အမြန်သက်သာပါတယ်။ မာလကာရွက်ကို ချေပြီး ရှူခိုင်းပါ။ ကျေးလက်တောရွာတွေမှာ ဆေးမြီးတိုအဖြစ် နွားချေးခြောက်ကို နှာဝတော့ ရှူခိုင်းရင် နှာခေါင်းသွေးယိုရပ်တယ်လို့ဆိုပါတယ်။ ကလေးကို မကြာခဏ နှာခေါင်းသွေးမယိုအောင် အုန်းစိမ်းရည်တိုက်ပြီး မနက်စောစော ခေါင်းကနေ ရေလောင်းချိုးပေးပါ။

**ဆရာ သမီးခင်ပွန်းက ဝပါတယ်။ ပေါင်ချိန် ၁၇၀ လောက်ရှိပါတယ်။ အလုပ်နည်းနည်း လုပ်လိုက်တာနဲ့ ချွေးတွေထွက်လို့အလုပ်များများမလုပ်နိုင်ဘဲ တစ်ခါတစ်ရံ အိပ်ရာထဲမှာ ခွေနေတတ်ပါတယ်။ ဆေးစစ်ကြည့်တော့ နှလုံးသွေးကြောကျဉ်းနေတာလို့ သိရတယ် ဆရာ။ သင့်တော်မယ့်ဆေးနည်းရှိရင် ညွှန်ပြပေးစေလိုပါတယ်။**

နှလုံးသွေးကြောကျဉ်းတဲ့သူတွေအတွက် ချင်းကိုထောင်း အရည်ညှစ် တစ်ဇွန်း၊ ကြက်သွန်ဖြူ ထောင်းအရည်တစ်ဇွန်း၊ ပျားရည်တစ်ဇွန်းရောစပ်ပြီး ညအိပ်ရာဝင်ချိန် ပုံမှန်စွဲသောက်ပါ။ တစ်လခွဲ (၄၅ရက်) စွဲသောက်ပါ။ လက်တွေ့ပျောက်သူရှိပါတယ်။

**ဆရာကြီးရှင့် ကျွန်မအသက် ၃၇ နှစ်ပါ။ အိမ်ထောင်မရှိပါရှင့်။ ၂၀၁၄ ခုနှစ်လောက်ထိ ဓမ္မတာပုံမှန်လာပါတယ်။ ၂၀၁၅ ခုနှစ်နောက်ပိုင်း ဓမ္မတာမမှန်တော့ပါ။ အင်္ဂလိပ် ဆေးဝါးတွေ သုံးစွဲခဲ့ရပါတယ်။ ပြန်လာပေမယ့်လည်း နည်းပါတယ်။ ဟော်မုန်းကစားတယ်လို့လည်းပြောကြပါတယ်။ သွေးမဆုံးချင်သေးလို့ ဘယ်လိုဆေးသောက်သင့်ပါသလဲ ဆရာ။ လမ်းညွှန်ပေးပါ ဆရာ။**

ကြိတ်မှန်ရွက် ငါးကျပ်သားမှာ ရှားစောင်းလက်ပပ်အနှစ် ၁၀ ကျပ်သား၊ ထန်းလျက်ခဲ ၁၅ ကျပ်သားနဲ့ရောကျို၊ ဆားလှော်သင့်ရုံထည့်ပြီး လက်ကော်ရအောင်ကျိုပါ။ ဖန်ပုလင်းမှာထည့် နှမ်းဆီအုပ်ထားပြီး နေပြပြပေးပါ။ နေ့စဉ် မနက်၊ ည နှစ်ဇွန်းစားပေးပါ။ သွေးပြန်ပေါ်ပါလိမ့်မယ်။

**ဆရာ ကျွန်မအသက် ၂၇ နှစ်ပါ။ မျက်စိပါဝါအဝေးကြည့် ၅၀၀ ရှိပါတယ်။ နေပူထဲသွားရင် ခေါင်းတွေကိုက်လာပါတယ်။ မျက်စိပါဝါကျစေနိုင်မယ့် ဆေးနည်းလေး လမ်းညွှန်ပေးပါရှင့်။**

နေပူထဲသွားပြီး အဝေးက နေရောင်နဲ့အလင်းပြန်တာတွေကိုကြည့်ရင် မျက်စိပါဝါပိုတက်ပါတယ်။ အဝေးကြည့်ပါဝါကျချင်ရင် အဝေးကို အချိန်ကြာကြာကြည့်တာကို ရှောင်ကြဉ်ရပါမယ်။ အထူးသဖြင့် ကားမှန် အလင်းပြန်တာတွေ ရှောင်ကြဉ်သင့်ပါတယ်။ စိမ်းစိုတဲ့ သစ်ပင်တောတန်းတွေကိုကြည့်ရင်တော့ မျက်စိအတွက် အကျိုးရှိပါတယ်။ မျက်နှာသစ်တိုင်း ရေကို လက်ခုပ်နဲ့ယူပြီး မျက်စိကိုဆေးတာ၊ မန်ကျည်းပနီပင်ရဲ့ အခေါက်ကိုသွေးပြီး မျက်စိကွင်းပေးတာ ပြုလုပ်ပါ။ အတွင်းစားဆေးအဖြစ် တိုင်းရင်းဆေးခန်းသုံးဆေး အမှတ် ၁၂ (စက္ခုပါလဆေး)ကို ညအိပ်ရာဝင်ချိန်တိုင်း ဆေးမှုန့်ဟင်းစားဇွန်းတစ်ဇွန်း ပုံမှန်သောက်သုံးပေးရင် ဝမ်းလည်းမှန်၊ မျက်စိအကြောတွေ လျော့ပြီး အဝေးအနီးဒီဂရီ လျော့ကျစေနိုင်ပါတယ်။

**ဆရာ ကျွန်မအစ်မက ကိုယ်ဝန်နှစ်လရှိပါပြီ။ သားဦးပါ။ သူ ယိုးဒယားသဘော်သီးထောင်း တစ်ပွဲနီးပါး စားလိုက်တယ်။ ပြီးတော့ အန်ချင်သလိုဖြစ်နေတယ် ပြောပါတယ် ဆရာ။ ဘာဖြစ်နိုင်ပါသလဲရှင်။ စားပြီးမှသူများတွေက သဘော်သီးစိမ်းက အပူစာဖြစ်ပြီး ကိုယ်ဝန်ပျက်ကျနိုင်တယ် ပြောကြလို့ပါဆရာ။ ဘာပြန်ကျွေးသင့်ပါသလဲရှင့်။ ဖြေကြားပေးပါ။**

သဘော်သီးစိမ်းက အစေးကုန်အောင် ရေမဆေးရင် ကိုယ်ဝန်ပျက်ကျတတ်တယ်လို့ ဆိုပါတယ်။ လက်တွေ့တော့ မတွေ့ဖူးပါ။ အန်ချင်တဲ့အတွက် ဖြေဆေးက ကန်စွန်းရွက်ရိုးနီကိုထောင်းပြီး ထန်းလျက်နဲ့ရော ကျွေးပါ။

**ဆရာရှင့် မိန်းကလေးရောဂါနဲ့ပတ်သက်ပြီး မေးခွင့်ပြုပါဆရာ။ ဆီးသွားချင်တာကို မသွားဘဲအောင့်ထားရင် မိန်းမကိုယ်က တအားပူပြီး ယားယံလာတယ်။ ဓမ္မတာမလာခင်နဲ့ လာပြီးချိန်မှာ ယားတယ်။ ဘာကြောင့်လဲဆိုတာ သိပါရစေ။ အတွင်းခံကြောင့်လားစိတ်ပူလို့ သန့်ရှင်းအောင်အမြဲဂရုစိုက်ဝတ်ဆင်ပါတယ် ဆရာ။ ဘာကြောင့် ဖြစ်တယ်ဆိုတာ သိပါရစေ။**

အဖြူဆင်းချင်တာကို မဆင်းဘဲ ပူပြီး ယားယံတဲ့ရောဂါဖြစ်တတ်ပါတယ်။ ဆန်ဆေးရည်နဲ့ သကြား ရောစပ်သောက်ကြည့်ပါ။ ဆန်ဆေးရည် တတိယအရည် (အကြည်)တစ်ဖန်ခွက်မှာ သကြားနှစ်ဇွန်းထည့်ဖျော်ပြီး မနက်စောစောသောက်ပေးပါ။ မီးကွင်းဂမုန်းရွက်ကိုလည်း အသုပ်ပြုလုပ်ပြီး စားပါ။ ကျောက်ချဉ်ခဲကို ရေသန့်နဲ့စိမ်ထားပြီး မိန်းမကိုယ်သန့်ရှင်းအောင် ဆေးပေးပါ။ ပူစပ်ချဉ်အရသာရှိတဲ့ အစားတွေကို ရှောင်ကြဉ်ပါ။

**ဆရာခင်ဗျာ ညဘက် အဲကွန်းဖွင့်အိပ်ပြီး မနက်နိုးတဲ့အချိန် ချွဲထတတ်ပါတယ်။ ကျေးဇူးပြုလို့ ဘယ်လိုလုပ်ရမယ်ဆိုတာ ညွှန်ကြားပေးပါ။**

အဲကွန်းကို ညဦးပိုင်းမှာဖွင့်ပြီး ညနက်ပိုင်းမှာ ပိတ်သွားအောင် နာရီမှတ်တဲ့ Timer နဲ့ဖွင့်အိပ်ပါ။ လင်းပိုင်းမှာ အအေးပပ်ပြီး ချွဲထတတ်ပါတယ်။ ချင်းကို ပါးပါးလှီးပြီး ရေနွေး မတ်ခွက်နဲ့စိမ်ထားပါ။ မနက်အိပ်ရာထသောက်ပေးပါ။ ချွဲထ သက်သာနိုင်ပါတယ်။

# မြန်မာ့ရုပ်ရှင် နှစ် ၁၀၀ ပြည့်နှင့် အလင်္ကာကျော်စွာ ရွှေပြည်အေး

## မောင်ညွန့်နွယ် (စန္ဒရား)

မြန်မာ့ရုပ်ရှင်အစကို ပြန်လည်ဖော်ပြရလျှင် ၁၉၂၀ ပြည့်နှစ် ဩဂုတ်လကုန်မှ စက်တင်ဘာလအတွင်း ဓာတ်ပုံ လန်ဒန်အတ် ကိုအုန်းမောင်၏ ကြိုးစားမှုဖြင့် ဘိလပ်သွား "ဖေပုရှိန်"အဖွဲ့မှ ဦးထွန်းရှိန် ကွယ်လွန်သော စျာပနမော်ကွန်းတင်သတင်းကားကို အင်္ဂလိပ်ဇာတ်ကားတစ်ကားနှင့် ပူးတွဲ၍ "စီနီမာဒီပဲရစ်"ရုံ (ယခုဗိုလ်ချုပ်ဈေးကြီး တည်ရှိရာနေရာတွင် တည်ရှိခဲ့သည်) တွင် ရုံတင်ပြသခဲ့သဖြင့် လာမည့် သုံးနှစ်အကြာ ၂၀၂၀ ပြည့်နှစ်တွင် မြန်မာ့ရုပ်ရှင် နှစ် ၁၀၀ ပြည့်မည်ဖြစ်ပါသည်။

မြန်မာ့ရုပ်ရှင် အသံတိတ်ခေတ်မှ အသံထွက်ခေတ် ပေါ်ပေါက်လာသည်အထိ အလင်္ကာကျော်စွာ ရွှေပြည်အေး ထင်ရှားပါဝင်ခဲ့သည်များကို မြန်မာ့ရုပ်ရှင် နှစ် ၁၀၀ ပြည့် သမိုင်းကြောင်းနှင့်ယှဉ်တွဲ၍ ယခုဆောင်းပါးကို ဖော်ပြလိုရင်း ရည်ရွယ်ချက်ဖြစ်ပါသည်။

၁၉၂၀ ပြည့်နှစ် မြန်မာ့ရုပ်ရှင်ဟူ၍ ထင်ထင်ရှားရှားမပေါ်မီ မြန်မာနိုင်ငံသို့ ရုပ်ရှင်စတင်ရောက်ရှိလာပုံကိုလည်း သမိုင်းအတိုချုပ် ဖော်ပြလိုပါသည်။

မြန်မာပြည်တွင် ပထမဦးဆုံးရုပ်ရှင်ရုံကို ၁၉၁၀ ပြည့်နှစ်တွင် ရန်ကုန်မြို့ ဂေါ်ဒွင်လမ်း (ယခု လမ်းမတော်လမ်း)နှင့် ကျုံးကြီးလမ်း (ယခုအနော်ရထာလမ်း) ထောင့်တွင် ရွက်ထည်ဖျင်ဖြင့် စတင်တည်ဆောက်ပြသခဲ့သည်ဟု ဆိုပါသည်။ တည်ဆောက်သူ အက်ဒီဆင်အမည်ကို အစွဲပြု၍ အက်ဒီဆင်ဘိုင်စကုပ်ရုံလေးဟု ခေါ်တွင်ခဲ့သည်ဟု ဆိုပါသည်။ အဆိုပါ အက်ဒီဆင်အမည်မှာ ရုပ်ရှင်ကို စတင်ဖန်တီးသူ သောမတ်အက်ဒီဆင်နှင့် အမည်တူသာ ဖြစ်ပါသည်။

ရုပ်ရှင်ဇာတ်လမ်းပြသနိုင်ခြင်း မရှိသေးဘဲ အမေရိကန်ပြည်မှ တိုက်တာအဆောက်အအုံကြီးများ၊ ခမ်းနားကြီးကျယ်သော သင်္ဘောဆိပ်ကမ်းများ၊ ကမ်းစပ်ကို ရေလှိုင်းရိုက်ခတ်လာပုံများ၊ အပြေးမောင်းနှင်လာသော မီးခိုးတလူလူနှင့် မီးရထားကြီးများ၊ ကလေးများ ဆော့ကစားနေကြပုံများ၊ လူတစ်ဦးနှင့်တစ်ဦး ခရမ်းချဉ်သီးနှင့် ပစ်ပေါက်ခန်းများ စသည်ဖြင့် အတိုအစများကို ပြတ်တောင်းပြတ်တောင်းနှင့် ပြသခဲ့သည်ဟု ဆိုပါသည်။

၁၉၁၅-၁၉၁၆ ခုနှစ်တွင် ယခု ဗိုလ်ချုပ်ဈေးကြီး တည်ရှိရာနေရာ ထိုစဉ်က မြေကွက်လပ်၌ "အေအီးအိပ်ချ်အချား" ဆိုသူက "စီနီမာဒီပဲရစ်" ရုံအမည်ဖြင့် သွပ်မိုး သွပ်ကာ ရုပ်ရှင်ရုံကြီး တည်ဆောက်ပြီး အနောက်နိုင်ငံရုပ်ရှင်ကားများ စတင်ပြသခဲ့သည်ဟု ဆိုပါသည်။ မရှေးမနှောင်းပင် ထိုရုံနှင့်ကပ်လျက် "အယ်ဖင့်စတုံး" ရုံနှင့် "နယူးဖာရစီ အင်ပါရာသည်ရေးတား" ရုံဟူ၍လည်း ရုပ်ရှင်ရုံနှစ်ရုံ ပေါ်ပေါက်ခဲ့သည်ဟု ဆိုပါသည်။

၁၉၁၈ ခုနှစ်အတွင်း ပြည်မြို့တွင်လည်း ဦးစလီမန်ဆိုသူက "ခရောင်း စီနီမာ"ရုံ စတင်တည်ဆောက်ဖွင့်လှစ်ပြီး အင်္ဂလိပ်ဇာတ်ကားများ စတင်ပြသခဲ့သည်ဟု ဆိုပါသည်။

၁၉၂၀ ပြည့်နှစ် နိုဝင်ဘာ ၆ ရက် စနေနေ့တွင် ပထမဆုံး ဇာတ်လမ်းဇာတ်ကွက်ပါရှိသော "မေတ္တာနှင့် သူရာ" ဇာတ်ကားကို "စီနီမာ ဒီပဲရစ်"ရုံတွင် စတင်ပြသခဲ့သည်။ ဓာတ်ပုံ လန်ဒန်အတ် ကိုအုန်းမောင်ကြီးကြပ်၍ "ဘားမားဖလင်"မှ ဦးတုတ်ကြီးက အမူအရာ သင်ပြပေးသည်ဟု ဆိုပါသည်။ ဇာတ်လိုက်အဖြစ် ကိုညီပုနှင့် မရီတို့ သရုပ်ဆောင်ခဲ့သည်ဟု ဆိုပါသည်။

၁၉၂၀ ပြည့်နှစ် "မေတ္တာနှင့်သူရာ" ရုံတင်သည့်နှစ်တွင် နောင်ဆရာရွှေပြည်အေးဖြစ်လာမည့် မောင်အေးလေးသည် ၁၁ နှစ်အရွယ်ရောက်နေပြီး ရန်ကုန်မြို့ ထိုင်တီးထိုင်ဆိုဝိုင်းများတွင် ကလေးအဆိုတော်အဖြစ် နာမည်ကြီးနေချိန် ဖြစ်ပေသည်။

ဘားမားဖလင်၏ ဒုတိယမြောက်ဇာတ်ကားမှာ "ကျေးတောသူ မနု" ဖြစ်၍ ၁၉၂၁ ခုနှစ်တွင် "စီနီမာ ဒီပဲရစ်"ရုံတွင်ပင် ရုံတင်ပြသခဲ့သည်။ ထို့နောက် ဘားမားဖလင်မှ ဇာတ်ကားပေါင်း ငါးကားခန့် ရိုက်ပြီးနောက် ဦးအုန်းမောင်သည် အစုစပ်လုပ်ရာတွင် စိတ်ရှုပ်မခံနိုင်သဖြင့် ဘားမားဖလင်ကို မြန်မာအဆွေလက်သို့ ၁၉၂၃ ခုနှစ်တွင် လွှဲပြောင်းပေးအပ်လိုက်ပေသည်။

၁၉၂၃ ခုနှစ် ဧပြီ ၂၉ ရက် တနင်္ဂနွေနေ့တွင် "တောင်မြိုင်စွန်းက လွမ်းအောင်ဖန်" ဇာတ်ကားကို ရုပ်ရှင်ရုံ နှစ်ရုံတွင် တစ်ပြိုင်နက်ပြသခဲ့သည်။ "စီနီမာ ဒီပဲရစ်" ရုံနှင့် မောင်ဂိုမာရီလမ်း (ယခုဗိုလ်ချုပ်လမ်း)ရှိ "ရွှိုင်ယဲလ် စီနီမာ" ရုံသစ်တို့တွင် ဖြစ်သည်။ အဆိုပါဇာတ်ကားအား မြန်မာအဆွေ သူဌေးဦးဘညွန့်၏ "မြန်မာအဆွေကုမ္ပဏီမှ စီမံအုပ်ချုပ်သော ဘားမားဖလင်ရုပ်ရှင်ကုမ္ပဏီ" အမည်ဖြင့် ပထမဆုံး ရိုက်ကူးရုံတင်သော ဇာတ်ကားဖြစ်သည်ဟု ဆိုပါသည်။

ရုံ နှစ်ရုံတွင် တစ်ပြိုင်နက်ပြသခြင်းဖြစ်၍ နောက်ခံတီးဝိုင်းလည်း နှစ်ဝိုင်းဖြစ်ခဲ့ပေသည်။ မောင်အေးလေး(နောင်ဆရာရွှေပြည်အေး) အသက် ၁၄ နှစ်အရွယ်ဖြစ်၍ ရုပ်ရှင်ရုံနှစ်ရုံလုံးသို့ ပွဲတိုင်းလိုလို ရောက်ရှိသွားပြီး တီးဝိုင်းနှစ်ဖွဲ့လုံး တီးမှုတ်သီဆိုနေကြသည်ကို တငေးငေးဖြစ်လျက် ရှိနေခဲ့ပေသည်။ ပိတ်ကားပေါ်တွင် ပြသနေသော ရုပ်ရှင်ဇာတ်လမ်း၊ ဇာတ်ကွက်များကို စိတ်မဝင်စား၊ မကြည့်အားနိုင်ပေ။

"စီနီမာ ဒီပဲရစ်" ရုံတွင် စန္ဒရား ဦးသာဒင်၏ စန္ဒရားလက်သံနှင့် ကိုဘရီ၏ တယောလက်သံများ၌ နစ်မျောနေခဲ့ရသလို ရွှိုင်ယဲလ် စီနီမာရုံတွင်လည်း စန္ဒရား ဦးဘလတ်၏ စန္ဒရားလက်သံနှင့် ကိုမောင်မောင်၏ တယောလက်သံများတွင် စွဲငြိနေမိခဲ့ပြန်ပေသည်။

နောင်ဆရာရွှေပြည်အေး ဘဝရောက်လာသည့်အခါ ထိုစဉ်က အခြေအနေကို ပြန်လည်ပြောပြရာတွင် -

"ကိုမောင်မောင်က ဘယ်သံကြီးတွေထိုးတဲ့အခါ နဲ့ကြီးလိုက်မမီဘူးကွ၊ ကိုဘရီကတော့ သီချင်းကို အပီမတီးဘူး၊ မျှောလိုက်တဲ့နေရာမှာ နှစ်ယောက်မရှိဘူး။ နှစ်ယောက်လုံးကြိုက်တာပဲ။ နောက်ဆုံးတော့ ကိုဘရီနောက်လိုက်ပဲ ဖြစ်ခဲ့ရတာပေါ့ကွာ" ဟူ၍ ပြန်လည်ပြောပြခဲ့ပါသည်။



မြန်မာ့ရုပ်ရှင် ထူထောင်သူ [illegible]
လန်ဒန်အတ် ဦးအုန်းမောင်



စန္ဒယား ရွှေပြည်အေး
အသက် (၂၂)နှစ်အရွယ်
၁၉၃၁-ခုနှစ်

မောင်အေးလေး (ဆရာရွှေပြည်အေး) သည် တယော ကိုဘရီ၏ နောက်လိုက်တပည့်ဖြစ်လာခဲ့ပြီး ၁၄ နှစ်အရွယ် ၁၉၂၃ ခုနှစ်မှစ၍ အသံတိတ် ရုပ်ရှင်လောကအတွင်းသို့ တယောဆရာလေးအဖြစ် စတင်ရောက်ရှိခဲ့ပြီး ၁၉၂၉ ခုနှစ်အထိ တယောထိုးခဲ့သည်ဟု ဆိုပါသည်။

၁၉၂၉ ခုနှစ်မှစ၍ အသံတိတ်ရုပ်ရှင်လောကအတွင်း စန္ဒရား မောင်အေး အမည်ဖြင့် စန္ဒရားခေါင်းဆောင် ဖြစ်လာခဲ့ပေသည်။ ဆရာရွှေပြည်အေး အသက် ၂၀ ပြည့်သောနှစ်ဖြစ်ပေသည်။

၁၉၃၀ ပြည့်နှစ်အထိ စန္ဒရား မောင်အေး အမည်ရလာခဲ့ရာမှ ၁၉၃၂ ခုနှစ်မှစ၍ ရွှေပြည်အေးအမည် ခံယူရရှိခဲ့ပေသည်။

အသံတိတ်ရုပ်ရှင်ခေတ်ဦးတွင် နောက်ခံဂီတတီးသည့်စနစ်မှာ ဇာတ်လမ်း၊ ဇာတ်ကွက်နှင့် လိုက်ဖက်မှုမရှိသော်လည်း သီချင်းများကို အဆင်ပြေသလို တစ်ပုဒ်ပြီးတစ်ပုဒ် ဆက်တီးသွားခြင်းဖြစ်ပေသည်။

အသံတိတ်ခေတ်ဦး ကျော်လွန်လာပြီးနောက် ရုပ်ရှင်ဇာတ်ဝင်သီချင်းများလည်း အတော်အသင့် ထည့်သွင်းလာသဖြင့် ဇာတ်လမ်း၊ ဇာတ်ကွက်နှင့် သီချင်းများ ကိုက်ညီလိုက်ဖက်အောင် တီးလာခဲ့ကြသည်ဟု ဆိုပါသည်။ ဇာတ်ကွက်တစ်ခုချင်းနှင့် တီးလုံး အဆုံးသတ် ကွက်တိဖြစ်အောင်လည်း တီးလာကြသည်ဟု ဆိုပါသည်။

ဆရာရွှေပြည်အေးခေတ် ရောက်သောအခါ စန္ဒရားတီးပုံတီးနည်း ခေတ်မီဆန်းသစ်လာသလို ကားကွက်အဖြတ်အတောက်များလည်း ပိုမိုတီထွင်ဆန်းသစ်လာသည်ဟု ဆိုပါသည်။ သွက်လက်မြန်ဆန်မှုလည်း ရှိလာသည်။ ရုပ်ရှင်တစ်ခန်းမှိန်ပျောက်လျှင် တီးလုံး (သို့မဟုတ်) သီချင်းလည်း မှိန်ပျောက်သွားသည်။ ဇာတ်ကွက်က ဖျတ်ခနဲဆွဲလိုက်လျှင် တီးလုံးလည်း ပြတ်အောင်တီးပြီး နောက်ဇာတ်ကွက်တစ်ကွက် တီးလုံးကို ချက်ချင်းပြောင်းသွားသည်။ ဆရာရွှေပြည်အေး အားလပ်ချိန် အပိတ်တီးနည်းမှာ ရှေ့ပိုင်း အသံတိတ်ခေတ်ကလို ဖြည်းဖြည်းဆွဲချနည်းမျိုးမသုံးဘဲ အသွက်အမြူးအမြန်တီး၍ အားလပ်ချိန်ပေးသည်နှင့် တိခနဲ ကွက်တိကျအောင် တီထွင်တီးလေ့ရှိသည်ဟု ဆိုပါသည်။

ဇာတ်လမ်း၊ ဇာတ်ကွက်နှင့် ဘောင်ဝင်အံကျတီးလုံးများ၊ သီချင်းများကို ရှာဖွေတီးရာတွင်လည်း ဆရာရွှေပြည်အေးကို ထိုခေတ်က မီသူမရှိဟု ဆိုပါသည်။

ထို့ကြောင့်ပင် ဆရာရွှေပြည်အေးကို ရုပ်ရှင်၊ ဂီတတစ်ခေတ်ဆန်းစေသူဟု ဆရာ စစ်ကိုင်းလှရွှေမှ သူ၏ "ရုပ်ရှင်၊ ဂီတနှင့်ကျွန်တော်" စာအုပ်တွင် မှတ်တမ်းတင် ရေးသားခဲ့သည်။

ထိုသို့ အသံတိတ်ရုပ်ရှင် နောက်ခံတေးဂီတ တစ်ခေတ်ဆန်းသစ်အောင် ဦးဆောင်တီထွင်နိုင်ခဲ့သူ ဆရာရွှေပြည်အေးသည် ၁၉၃၂ ခုနှစ်တွင် အိန္ဒိယနိုင်ငံ ဘုံဘေမြို့သို့ မြန်မာနိုင်ငံ၏ ပထမဆုံး အသံထွက်ရုပ်ရှင်ဇာတ်ကား ရိုက်ကူးရန် သွားရောက်ကြရာတွင် ဂီတမှူးအဖြစ် လိုက်ပါသွားခဲ့ရပေသည်။

အဆိုပါ ၁၉၃၂ ခုနှစ် ပြည်ပနိုင်ငံကြီးများတွင် အသံတိတ်ရုပ်ရှင်မှတစ်ဆင့်တက်၍ အသံထွက်ဇာတ်ကားများ ရိုက်ကူးတင်ပြနိုင်ပြီဖြစ်သော်လည်း မြန်မာနိုင်ငံတွင် ပစ္စည်းကိရိယာမရှိ၊ ကျွမ်းကျင်သူ ပညာရှင်များလည်း မရှိသေးသဖြင့် နဇာမီဆိုသူ သူဌေးသည် အိန္ဒိယပြည် ဘုံဘေမြို့ရှိ အင်ပီးရီးယဲလ်ကုမ္ပဏီနှင့်ဆက်သွယ်ကာ မြန်မာအသံထွက် ရုပ်ရှင်ကားများ ရိုက်ကူးရန် စီစဉ်ခဲ့ပေသည်။

ဒါရိုက်တာ ဦးတုတ်ကြီး၊ ခေါင်းဆောင်စာရေးဆရာ ဒဂုန်နတ်ရှင်၊ မင်းသား အေးကို၊ လန်ဒန်အတ် ခင်မောင်ညွန့်၊ မင်းသမီး ခင်မေကြီး၊ ခင်မေလေး၊ အငြိမ့်မင်းသမီး မြသန်းကြည်၊ တယော ကိုဘရီ၊ ကိုအေးမောင်၊ စန္ဒရား ရွှေပြည်အေး၊ ဗုံတီး ကိုဘထင်ကြီး၊ သီချင်းရေးဆရာ အရှေ့ပိုင်း ဆရာချစ်၊ အဆိုတော် ပြည်မောင်ကြီးနှင့် အခြားပညာသည် အများအပြားပါဝင်ကာ ၁၉၃၂ ခုနှစ်တွင် ဘုံဘေသို့ သွားရောက်ပြီး အသံထွက်ဇာတ်ကား "ငွေပေးလို့မရ" ရိုက်ကူးခဲ့ကြသည်။

မင်းသမီး ခင်မေလေး စန္ဒရားတီး၍ သီချင်းဆိုခန်းကို စန္ဒရားထဲ၌ မောင်းတံခလုတ်များမပါရှိသော စန္ဒရားနှင့် ဟန်တီးပြလျက် ကင်မရာရိုက်ကွင်းအပြင်မှ စန္ဒရားအကောင်းတစ်လုံးနှင့် စန္ဒရား ရွှေပြည်အေး တီး၍ရိုက်ရသည်။

မင်းသမီးလွမ်းခန်း ရိုက်ကူးနေခိုက် အဆိုတော်ပြည်မောင်ကြီးက ရိုက်ကွင်းအပြင်ဘက်မှ လွမ်းခန်းဘောလယ်ကို ဆရာရွှေပြည်အေး၏ စန္ဒရားလက်သံဖြင့် နောက်ခံသီဆိုပေးရင်း ရိုက်ကူးခဲ့သည်ဟု ဆိုပါသည်။

"ငွေပေးလို့မရ"နှင့် "လောကစကြာ" အသံထွက်ရုပ်ရှင်နှစ်ကား ရိုက်ကူးပြီး ၁၉၃၂ ခုနှစ်အတွင်း မိုးဦးကျတွင် သင်္ဘောဖြင့် မြန်မာပြည်သို့ ပြန်လာခဲ့ကြသည်ဟု ဆိုပါသည်။

ထိုသို့ အသံထွက်ဇာတ်ကားများ ရိုက်ကူးပြီး အိန္ဒိယမှ ပြန်လာခဲ့ပြီးနောက် ဆရာရွှေပြည်အေးသည် အသံတိတ်ရုပ်ရှင်တီးဝိုင်းလောကတွင် လက်သံအကောင်းဆုံး၊ ဇာတ်ပို့အကောင်းဆုံး စန္ဒရားဆရာအဖြစ် ပိုမိုထင်ရှားကျော်ကြားလာခဲ့ပြီး တီးဝိုင်းတည်ထောင်သူ တီးဝိုင်းဆရာများ အလုအယက်ခေါ်ယူခဲ့ကြသည်ဟု ဆိုပါသည်။

၁၉၂၀ ပြည့်နှစ်မှစခဲ့သော မြန်မာ့ရုပ်ရှင်အသံတိတ်ခေတ်သည် ၁၉၃၂ ခုနှစ်တွင် အသံထွက်ဇာတ်ကားများ စတင်ရိုက်ကူးလာပြီဖြစ်သော်လည်း အသံတိတ်ကားများလည်း ရိုက်ကူးဆဲဖြစ်ပြီး မှတ်တမ်းများအရ ၁၉၅၆ ခုနှစ်တွင် အသံတိတ်ရုပ်ရှင် နှစ်ကားမျှသာ ထွက်နိုင်ခဲ့ပြီးနောက် အသံတိတ်ရုပ်ရှင်ခေတ် ကုန်ဆုံးသွားပေတော့သည်။

မြန်မာနိုင်ငံ၌ ၁၆ မီလီမီတာ ဆေးရောင်စုံရုပ်ရှင်ဇာတ်ကားကို ရန်ကုန်ရုပ်ရှင် ကုမ္ပဏီက ၁၉၄၈ ခုနှစ်တွင် ဒါရိုက်တာ ရွှေဘော် ရိုက်ကူးသည့် "ချစ်သွေးညီ" အမည် ရုပ်ရှင်ဇာတ်ကားဖြင့် ပထမဦးဆုံး စတင်ထုတ်လုပ်တင်ပြနိုင်ခဲ့ပေသည်။

ဆရာ အကယ်ဒမီစန္ဒရားလှထွတ်က သူ၏ အမျိုးသားစာပေဆုရ "မြန်မာ့ဂီတရေစီးကြောင်း" စာအုပ်တွင်-

"လွတ်လပ်ရေးခေတ်မှ ၁၉၆၀ ပြည့်နှစ်စွန်းကာလများအထိ ရုပ်ရှင်၊ ဂီတခေတ်သည် 'ရွှေပြည်အေးခေတ်'ဟုခေါ်လျှင် မှားမည်မဟုတ်ပေ။ ကျော်ကြားသော ရုပ်ရှင်တေးများ၏ ထက်ဝက်ကျော်သည် ဆရာရွှေပြည်အေး၏ လက်ရာများဖြစ်ကြသည်။" ဟု ရေးသားမှတ်တမ်းတင်ခဲ့ပေသည်။

ရုပ်ရှင်နောက်ခံတေးဂီတကို တစ်ခေတ်ဆန်းသစ်အောင် တီထွင်နိုင်ခဲ့ရုံသာမက ထူးခြားအောင်မြင်သော ရုပ်ရှင်တေးများစွာဖြင့် အသံတိတ်၊ အသံထွက် ရုပ်ရှင်ခေတ် ရှည်လျားစွာ အကျိုးပြုဂုဏ်ဆောင်နိုင်ခဲ့သူ ဆရာရွှေပြည်အေးအား ဂုဏ်ပြုရေးသား ဖော်ပြရင်း မကြာမီ ရောက်ရှိလာတော့မည့် ရုပ်ရှင်နှစ် ၁၀၀ ပြည့်ကိုလည်း ကြိုဆိုဂုဏ်ပြုရေးသားလိုက်ရပေသည်။ ။

---

## မြန်မာ့ရိုးရာအကအလှများ ဖျော်ဖြေပွဲများဖြင့် ကျင်းပသွားမည့် မြန်မာ့ရိုးရာ တန်ဆောင်တိုင်ပွဲတော်

**ရန်ကုန် နိုဝင်ဘာ ၃**

ရန်ကုန်မြို့ အင်းလျားလမ်း စိမ်းလန်းစိုပြည်ဥယျာဉ်တွင် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က ကြီးမှူး၍ မြန်မာ့ရိုးရာ တန်ဆောင်တိုင်ပွဲတော်ကို နိုဝင်ဘာ ၄ ရက် ညနေ ၅ နာရီ မှ ၉ နာရီအထိ ကျင်းပသွားမည်ဟု အဆိုပါအဖွဲ့မှ သိရသည်။

ပွဲတော်ကျင်းပရခြင်းနှင့်ပတ်သက်၍ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန္ဒာခင်က မြန်မာ့ရိုးရာ ဆယ့်နှစ်လရာသီပွဲတော်များ ရေရှည်တည့်တံ့စေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း၊ အများပြည်သူများ စိတ်လက်အပန်းပြေကြပြီး ပိုမိုနှစ်ခြိုက်ပျော်ရွှင်စွာဖြင့် ပါဝင်ဆင်နွှဲလာစေရန် ဆန္ဒရှိကြောင်း၊ မြန်မာ့ဆိုင်းဝိုင်း အပါအဝင် အဆို၊ အက၊ အတီးအဖွဲ့များကို စုစည်းရတာ၊ ဇာတ်တိုက်ရတာ၊ အခင်းအကျင်း အဝတ်အစားပြင်ဆင်ရတာ စတဲ့လုပ်ငန်းတွေကို စီစဉ်ရတာ မလွယ်သောကြောင့် စိတ်ပါဝင်စားတဲ့ အများပြည်သူတွေကို မပျက်မကွက် လာရောက်ဆင်နွှဲကြဖို့ ဖိတ်ခေါ်လိုကြောင်း ပြောကြားခဲ့သည်။

အဆိုပါပွဲတော်တွင် မြန်မာ့ရိုးရာ ရုပ်သေးအက၊ မြန်မာ့ဆိုင်းဝိုင်း၊ မြန်မာ့ဂီတ၊ ဆီမီးခွက်အကနှင့် မြန်မာ့ရိုးရာ အကအလှများ၊ မြန်မာ့ရိုးရာ ခြင်းလုံးခတ်ဖျော်ဖြေမှုများ ပါဝင်မည်ဖြစ်သည်။ အင်းလျားကန်အတွင်း ဆီမီးမျှောပွဲကိုလည်း ယခင်နှစ်များအတိုင်း မြိုင်မြိုင်ဆိုင်ဆိုင် ဆင်နွှဲသွားမည်ဖြစ်ပြီး မဲဇလီဖူးသုပ်ကိုလည်း ဒါနပြုကျွေးမွေးဧည့်ခံသွားမည်ဖြစ်ကာ ပွဲတော်ကျင်းပသည့်နေ့တွင် ဝင်ကြေး အခမဲ့သတ်မှတ်ထားကြောင်း သိရသည်။

**ခင်ဇာလီ**



## ပဲခူးမြို့ ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်ကြီး၌ ၃၆ ကြိမ်မြောက် မသိုးသင်္ကန်းရက်ပြိုင်ပွဲ၊ ဆက်ကပ် လှူဒါန်းပွဲနှင့် ဆုပေးပွဲကျင်းပ

**ပဲခူး နိုဝင်ဘာ ၃**
၃၆ ကြိမ်မြောက် မသိုးသင်္ကန်းရက်ပြိုင်ပွဲကို နိုဝင်ဘာ ၂ ရက် ည ၇ နာရီက ပဲခူးမြို့ ဆုတောင်းပြည့် ရွှေမော်ဓော စေတီ ကျောက်ပန်းတောင်းဓမ္မာရုံ၌ ကျင်းပသည်။

ပြိုင်ပွဲကျင်းပရေး နာယက ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက မသိုးသင်္ကန်းရက်လုပ် လှူဒါန်းခြင်းသည် သက်တော်ထင်ရှား မြတ်စွာဘုရား ရှိတော်မူစဉ်အခါက မိထွေးတော်ဂေါတမီ၏ သင်္ကန်းအလှူကို အကြောင်းပြုပြီး ရှေးမင်းအဆက်ဆက် ဗုဒ္ဓဘာသာဝင်များ အမြတ်တနိုးတန်ဖိုးထား လှူဒါန်းခဲ့သော ကုသိုလ်ပွဲဖြစ်ကြောင်း၊ လောက ဓမ္မ အကျိုးတရားနှစ်ပါးမှ ဖြစ်ပေါ် လာမည့် ကောင်းကျိုးသုခအဝဝကို မြို့သူ၊ မြို့သားများ ရရှိစေရန်အတွက် ရည်ရွယ်ကြောင်း ပြောကြားသည်။

ထို့နောက်မသိုးသင်္ကန်းရက်ပြိုင်ပွဲ စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ ဂေါပကအဖွဲ့ဝင် ဦးဝင်းမောင်က မသိုးသင်္ကန်း ရက်ပြိုင်ပွဲကျင်းပရေးအတွက် ကြိုတင်ဆောင်ရွက်ခဲ့သည်များကိုလည်းကောင်း၊ အရည်အသွေးအကဲဖြတ်အဖွဲ့ အတွင်းရေးမှူး ဦးဝင်းမြတ်ကျော်က ရက်ကန်းရက်ပြိုင်ပွဲနှင့် ပတ်သက်သည့် စည်းမျဉ်းစည်းကမ်းများကို လည်းကောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် မင်္ဂလာအချိန်တွင် ပွဲတော်ကျင်းပရေး နာယကဥပဒေချုပ် ဦးအုန်းမြင့်က ရက်ကန်းစင်များ ပြိုင်ပွဲစတင်ရန် အချက်ပေးမောင်းတီး၍ ဖွင့်လှစ်ပေးပြီး ပြိုင်ပွဲဝင် ရက်ကန်းစင်များဖြစ်သော ရှင်စောပု၊ ယသော်ဓရာ၊ ဝိသာခါ၊ ဂေါတမီ၊ ရာဇဓာတုကလျာ စင်တော်အဖွဲ့တို့ရှိ ရက်ကန်းပညာရှင်များက မသိုးသင်္ကန်းအား ရက်လုပ်ပြိုင်ပွဲဝင်ကြသည်။

ဆက်လက်၍ နိုဝင်ဘာ ၃ ရက် နံနက် ၄ နာရီတွင် ဂေါပကအဖွဲ့တာဝန်ရှိသူများ၊ ရက်ကန်းလုပ်အားရှင်များနှင့် ဝတ်အသင်းအဖွဲ့များက ရွှေမော်ဓောစေတီတော်မြတ်ကြီးအား လက်ျာရစ်သုံးပတ် လှည့်လည်ပူဇော်ကြပြီး ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း၊ လွှတ်တော်ဥက္ကဋ္ဌ၊ တရားသူကြီးချုပ်၊ ဝန်ကြီးများ၊ ဥပဒေချုပ်၊ အစိုးရအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမင်းထွဋ်နှင့်ဌာနဆိုင်ရာများက ပွင့်တော်မူပြီးသော ဘုရားလေးဆူနှင့် နောင်ပွင့်မည့် အရိမေတ္တယျဘုရားရှင်တို့အား ရည်စူးရည်မှန်း၍ရွှေမော်ဓော ဘုရား ရင်ပြင်တော် မုခ်ဦးအသီးသီးတွင် ကိန်းဝပ်စံပယ် သီတင်း သုံးနေတော်မူသော ဗုဒ္ဓရုပ်ပွားတော်များအား မသိုးသင်္ကန်းနှင့် ပန်း၊ ရေချမ်း၊ ဆွမ်း၊ ဆီမီး၊ အမွှေးနံ့သာ တို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ကျောက်ပန်းတောင်းဓမ္မာရုံတွင် ဆုချီးမြှင့်ခြင်းအခမ်းအနား ပြုလုပ်ရာ ပထမဆုရရှိသော ဝိသာခါ စင်တော်အဖွဲ့၊ ဒုတိယရရှိသောဂေါတမီစင်တော်အဖွဲ့၊ တတိယဆုရရှိသောရှင်စောပုစင်တော်အဖွဲ့တို့အား ဝန်ကြီးချုပ် ဦးဝင်းသိန်းက ဆုဖလားနှင့် ငွေသားဆုများချီးမြှင့်ပြီး ယှဉ်ပြိုင်ဆုရရှိသော ရာဇဓါတုကလျာစင်တော်အဖွဲ့နှင့် ယသော်ဓရာစင်တော်အဖွဲ့တို့အား လွှတ်တော်ဥက္ကဋ္ဌဦးခင်မောင်ရင်ကလည်းကောင်း၊ ပထမ၊ ဒုတိယ၊ တတိယ ရရှိသောအဖွဲ့တို့မှ တစ်ဦးချင်းလုပ်အားရှင်ဆုများကိုတရားလွှတ်တော်တရားသူကြီးချုပ်ဦးမောင်မောင်ရွှေကလည်းကောင်း၊ ယှဉ်ပြိုင်ဆုရရှိသည့် အသင်းများမှ တစ်ဦးချင်းလုပ်အားရှင်ဆုများကို လုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီးလှမျိုးရွှေနှင့် စည်ပင်သာယာရေးနှင့်လူမှုရေး ဝန်ကြီးဦးမောင်မောင်လွင်တို့က ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့အတူ ပဲခူးမြို့ဆုတောင်းပြည့်စွယ်တော်ရှင်မဟာစေတီတော်မြတ်ကြီးတွင်လည်း ဂေါပကအဖွဲ့မှဦးဆောင်ပြီး ရက်ကန်းစင် ၂၀ ဖြင့်မသိုးသင်္ကန်းအထည် ၈၀ အား ရက်လုပ်ကာမဟာစေတီတော်မြတ်ကြီးမုခ်အသီးသီးရှိဗုဒ္ဓရုပ်ပွားတော်များအားဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

## ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးတွင် မသိုးသင်္ကန်းရက်ပြိုင်ပွဲ နှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၃**
ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်း ခရိုင် ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့် စေတီတော်မြတ်ကြီးတွင် ၂၇ ကြိမ်မြောက် မသိုးသင်္ကန်းရက်ပြိုင်ပွဲနှင့် မသိုးမင်္ကန်၊ ရွှေကြာသင်္ကန်း ကပ်လှူပူဇော်ပွဲကို နိုဝင်ဘာ ၃ ရက် (တန်ဆောင်မုန်း လပြည့်နေ့) နံနက် ၄ နာရီက သာသနဇောတိကဓမ္မာရုံ၌ ကျင်းပခဲ့သည်။

ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး အား မသိုးသင်္ကန်နှင့် ရွှေကြာသင်္ကန်း များ ဆက်ကပ်လှူဒါန်းပူဇော်ကြပြီး မသိုးသင်္ကန်းရက်စင်မှာ ၁၂ စင် ဖြစ်ကြောင်း သိရသည်။

**ကျော်စိုးမိုး (မင်္ဂလာတောင်ညွန့်)**



## ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ် အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌဖလား အခြေခံပညာကျောင်းပေါင်းစုံဖူဆယ်ဘောလုံးပြိုင်ပွဲနှင့် ရပ်ကွက်ပေါင်းစုံပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုချီးမြှင့်

**ရန်ကုန် နိုဝင်ဘာ ၃**
မြို့နယ်အားကစား ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်အရ (TSDP) ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ် အားကစားနှင့် ကာယပညာ ကော်မတီဥက္ကဋ္ဌဖလား အသက် ၁၅ နှစ်အောက် အခြေခံ ပညာကျောင်းပေါင်းစုံ ဖူဆယ် ဘောလုံးပြိုင်ပွဲနှင့် အသက် ၂၅ နှစ်အောက် ရပ်ကွက်ပေါင်းစုံပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို နိုဝင်ဘာ ၂ ရက် ညနေ ၃ နာရီက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်ရှိ မြို့နယ် အားကစားခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဒဂုံဆိပ်ကမ်းမြို့နယ် အားကစားမှူး ဒေါ်လှဲ့လှဲ့မိုးက အားကစားပြိုင်ပွဲများ ကျင်းပရာတွင် ပံ့ပိုးကူညီပေးခဲ့သော POCARI SWEAT သံဓာတ်အားဖြည့် အချိုရည်ကုမ္ပဏီမှ Marketing Executive ဦးဇော်မင်းထွန်းအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့သည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် (တိုင်း-၂) ဦးဇင်မင်းထွေး၊ ဒဂုံမြို့သစ် ဆိပ်ကမ်းမြို့နယ် ဒုတိယ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးမင်းအောင်နှင့် တာဝန်ရှိသူတို့က အသက် ၁၅ နှစ်အောက် အခြေခံပညာကျောင်းပေါင်းစုံ ဖူဆယ်ဘောလုံးပြိုင်ပွဲတွင် အသန့်ရှင်းဆုံးဆုကို အမက (၈) မူလွန်မှလည်းကောင်း၊ အကောင်းဆုံးအားကစားသမားဆုရ ကျော်နံပါတ် ၁၀ ကျော်စိုးလွင် (အထက-၄)မှ လည်းကောင်း၊ တတိယဆုရရှိသော အထက (၂) ဒဂုံဆိပ်ကမ်း၊ ဒုတိယဆုရရှိသော အထက (၃) ဒဂုံဆိပ်ကမ်းနှင့် ပထမဆုရရှိသော အထက (၄) ဒဂုံဆိပ်ကမ်းတို့အား တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုနှင့် ပထမတံခွန်စိုက်ဖလားတို့ကို အသီးသီးပေးအပ်ချီးမြှင့်၍လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးမြစိန်၊ ဒဂုံဆိပ်ကမ်းမြို့နယ် အားကစားမှူး ဒေါ်လှဲ့လှဲ့မိုးနှင့် ဦးဇင်လင်းအောင်တို့က အသက် (၂၅) နှစ်အောက် ရပ်ကွက်ပေါင်းစုံပိုက်ကျော်ခြင်းပြိုင်ပွဲတွင် အကောင်းဆုံးအားကစားသမားဆုရ ကျောနံပါတ် (၂) မိုးကျော် (၆၁) ရပ်ကွက်မှလည်းကောင်း၊ တတိယဆုရရှိသော (၁၆၈) ရပ်ကွက်၊ ဒုတိယဆုရရှိသော (၆၁) ရပ်ကွက်နှင့် ပထမဆုရရှိသော (၉၃) ရပ်ကွက်တို့အား တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုနှင့် ပထမတံခွန်စိုက်ဖလားတို့အား အသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။ **အား/ကာ**



**စာမျက်နှာ ၁၅ မှ**

၆၄။ မြေသိမ်းယူမှု အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့သို့ ဖြစ်စေ၊ ယင်းက တာဝန်ပေးအပ်သူသို့ဖြစ်စေ သက်သေခံအထောက်အထားများ တင်ပြရာတွင် မမှန်သက်သေခံချက်များ တင်ပြလျှင်သော်လည်းကောင်း၊ မြေသိမ်းယူမှု အကောင်အထည်ဖော်ဆောင်ရွက်ရေး အဖွဲ့ဝင်တစ်ဦးဦးအနေဖြင့် အဖွဲ့သို့ မမှန်ကန်သော သက်သေခံချက်များကို မမှန်ကန်ကြောင်းသိရှိပါလျက် တင်ပြလျှင် သော်လည်းကောင်း၊ မြေသိမ်းယူမှု အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့အနေဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီသို့ မမှန်ကန်သော သက်သေခံချက် များကို မမှန်ကန်ကြောင်း သိရှိပါလျက် တင်ပြလျှင်သော်လည်းကောင်း၊ ထိုကဲ့သို့ ပြုလုပ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသိန်းထက် မပိုသော ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

၆၅။ မြေသိမ်းခြင်းဆောင်ရွက်မှုအရ မြေတွင် အကျိုးစီးပွားသက်ဆိုင်သူများနှင့်ထိခိုက်နစ်နာသူ မိသားစုများအတွက် ပြန်လည်ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် ပြန်လည်နေရာချထားရေးနှင့် လူမှုစီးပွားရေးဘဝ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ဆောင်ရွက်ပေးရန် တာဝန်ခံဆောင်ရွက်သူ သို့မဟုတ် ထပ်ဆင့် တာဝန်ပေးအပ်ခံရသူ မည်သူမဆို ဆောင်ရွက်ပေးသည့် လုပ်ငန်းမှ မသမာသည့် နည်းလမ်းဖြင့် ကိုယ်ကျိုးစီးပွားရှာခဲ့လျှင်ဖြစ်စေ၊ သတ်မှတ်ထားသည့် စံချိန်စံညွှန်း မပြည့်မီစွာ ဆောင်ရွက်လျှင် ဖြစ်စေ၊ ထိုသို့ဖြစ်ပေါ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ တစ်ဆယ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

၆၆။ အများအတွက် မြေသိမ်းခြင်းလုပ်ငန်းစဉ်များ ဆောင်ရွက်မှုအရပ်ရပ်တွင်၊ လုပ်ငန်းစဉ်များ ထိခိုက်ပျက်ပြားစေရန် မိမိသဘောအလျောက် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်မှုများ ပြုလုပ်သူ၊ သို့တည်းမဟုတ် သိမ်းယူလက်ခံခဲ့သည့် မြေအား ရည်ရွယ်သည့်အတိုင်း အသုံးမပြုလျှင်ဖြစ်စေ၊ အသုံးမလိုတော့လျှင် ဖြစ်စေ၊ နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည့်အစား အခွင့်အမိန့်မရရှိဘဲ အခြားသူများသို့ တစ်နည်းနည်းဖြင့် လွှဲပြောင်းပေးအပ်ခြင်း ဆောင်ရွက်ခဲ့သည့် မည်သူမဆို ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

**အခန်း(၁၂)**
**အထွေထွေ**

၆၇။ မြေသိမ်းအက်ဥပဒေ (The Land Acquisition Act, 1894) အရ ဆောင်ရွက်နေဆဲ ဖြစ်သော မြေသိမ်းမှုများနှင့် စပ်လျဉ်း၍ ဤဥပဒေ အတည်ပြုသည့်နေ့မှစ၍ ခြောက်လအတွင်း ပြီးပြတ်သည်အထိ ယင်းအက်ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ အမြန်ဆောင်ရွက်ရမည်။

၆၈။ ၁၈၉၄ ခုနှစ်၊ မြေသိမ်းအက်ဥပဒေ (The Land Acquisition Act, 1894) အရ ထုတ်ပြန်ခဲ့သည့် နည်းဥပဒေများ၊ အမိန့်ဆင့်ဆိုချက်များကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၆၉။ မြေသိမ်းရန် အဆိုပြုလွှာတွင် ပူးတွဲပါဝင်ရန် ပုဒ်မ ၈ အရ သတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရသည် မြေသိမ်းယူမည့်အကြောင်းအရာအပေါ် မူတည်၍ ခြွင်းချက်ပြုရန် အချက်များကို အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်နိုင်သည်။

၇၀။ မြေသိမ်းယူခဲ့သည့် ဌာန၊ အဖွဲ့အစည်းများသည် သိမ်းယူခဲ့သော မြေအား သိမ်းယူသည့် ရည်ရွယ်ချက်အတိုင်း အသုံးပြုရန် မလိုအပ်တော့သည်ဖြစ်စေ၊ အသုံးမပြုတော့လျှင်ဖြစ်စေ၊ နိုင်ငံတော်သို့ ပြန်လည်အပ်နှံမှု မပြုခြင်း၊ သက်ဆိုင်ရာခွင့်ပြုပိုင်ခွင့်ရှိသူ၏ ခွင့်ပြုချက်မရရှိဘဲ အခြားဌာန၊ အဖွဲ့အစည်း၊ ပုဂ္ဂလိကများသို့ မိမိသဘောအလျောက်လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ ငှားရမ်းခြင်း ပြုလုပ်ခဲ့ပါက အခန်း (၁၁) ပါ ပြစ်မှုပြစ်ဒဏ်များနှင့်အညီ တာဝန်ရှိသူအား ထိရောက်စွာ အပြစ်ပေးအရေးယူရမည်။

၇၁။ ဤမြေသိမ်းဥပဒေဖြင့် သိမ်းယူခြင်းမဟုတ်ဘဲ၊ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မြေကိုရယူ အသုံးပြုခြင်းကြောင့် အကျိုးစီးပွားထိခိုက်နစ်နာမှုများ ရှိခဲ့ပါကလည်း ဤဥပဒေပါ လျော်ကြေး၊ နစ်နာကြေး၊ ပြန်လည်နေရာချထားမှုနှင့် လူမှုစီးပွားရေးဘဝ ပြန်လည်ထူထောင်ခြင်း လုပ်ငန်းစဉ်များအတိုင်း ကျင့်သုံးဆောင်ရွက်ရမည်။

၇၂။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-
(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊
(ခ) ဦးစီးဌာနသည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၇၃။ ဤဥပဒေ စတင်အာဏာတည်သည့်နေ့မှစ၍ ၁၈၉၄ ခုနှစ်၊ မြေသိမ်းအက်ဥပဒေ (The Land Acquisition Act, 1894) သည် အာဏာတည်ခြင်းမှ ရပ်စဲစေရမည်။

4tv Vol.2 No-43

# 4TV ၏ တစ်ပတ်စာ ကြည့်စရာ အစီအစဉ်ကောင်းများ

## (၄ - ၁၁ - ၂၀၁၇ မှ ၁၀ - ၁၁ - ၂၀၁၇ အထိ)

အပတ်စဉ် စနေနေ့တိုင်း TV Guide မှစီစဉ်ထုတ်ဝေသည်။

4TV HD Receiver ကို ဝယ်ယူတပ်ဆင်ချင်တယ်ဆိုရင်
01- 230 6166 ကို ဖုန်းဆက် ဆက်သွယ်လိုက်ပါနော်
01-230 6166




# မတူညီတဲ့ရသတွေပေးစွမ်းဖို့ရှိနေသည့် မြန်မာအမျိုးသမီးလိဂ်နောက်ဆုံးပွဲစဉ်

4 SPORTS

3:00 PM, 4.11.17 (Sat)

VS

ယခုနှစ်မှာ စတင်ကျင်းပတဲ့ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲဟာ နိုဝင်ဘာလ၄ ရက်နေ့မှာ ပြိုင်ပွဲရဲ့နောက်ဆုံး ပွဲစဉ်ကို ယှဉ်ပြိုင်ကစားမှာဖြစ်ပြီး ချန်ပီယံဆုကိုရရှိထားပြီးဖြစ်တဲ့ မြဝတီအသင်းနဲ့ Sport & Education အသင်းတို့ တွေ့ဆုံနေပါတယ်။

အမျိုးသမီးလိဂ်ပြိုင်ပွဲဟာအသင်း ၁၂ သင်း နဲ့ စတင်ကျင်းပခဲ့ပြီး မြဝတီအသင်းက ပွဲစဉ် ၁၁ အပြီး မှာကတည်းက ချန်ပီယံဆုကိုရရှိခဲ့ပါတယ်။ ယခုတစ်ပတ် နောက်ဆုံးပွဲစဉ်မှာ မြဝတီအသင်းက အမှတ်ပေးဇယား အဆင့် ၃ နေရာမှာရပ်တည်နေတဲ့ Sport & Education အသင်းနဲ့ ရင်ဆိုင်ရမှာဖြစ်ပါတယ်။ အခုရာသီပိတ် နောက်ဆုံးပွဲစဉ်ဟာ ပရိသတ်တွေအတွက် မတူညီတဲ့ရသတွေ ပေးစွမ်းဖို့ရှိနေပြီး ဘယ်လိုရလဒ်ထွက်ပေါ်လာမလဲဆိုတာ နိုဝင်ဘာလ ၄ ရက် နေ့လယ် ၃ နာရီအချိန် for SPORTS ရုပ်သံလိုင်းနဲ့ Pyone Play facebook page ကနေ တိုက်ရိုက်ထုတ်လွှင့်ပြသမှာ ဖြစ်တဲ့အတွက် စောင့်မျှော်ကြည့်ရှုနိုင်ကြောင်း အသိပေးအပ်ပါတယ်။

# AXN Valor


**(Nov 7, Tue 8:30 PM)**




အမေရိကန်စစ်တပ်ရဲ့ ရဟတ်ယာဉ်ပိုင်းလေ့တပ်ခွဲ 'The Shadow Raiders' ဟာ လျှို့ဝှက်တာဝန်တစ်ခု မအောင်မြင်ဖြစ်ခဲ့ရတယ်။ အဲဒီရလဒ်အဖြစ် အရာခံဗိုလ် နိုရာမက်ဒါနီ နဲ့ ဗိုလ်ကြီးလဲလင်းဂယ်လိုတို့ အခြေစိုက်စခန်းကို ပြန်ခဲ့ရတယ်။ အဲဒီနောက် သူတို့အဖွဲ့ထဲက လူတစ်ယောက် အသက်ရှင်လျက်ရှိနေကြောင်း သိလိုက်ရတဲ့အခါ သူတို့တာဝန်အဖြစ်ပြန်ယူပြီး မိမိတို့အဖွဲ့ဝင်ကို ကယ်တင်ဖို့ကြိုးပမ်းကြပုံ စစ်နောက်ခံ ဇာတ်လမ်းပဲ ဖြစ်ပါတယ်။

# 4 HD2 The Hurt Business

**(Nov 4, Sat 8:00 PM)**




ရွန်ဒါရောက်စီနဲ့ ဂျွန်ဂျွန်းစ်တို့ အပါအဝင် ကိုယ်ခံပညာ စုပေါင်းကြယ်ပွင့်တွေရဲ့ ဘဝတွေကို အသေးစိတ် ရိုက်ကူး တင်ပြထားပါတယ်။ ဂျော့ ဂျက်စ် စိန့်ပီယဲလို အကျော်အမော်ကြီးတွေအကြောင်း ပါဝင် သလို လူသစ်တွေအကြောင်းလည်း ပါဝင်ပါလိမ့်မယ်။ ဒါအပြင် ရှေးရိုးကို အာကာစာချိန်ကနေ လှော်လှော်ကြက် အစ်ကိုရှင်ဂရင်ပြိုင်ပွဲလို ခေတ်ပေါ် အားကစားအထိ မင်းသားကြီး ကယ်ဗင်ကော့စ်နာရဲ့ နောက်ခံဇာတ်ကြောင်းပြောနဲ့ တင်ဆက်ပေးထားပါတယ်။ ရုပ်ပိုင်းဆိုင်ရာထိခိုက်မှုတွေ အပြင် စိတ်ပိုင်းဆိုင်ရာထိခိုက်မှုတွေကိုပါ စူးစမ်းလေ့လာ တင်ပြထားပြီး အဆုံးမှာ မေးခွန်းတစ်ခု မေးမြန်းထားပါတယ်။ အဲဒီမေးခွန်းကတော့ 'အားကစားအတွက် တစ်ခုတစ်ယောက်ရဲ့ စိတ် နဲ့ ခန္ဓာကိုယ်ကို စတေးတာဟာ ထိုက်တန်ပါရဲ့လား' တဲ့။

# KBS WORLD Witch at Court

**Every Nov Tues & Weds, 8:20 PM**




ဉာဏ်ပညာစွမ်းရည်ပိုင်ဆိုင်ဖို့ကိုသာ အဓိက ထားတတ်တဲ့ အမျိုးသမီး ရှေ့နေတစ်ဦးရဲ့အကြောင်း ဇာတ်လမ်းပါ။ မာယီဂျွမ် ဟာ ရှေ့နေအဖြစ် ၇ နှစ်ကြာ အလုပ်လုပ်ခဲ့သူပါ။ တခါတရံ သူမဟာ အမှုနိုင်ဖို့ဆိုရင် ပုဂ္ဂိုလ်ရေးတိုက်ခိုက်ဖို့ လုပ်ကြံသက်သေတွေ အသုံးပြုဖို့ မဟုတ်မမှန် ထွက်ဆိုသူကို လှုံ့ဆော်ဖို့ ဝန်မလေးတတ်ပါဘူး။ တစ်နေ့တော့ မာယီဂျွမ်ကို လိင်ပိုင်းဆိုင်ရာ မှုခင်းတွေကို ကိုင်တွယ်တဲ့ အထူးဌာနကို ပြောင်းရွှေ့ တာဝန်ပေးလိုက်တဲ့အခါမှာတော့ .




## 5 ကာတွန်း Moana

**9:00 PM, 4.11.17 (Sat)**




## 5 SERIES ဝတားများရဲ့ စိန်ခေါ်သံ

**7:45 PM, 5.11.17 (Sat)**




## 5 SPECIAL စိတ်ကျွမ်းကျင်သူ (အတွဲ ၆)

**10:00 PM, 8.11.17 (Wed)**

4tv Facebook page www.facebook.com/4tvmyanmar ကို လိုက်ထားခြင်းဖြင့် 4tv အစီအစဉ်ကောင်းများကို စဉ်ဆက်မပြတ် သိရှိနိုင်ပါသည်။

# ဝင်းညွန့်ညွန့် စိန်ရွှေရတနာဆိုင်

ရွှေချစ်သူများအတွက် ကံစမ်းရန်မလိုပါ။ ဝင်းညွန့်ညွန့် စိန်ရွှေရတနာဆိုင် မှ
တန်ဆောင်တိုင် Promotion အထူးအစီအစဉ် (1.11.2017 မှ 30.11.2017) အတွင်း
ကြိုက်နှစ်သက်သော ရွှေထည်ပစ္စည်း (၂)မျိုးဝယ်ယူအားပေးသော မိတ်ဟောင်း ၊ မိတ်သစ်
Customer များကို အေးဆိုးရွှေအလစ် (၁)ခု မေတ္တာလက်ဆောင်ပေးသွားပါမည်။
အမှတ်(၅၉)၊ လှည်းတန်းလမ်းမ၊ လှည်းတန်းဈေးအနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။




DBA
BBA . EMBA . MBA
Diploma in Business Administration
09254045682 / 09972656540 / 01667009


## အသိပေးကြေညာချက်

ဂျပန်နိုင်ငံနှင့် စင်ကာပူနိုင်ငံတို့မှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V LE MANS EXPRESS V.12 သင်္ဘောသည် ၈-၁၁-၂၀၁၇ ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်းဆောင်ရွက်မည်ဖြစ်ပါသည်။ မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILL OF LADING များယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။ သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ။ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**


"ရွှေစည်"
အိမ်ပြောင်း အိမ်ရွှေ့နှင့် ကုန်စည်ဝန်ဆောင်မှု
လုပ်သားပါ ညှိနှိုင်းဈေးဖြင့် ဝန်ဆောင်မှုပေးသည်။
09-73122029, 09-795669534


## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၁၊ မြေကွက် အမှတ်(၅၁၂)၊ မြေကွက်တည်နေရာ အမှတ်(၅၁၂)၊ ရွှေယင်းမာလမ်း၊ (၄၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမည်ပေါက် ဦးမြင့်အောင် ၁၅/ကလဝ(နိုင်)၀၀၃၃၇၆၊ ဒေါ်မြမြလေး ၁၅/ကလဝ(နိုင်)၀၀၃၀၉၉၂ နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်(၁)ဦးဖြစ်သူ ဒေါ်မြမြလေး (၂၆-၃-၂၀၁၇)ရက်တွင် ကွယ်လွန်သဖြင့် ခင်ပွန်းဖြစ်သူ ဦးမြင့်အောင်မှ တစ်ဦးတည်းသော ခင်ပွန်းဖြစ်ကြောင်း၊ ပုဇွန်တောင်မြို့နယ်တရားရုံး၏ (၂၁-၈-၂၀၁၇) ရက်စွဲပါ ကျမ်းကျိန်အမှတ်စဉ် (၈-၁၆၃၅)နှင့် ထပ်ဆင့်ထောက်ခံကျမ်းကျိန်လွှာမူရင်းများ၊ ဇနီးဖြစ်သူ၏ သေစာရင်း၊ မိသားစု သန်းခေါင်စာရင်း၊ ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်+အရောင်းမြေပုံကူးလျှောက်ထားခြင်းအား ကွင်းဆင်းစစ်ဆေးခဲ့ရာ(၂)ထပ်အုတ်ကာသွပ်မိုးရှိပြီး ကိုယ်တိုင်နေထိုင်ပါသဖြင့် ဦးမြင့်အောင်၏ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဌာနမှူး**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**


## လမ်း၊ တံတား စီမံကိန်းလုပ်ငန်းအတွက် ဝန်ထမ်းခေါ်ယူခြင်း

(၁) Project Director (BE/AGTI/B-Tech) ကျား/မ (၂)ဦး
လမ်းတံတားလုပ်ငန်းအတွေ့အကြုံ (၁၀) နှစ်ရှိရမည်။
(၂) Project Manager (BE/AGTI/B-Tech) ကျား/မ (၂)ဦး
လမ်းတံတားလုပ်ငန်းအတွေ့အကြုံ (၅) နှစ်ရှိရမည်။
(၃) Site Engineer (BE/AGTI/B-Tech) ကျား/မ (၄)ဦး
လမ်းတံတားလုပ်ငန်းအတွေ့အကြုံ (၅) နှစ်ရှိရမည်။
(၄) Office Engineer (BE/AGTI/B-Tech) ကျား/မ (၂)ဦး
လမ်းတံတားလုပ်ငန်းအတွေ့အကြုံ (၅) နှစ်ရှိရမည်။
(၅) ...
(၆) ...
(၇) ...
(၈) ... (B.Com, LCCI-Level 4) မ (၂)ဦး
(၉) Bored Pile Supervisor ကျား (၄)ဦး
... Bored Pile လုပ်ငန်း အတွေ့အကြုံ (၅) နှစ်ရှိရမည်။

ဆက်သွယ်ရန် - klc@klcmyanmar.com
CV များကို E-mail ဖြင့်ပို့ပေးပါရန်။




Victoria Hospital
High Tech ... ONE STOP SOLUTION

မလေးရှားနိုင်ငံမှ
နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့်လည်ပင်း အထူးကုပါမောက္ခဆရာဝန်ကြီးက
၂၀၁၇ ခုနှစ် ၊ နိုဝင်ဘာလ တွင် ခွဲစိတ်ကုသပေးမည့်အစီအစဉ်

- ... Laser ဖြင့် ခွဲစိတ်ကုသပေးခြင်း။
- ... (Cochelar Implant)

လူဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးရန် လိုအပ်ပါသည်။

နိုဝင်ဘာ (၁၄) ရက်နေ့ တွင် ပြင်ပလူနာများကို ကြည့်ရှုပေးသွားမည်ဖြစ်ပါသည်။
ခွဲစိတ်ကုသလိုသူများသည် ကြိုတင်စစ်ဆေးမှုများပြုလုပ်ရန်လိုအပ်ပါသဖြင့်
နိုဝင်ဘာ (၁၀) ရက် နေ့ မတိုင်မီ လာရောက်တွေ့ဆုံရန်လိုအပ်ပါသည်။

ဆက်သွယ်စုံစမ်းရန် | Hunt Line - 01 9666141 | Hot Lines - 09 783666 141~144 } Ext - 7065




HOME GALAXY Interior Mall
Manufacturing UPVC Window & Door
PVC printing Sheet
ABS Door
UPVC Window & Door
Showroom I - Junction Square Shop-House (7), Pyay Road, Yangon. 01-2304351,2304352,2304337
Showroom II - No (15),Pyay Road & Corner of Weikzamyinaung St, 9Mile, Yangon. 01-664675




ပထမဦးဆုံးမြန်မာနိုင်ငံမီးသတ်ဦးစီးဌာန၏ အရည်အသွေးပြည့်မီကြောင်းထောက်ခံချက်ရရှိထားသည့်
Since 2001
နေရာတိုင်းဆောင်ထား
အရောက်ပို့
တပ်ဆင်
ရှင်းပြ
Rain Flower
5 Year Warranty
ကြည့်မြင်တိုင်
မြောက်ဥက္ကလာပ
နေပြည်တော်
မန္တလေး


## ကန့်ကွက်နိုင်ပါသည်

[illegible]

ပိုင်ရှင် ... 
LL.B, D.B.L. | LL.B, D.M.L, D.B.L. | LL.B, WIPO(Switzerland) | LL.B,LL.M


01 2304311, 510760, 510940, 510950, 500643, 502517
01 - 552742, 01- 559320, 09 5060940, 09 5060938,09 73500535
Email - soesanrealestate@gmail.com

တာတွန်းရုပ်ပြောင်
စာစဉ်ဆောင်၍
အရောင်ဝယ်ခွင့်
အလင်းရောင်ဖြာ
ရယ်စရာဖြင့်
စုံစွာရသ နှလုံးလှသည်
သုတမဇ်ဿာ

ကလေးလူငယ်များ သိလိုမြဲ
ကိုယ်ကျင့်တရား ကောင်းစေရေးအတွက်
ကာတွန်းဖြင့်
လူငယ်များကို ယဉ်ကျေးစေသူ
ကာတွန်းဆရာကြီး ဦးဓေသိန်း၏
ကာတွန်းများနှင့် ကာတွန်းဆရာများ
လက်ရာ စုံလင်စွာဖြင့်
ပုံပမာကာတွန်း

ထွက်ပြီ



TaZaungDine SALE Event
Bedsheet | Comforter | Pillow | Bolster
Place: GamonePwint (San Yeik Nyein)
Date: 3 to 5 November 2017
www.goldenedensleepsolutions.sg
GOLDEN EDEN SLEEP SOLUTIONS



Imported from Singapore
Authorized Sole Distributor in Myanmar
Bldg no 31, Rm no 5, Sabai St., Near Yuzana Plaza
Ph: 01 203671, 205756, 095142388


## အထွေထွေကိုယ်စားလှယ်လွှဲစာ (ဖျက်သိမ်းခြင်း) ပြန်လည်ရုပ်သိမ်းခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဝရဇာ(၄)လမ်း၊ အမှတ်(၅၉၁)နေ ဒေါ်ခင်သောင်းမြင့် [၁၂/ဥကတ(နိုင်)၀၆၃၀၃၁]၊ ဒေါ်တင်ထွေးချစ် [၁၂/ဥကတ(နိုင်)၀၅၉၆၃၉]တို့မှ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၈)ရပ်ကွက်၊ စက်မှုဇုန်(၂)လမ်း၊ အမှတ်(၄၁)နေ ကန်ထရိုက်တာ ဦးသောင်းထိုက် [၁၂/ဥကတ(နိုင်)၀၁၁၃၁၇] LAT KHAING MIN Co., Ltd ဆောက်လုပ်ရေးသို့ လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် GP (၄၉/ ၂၀၁၄) ၂-၁-၂၀၁၄ရက်အား ၁-၁၁-၂၀၁၇ရက်မှစ၍ ပြန်လည်ရုပ်သိမ်း(ဖျက်သိမ်း)လိုက်ပါသည်။

**ဒေါ်ခင်သောင်းမြင့် [၁၂/ဥကတ(နိုင်)၀၆၃၀၃၁]**
**ဒေါ်တင်ထွေးချစ် [၁၂/ဥကတ(နိုင်)၀၅၉၆၃၉]**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ဒက္ခိဏသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် (၉/ဒက္ခိဏသီရိတောင်ရပ်)၊ ပေ(၈၀×၈၀)၊ မြေကွက်အမှတ်၊ (ဒ-၃၁၉၅၆) ဒေါ်ရွှေစင်ထိုက်(ဘ) ဦးမြင့်သန်း[၁၂/လကန(နိုင်)၀၆၄၄၄၁]အမည်ပေါက် ပါမစ်မြေအား အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ ဒေါ်ရန်ရီလန့် (ဘ) ဦးကျော်ဇီလွန်[၁၃/ကခန(နိုင်)၀၁၇၂၅၆]မှ မြေပေးမိန့်လျှောက်ထားလာခြင်းအား ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်နေ့မှစ၍ ရက်ပေါင်း(၃၀)အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ အဆိုပါမြေပေးမိန့်ကို ဒေါ်ရန်ရီလန့်အား ထုတ်ပေးမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**


ရွှေနန်းစံ
09 770639155
09 773733163

NAY LIN AUNG
FINANCE & ACCOUNTANCY ACADEMY
Enroll Now!
LCCI I,II,III (UK)
ACCA
Part I (UK)
Part II (UK)
တာမွေကျောင်းခွဲ
For July 2018 Eaxm

Eccentric Trading Co.,Ltd
အလှအပပြုပြင်မှုဆိုင်ရာနှင့် အသိချုပ်ဝန်ဆောင်မှုလုပ်ငန်း
အိမ်တိုင်ရာရောက် ဝန်ဆောင်မှုများ
- မိမိမလိုချင်သော အမွှေးများကို ပြန်မပေါက်စေရန် Laser ပစ်ပေးခြင်း။
- ဗိုက်၊ ပေါင်၊ လက်မောင်းများကို စက်ဖြင့် အဆီချပေးခြင်း။
- မျက်နှာနုပျိုစေရန် ဆေးသွင်းပေးခြင်း။
- ဆံပင်ပါးသူများ၊ ကျွတ်သူများကို Laser ဦးထုပ်ဆောင်းပေးခြင်း။ ဆံပင်သန်ဆေးသွင်းပေးခြင်း။
- ဝက်ခြံ တင်းတိပ် ပျောက်စေရန် ဆေးသွင်းပေးခြင်း။
- မျက်နှာပေါ်ရှိ မှဲ့၊ မှဲ့ခြောက်၊ ပါးမျက်စေ့များ ဖျက်ပေးခြင်း။
- ခြေ လက် ကျိုင်းမဲခြင်းအတွက် ပေါင်းတင်ပေးခြင်း။
လိပ်စာ အခန်း(၉၀၄)၊ (၉)လွှာ၊ ဓမ္မာလကာ္ဘနီဒီ (Ocean နှင့်ကပ်လျက်) မဟာဗန္ဓုလလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့
Ph : 09-400224443, 09-798734478, 09-258304048

Mount Elizabeth
စင်ကာပူနိုင်ငံ
ဗီဇာကင်းလွတ်ခွင့်
အားလပ်ရက်များမှာ စင်ကာပူကိုသွားရောက်ဖို့ စီစဉ်နေပါသလား?
ကျန်းမာရေးစစ်ဆေးဖို့အတွက်ပါစီစဉ်ခြင်းဖြင့် သင့်အတွက် အကောင်းဆုံး အားလပ်ရက်ခရီးစဉ်ဖြစ်ပါစေ။



Patient Assistance Centre (Yangon)
24-Hour Helpline : (+95) 9 430 66666 | Email : ppacmyanmar@gmail.com
Patient Assistance Centre (Mandalay)
24-Hour Helpline : (+95) 9 430 66667 | Email : parkway.mdy@gmail.com
Website : www.mountelizabeth.com.sg/mm/plan-your-visit

## သီတဂူရွှေပြည်ဟိန်း စကျဲဒါနဆေးရုံ နိုဝင်ဘာလ ၂၄၊ ၂၅၊ ၂၆ (၀၅)ကြိမ်မြောက် မျက်စိခွဲစိတ်အလင်းဒါနပါဝင်လှူဒါန်းနိုင်

လှူဒါန်းရန်ဌာန - သီတဂူရွှေပြည်ဟိန်း စကျဲဒါနဆေးရုံ ... ဖုန်း - ၀၁-၅၄၁၀၄၃၊ ၀၉-၇၃၀၅၆၅၆၉၊ ၀၉-၄၄၃၀၅၆၅၆၉
ဘဏ်စာရင်း (Account No. 007-50100701690301)



အကောင်းဆုံးစည်းကမ်း၊ အကောင်းဆုံးပညာ၊ အကောင်းဆုံးသင်ကြားမှုနှင့် အကောင်းဆုံး ဆရာအင်အားများစုစည်းရာ

ဦးဘက်လှိုင် (ပူပေဗဒ)
ဦးညီညီ (ဓါတုဗေဒ)
ဒေါက်တာစိုး (ဇီဝဗေဒ)
သင်ကြားစည်းကမ်းကြီး

# N-3

၂၀၁၈-၂၀၁၉ ပညာသင်နှစ်

ကျောင်း ကြိုတင်အပ် လက်ခံပြီ

ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် အဆင့်မြင့်ထူးချွန်ရေးဘော်ဒါ

၅တန်းမှ ၁၀တန်းအထိ

အမှတ်(၁၃၄) လှော်ကားလမ်း ... Ph: 09420046938, 09769633711, 09421167047

**Myanmar Clinical Psychology Consortium**

MCPC is a volunteer-based group of Myanmar and international mental health professionals and community partners. Our mission is to meet the need for clinical psychology education and training in Myanmar.

The application for the **MCPC Clinical Psychology Graduate Diploma Program** is now open.
*Application deadline: November 15, 2017.*
The purpose of this program is learning. The diploma program is free and extremely challenging.
The primary medium of instruction is English.
Please visit our website at **www.mcpcgroup.com** for detailed information.
You can also find us on Google Site (mcpcspace) and Facebook (Myanmar-Clinical-Psychology-Consortium).

**ကားရောင်းမည်**

| | |
|---|---|
| 2006 Nissan ELGRAND | 425 သိန်း |
| 2010 Fielder 1800 CC | 330 သိန်း |
| 2006 WISH နှစ် | 325 သိန်း |
| 2003 NOAH | 300 သိန်း |
| 2013 Axio | 240-280 သိန်း |
| FIT-Shuttle နှစ်/မှန်ကုန် | 235-265 သိန်း |
| CIVIC နှစ်/မှန်ကုန် | 165-280 သိန်း |
| Fit Insight နှစ်/မှန်ကုန် | 175-215 သိန်း |
| 2010Belta1000/1300CC | 185-215 သိန်း |
| 2011 Swift/Golf/Polo | 190-220 သိန်း |
| 2011 AD / Probox | 165-175 သိန်း |

09 5108316 , 09 975108316

**Jishugakkan Yangon Japanese Center(JYJC)**

2018 [ July ] ကျောင်းလျှောက်မည့်သူများအတွက်
ဂျပန်စာ N5(basic) အခြေခံအတန်းကို (8.11.2017)နှင့်
N4 အတန်းကို (20.11.2017) နေ့များတွင်
စတင်ဖွင့်လှစ်ပါမည်ဖြစ်သောကြောင့်ကျောင်းအပ်လက်ခံနေပါပြီ။
JYJC (Yangon) 09-43139339,09-260441881

**SAMSUNG DAY** November 2017



နိုဝင်ဘာလအတွက် အထူးလက်ဆောင်
29.10.2017~7.11.2017

Samsung Smartphones နှင့် Tablets တွေ ဝယ်ယူပြီး လက်ဆောင်များ ရယူလိုက်ပါ...

ကျပ် ၅၀၀,၀၀၀ အထက် ဝယ်ယူသူတိုင်းအတွက် — Travel Mug, Luggage
ကျပ် ၂၀၀,၀၀၀ မှ ၅၀၀,၀၀၀အထိ ဝယ်ယူသူတိုင်းအတွက် — Luggage
ကျပ် ၂၀၀,၀၀၀အောက် ဝယ်ယူသူတိုင်းအတွက် — Bluetooth Speaker, Phone Holder

samsungmobilemyanmar | samsungmyanmar | samsung.com/mm
01 2399 888 (Mon-Sun) 7AM to 11PM

**HEAVY DUTY PALLET RACKING**
THE ONLY WAY TO CREATE PERFECT BUSINESS

**HIGH QUALITY PLASTIC CONTAINERS**






**MODERN TECH**
BUILDING MATERIALS & WAREHOUSE SOLUTIONS
အမှတ်(၂၃/၂၉)၊ ... ရန်ကုန်မြို့။
01-522 489, 522 691, 522 692, 9660 679, 09 502 8456, 503 9441, 504 9860
E-mail : moderntech@decolandgroup.com Web: http://www.decolandgroup.com

MNC
MYANMAR NOBLE COLLEGE

University of East London နှင့် Myanmar Noble College တို့၏ Joint Program များဖြစ်ကြသော Bachelor's Degree တန်းခွဲများဖြစ်ကြသည့် -
- BEng(Hons) Civil Engineering
- BA(Hons) Business Management
တန်းခွဲများကို MNC တွင်ပင် တက်ရောက်သင်ကြားနိုင်သည့်အပြင် UEL မှ ကြီးမှူးကျင်းပသော Graduation Ceremony ကို တက်ရောက်ပြီး Bachelor ဘွဲ့ကိုလည်း ရယူနိုင်ပြီဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

Enroll Now!!!



UEL
University of East London



Early Bird Promotion
13th October 2017 ~ 13th November 2017

Contact us : Yangon - No.6 (A), Kyoe Sett Yone Street, Thuwana - Thingankyun Township, Yangon, Myanmar.
Tel : 01 - 2331276, 2331257, 2331264
Mobile : 09 - 780 63 9577, 448066660 ~ 3
MNCEducation

MPT ရဲ့ မြန်မာ့ပထမဆုံး "IP-VPN Global Connection" ဝန်ဆောင်မှုကို အသုံးပြုပြီး သင့်ရဲ့စီးပွားရေးလုပ်ငန်းကို ကမ္ဘာအနှံ့သို့မြန်ကြက်ချိတ်ဆက်လိုက်ပါ

MPT BUSINESS



- နိုင်ငံပေါင်း တစ်ရာကျော် သို့ ကွန်ရက်မြန်ကြက်ချိတ်ဆက်နိုင်ခြင်း
- ကျယ်ပြန့်များပြားလှသော လမ်းကြောင်းများမှတစ်ဆင့် ကမ္ဘာ့ အနှံ့သို့ ချိတ်ဆက်နိုင်ခြင်း
- တစ်နေရာတည်းတွင် ပြီးပြည့်စုံသော ဝန်ဆောင်မှုကို ရရှိနိုင်ခြင်း

MPT ၏ လုပ်ငန်းသုံးဝန်ဆောင်မှုများ

Fixed Line ဝန်ဆောင်မှုများ
- Fiber Internet (Dedicated Internet)
- IP-VPN
- DPLC
- IPLC
- MPT Auto-Phone (PSTN)
- Toll Free Call

Mobile ဝန်ဆောင်မှုများ
- CUG (အုပ်စုဖွဲ့ဖုန်းခေါ်ဆိုသည့်ဝန်ဆောင်မှု)
- Mobile Packages
- Data Only SIM
- Data Plans
- Mobile Remote Access
- Mobile Enablement Package

For More Information
Email : b2b@mptjo.com.mm
Hotline Number : 106 (for MPT Subscribers) (24 Hours)
: 012399106 (for Any Operators) (24 Hours)
: 0800 800 9990 (Toll Free Call Number) (Office Hours)
: 09426000323 (for Any Operators) (Office Hours)

ချမ်းအေးဆရာတော် ဘဒ္ဒန္တနာဂသောဘိတဝံသထေရ်
ဝိပဿနာယာနိက တရားစခန်းပွဲ

နေရာ - ချမ်းအေးရိပ်သာကျောင်းတိုက် ၀/က ရပ်ကွက် သင်္ဃန်းကျွန်းမြို့နယ်။
နေ့ရက် - တန်ဆောင်မုန်းလပြည့်ကျော် ၁၅ ရက်မှ နတ်တော်လဆန်း ၆ ရက် (၁၈-၁၁-၂၀၁၇ မှ ၂၄-၁၁-၂၀၁၇) အထိ

တရားစခန်းဝင်လိုသော ယောဂီများ
၁၅-၁၁-၂၀၁၇ ရက် နောက်ဆုံးထား၍ စာရင်းများ ပေးသွင်းနိုင်ကြပါသည်။
၁၇-၁၁-၂၀၁၇ ရက် ညနေအရောက် ချမ်းအေးရိပ်သာသို့ ကြွရောက်ကြပါရန်။

ချမ်းအေး ရိပ်သာ - ၀၉၇၃၉၂၈၂၈၄၂၈
ဦးတင်ရွှေဝ - ၀၉၅၅၀၆၅၉၃
ကိုအေးသန်း - ၀၉၅၀၅၈၉၈၅

ကိုကျော်နိုင်
CAR RENTAL
ALPHARD, HIACE
09 25 358 2510
09 515 8803

ကိုသန့်ဇင်
CAR RENTAL
09-43117680, 09-5059821

## Ever Clean Travel & Tour

- (၃ည ၄ရက်) Nov-2-10, Dec-15-22-29
- မြစ်ကြီးနား-ပူတာအို (၃ည ၄ရက်) Nov-2-10, Dec-15-22-29
- (၄ည ၅ရက်) Nov-2-10, Dec-22-29
- (Trekking) (၄ည ၅ရက်) Nov-2-10, Dec-22-29
- (၄ည ၅ရက်) Nov-2-10, Dec-22-29
- (၄ည ၅ရက်) Nov-10, Dec-29
- (နေ့ချင်းပြန်) Nov-18-25, Dec-2-15
- (နေ့ချင်းပြန်) Nov-18-25, Dec-9-15
- (နေ့ချင်းပြန်) Nov-18-25, Dec-9-15
- (နေ့ချင်းပြန်) Nov-18-25, Dec-2-15
- (နေ့ချင်းပြန်) Nov-18-25, Dec-2-15

ကားစင်းလုံးငှားရမ်းနိုင်သည်။

09-33886666, 09-795185522

တရုတ်
Sayar.Yang
ENGLISH
Conversation Practice
Great Wall
TAMWE - 540714, 09 5183636
09 420230133

ရေခဲမုန့်၊ Snack၊ ဈေးချိုသည်
EAC
09-402520073, 09-791111261, 01-2315072






UKEAS MENTOR INTERNATIONAL
EDUCATION MATTERS...
UKEAS MENTOR INTERNATIONAL UK EDUCATION EVENT 2017

Come and talk to the representatives:

* Cambridge Tutors College
* Cats College & CSVPA
* Cranfield University
* University of Hertfordshire
* King's Education
* University of Leeds
* Northumbria University
* Regent's University London

Date : November 13, 2017
Time : 1:00 PM - 6:00 PM
Venue : Eureka Room
Novotel Max Hotel Yangon

For more information:
Call us at
09421062060, 09420020816

ရွှေလမ်းညွှန်
Nov 2,10
57000
37000
09-420087371, 09-259302029

ဖုန်း-၀၉-၄၄၂၀၄၀၀၄၄

Happiness Trip Travel & Tours
36000
39000
35000
37000
36000
Nov 11 18 25
09-767 123 509, 09-767 222 454, 09-767 222 455, 09-767 222 457

ဆရာဒွေး နှင့် သမီး-ဆရာမ ဒွေးစန္ဒာလွင်
B.A (Hons), M.A (English)
Guide
Ph: 01-375970, 0951 72096, 09254541441

SATELLITE • BROADBAND • MOBILE • IoT • ENTERPRISE • BROADCAST SOLUTIONS • DELIVERY • CONTENT
Visit
The 4th Communications Technology, Enterprise & Convergence Solutions Show
CommuniCast 2017 Myanmar
Tuesday 28 - Thursday 30 November 2017
Novotel Yangon Max, Yangon (10.00 -18.00 Hrs.)
International Myanmar ICT 2017
Myanmar Satellite Forum 2017




Pre-register at
www.communicastmyanmar.com
Info Hotline: +95-1513 515-519
MCF
SOFTWARE PARK
COMMSCOPE
UBM



# တန်ဆောင်မုန်းလပြည့်နေ့ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဘုရားစေတီများ၌ စည်ကားလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၃**

တန်ဆောင်မုန်းလသည် တန်ဆောင်တိုင်မီး ထွန်းညှိပူဇော်ပွဲကျင်းပသည့်လ၊ ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကျင်းပသည့်လ၊ ဗုဒ္ဓမြတ်စွာဘုရားရှင်အား ရည်မှန်း၍ မသိုးရွှေကြာသင်္ကန်း ကပ်လှူပူဇော်ပွဲများ ကျင်းပသည့်လဖြစ်သကဲ့သို့ တန်ဆောင်မုန်းလပြည့်နေ့ညတွင် မြတ်စွာဘုရားရှင်က အဇာတသတ်မင်းကြီးအမှူးပြုသော ပရိသတ်တို့အား ရဟန်းပြုခြင်း အကျိုးပြသည့် သာမညဖလသုတ္တန်တရားတော်ကို ဟောကြားတော်မူသည့် သာမညဖလ အခါတော်နေ့ထူးနေ့မြတ်ဖြစ်သည်။

နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ နဝမအကြိမ် တန်ဆောင်တိုင်ရွှေကြာသင်္ကန်းတော် ကပ်လှူပူဇော်ပွဲနှင့် ၉၅ ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းမြတ် ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီ ၄၅ မိနစ်တွင် ဥပ္ပါတသန္တိစေတီတော် လိုဏ်အတွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဒေါက်တာမျိုးအောင်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်မော်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမင်းနောင်နှင့် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး (ငြိမ်း)သူရဦးမြင့်မောင်တို့က ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအား ရွှေကြာသင်္ကန်းများ ကပ်လှူပူဇော်ကြပြီး မြသပိတ်တော်ဖြင့် ဆွမ်းတော်၊ သစ်သီး၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ❒**



နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ နဝမအကြိမ် တန်ဆောင်တိုင်ရွှေကြာသင်္ကန်းတော် ကပ်လှူပူဇော်ပွဲနှင့် ၉၅ ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းမြတ် ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲအခမ်းအနား ကျင်းပစဉ်။

# အောင်လအန်ဆန် ကြုံးဝါးသည့်အတိုင်း ပြိုင်ဘက်ကို ပထမအချီမှာပင် အနိုင်ရ



**ရန်ကုန် နိုဝင်ဘာ ၃**

ယနေ့ညတွင် One Championship အဖွဲ့က ဦးဆောင်ကျင်းပသော MMA (ကမ္ဘာ့ကိုယ်ခံပညာပေါင်းစုံ) One Hero's Dream ပြိုင်ပွဲတွင် မစ်ဒယ်ဝိတ် ကမ္ဘာ့ချန်ပီယံ အောင်လအန်ဆန်(မြန်မာ့စပါးအုံး)က ဟဲဗီးဝိတ်မွေ့ထိုင်း ကမ္ဘာ့ချန်ပီယံ အလိန်းဂါလာနီ(ကျားသစ်နက်)ကို ပထမအချီ ပြီးခါနီး ၂၉ စက္ကန့်အလိုတွင် အနိုင်ရရှိသွားသည်။

ပထမအချီတွင် ဂါလာနီက အပေါ်စီးမှ အသာစီးယူကာ တိုက်ခိုက်ခဲ့သော်လည်း အောင်လက ပါးနပ်စွာ ရင်ဆိုင်နိုင်ခဲ့ပြီး ဂါလာနီ၏အားနည်းချက်ကို အသုံးချကာ ၎င်း၏အားပါလှသည့် ချုပ်ကွက်ဖြင့် အနိုင်ယူခဲ့ခြင်းဖြစ်သည်။

"အနိုင်ရတဲ့အတွက် အားလုံးကိုကျေးဇူးတင်ပါတယ်၊ ကျွန်တော် အများဆုံး နှစ်ချီပဲလို့ ပြောထားတယ်လေ၊ နိုင်သွားတဲ့အတွက် ဝမ်းတော့ ဝမ်းသာတယ်၊ ဒါပေမယ့် ဒီထက်ပိုကောင်းအောင် ကစားမယ်၊ ကျွန်တော့်ပြိုင်ဘက်က အားအလွန်သန်သူ ဖြစ်ပါတယ်၊ သူ့ကိုလည်း ချီးကျူးရမှာပါ။ ဒီပွဲမှာ သူက အပေါ်ကနေချုပ်ကိုင်ဖို့ ကြိုးစားတယ်။ ဒါပေမယ့်လည်း ဟန်ရေးပြပွဲမှာ ပေးရင်ယူမယ်လို့ ကျွန်တော်ပြောထားတယ်၊ လက်ပေးရင် လက်ယူမယ်၊ ခေါင်းပေးရင် ခေါင်းယူမယ်၊ နောက်ပွဲတွေလည်း ဆက်ပြီး ကြိုးစားသွားမှာပါ၊ ကျွန်တော်တောင်းပန်ပါတယ်။ ဒီပွဲသိပ်မကောင်းလို့ ကျွန်တော်ချန်ပီယံလုပွဲက ဖေဖော်ဝါရီလဖြစ်မယ်ထင်တယ်၊ ဒီကပြန်သွားတာနဲ့ ကျွန်တော်လေ့ကျင့်မှုတွေလုပ်သွားမှာပါ"ဟု အောင်လအန်ဆန်က ပြောသည်။

ယင်းပွဲစဉ်နှင့်အတူ ပြည်တွင်း၊ ပြည်ပပွဲစဉ်များလည်း ယှဉ်ပြိုင်ထိုးသတ်ကြရာနိုင်ငံတကာပွဲစဉ်များတွင် Zhang Ze Hao(တရုတ်)က Bala Shetty(အိန္ဒိယ)ကို **စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍**






# တိုင်းရင်းသားရေးရာ

ကြေးမုံ
အထူးကဏ္ဍ

ဂ

နိုဝင်ဘာ ၄၊ ၂၀၁၇ (စနေနေ့)


ယခင်တစ်ပတ်မှအဆက် »»



## ကယားလူမျိုးသမိုင်း

လောပိတရေတံခွန်ကို တွေ့ရစဉ်။
ဓာတ်ပုံ - အောင်ထွန်းလေး

■ ရာမည

**ကရင်နီမှသည် ကယားဆီသို့**

၁၉၄၇ ခုနှစ် မြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် ကရင်နီပြည်နယ်ဟူ၍ ပြဋ္ဌာန်းထားသည်ကို ကယားအမျိုးသားခေါင်းဆောင်များက မလိုလားကြသည့်အတွက် ကရင်နီအစား ကယားဟူသောအမည်သို့ ပြောင်းလဲခေါ်ဆိုနိုင်ရန်အတွက် တိုင်းပြုပြည်ပြုလွှတ်တော်သို့ အဆိုပြုတင်သွင်းခဲ့ရာ ၁၉၅၁ ခုနှစ် အောက်တိုဘာ ၅ ရက်က ကျင်းပခဲ့သည့် မြန်မာနိုင်ငံတော် တိုင်းပြုပြည်ပြုလွှတ်တော်ညီလာခံတွင် ကရင်နီအစား ကယားသို့ ပြောင်းလဲခေါ်ဆိုရန် အများသဘောတူညီချက်ဖြင့် အတည်ပြုခဲ့သည်။

ကရင်နီအစား ကယားသို့ ပြောင်းလဲခေါ်ဆိုရန် ကယားအမျိုးသားခေါင်းဆောင်ကြီးများ၏ ကြိုးပမ်းမှုအောင်မြင်မှုကို အထိမ်းအမှတ်ဖြစ်စေခြင်းငှာ နေ့တစ်နေ့ကို သတ်မှတ်ရန် လိုလားကြသဖြင့် အခါတော်နေ့ကောင်းရက်မြတ်ကို ရွေးချယ်ပေးပါရန် နိုင်ငံတော်ဝန်ကြီးချုပ်ထံတင်ပြပန်ကြားခဲ့ကြရာ ဝန်ကြီးချုပ်ဦးနုက ဇန်နဝါရီ ၁၅ ရက်ကို သတ်မှတ်ပေးခဲ့ပြီး ကယားပြည်နယ်နေ့အဖြစ် ၁၉၅၂ ခုနှစ် ဇန်နဝါရီ ၁၅ ရက်တွင် ပထမဆုံးအကြိမ် စတင်ကျင်းပခဲ့ကြသည်။

**ကယားပြည်နယ် အလံ**

ကယားပြည်နယ်အလံသည် အရောင်သုံးမျိုးဖြင့် ဖွဲ့စည်းထားသည်။ အလယ်တွင် ကိန္နရာရုပ်ပါရှိပြီး ကျန်အပိုင်းတွင် အထက်နေရာ၌ အနီရောင်၊ အလယ်၌ အပြာရောင်၊ အောက်ဆုံး၌ အစိမ်းရောင်တို့ဖြင့် ဖွဲ့စည်းထားသည်။ အနီရောင်၏အဓိပ္ပာယ်မှာ ရဲစွမ်းသတ္တိ၊ ဖွဲ့၊ လုံ့လ စသည်တို့ကို ဖော်ကျူးပြီး အပြာရောင်မှာ ကောင်းကင်၏အရောင်ဖြစ်၍ ငြိမ်းချမ်းခြင်း၊ အေးချမ်းသာယာခြင်းတို့ကို ညွှန်းဆိုသည်။ အစိမ်းရောင်မှာ ကယားပြည်နယ်တွင် တောတောင်ထူထပ်ပြီး သဘာဝသစ်တော၊ သတ္တုများပေါများကြွယ်ဝခြင်း၏ အထိမ်းအမှတ်ဖြစ်ကြောင်း သိရသည်။ အလယ်တွင်ထားရှိသော ကိန္နရာရုပ်မှာ ရာဇဝင်များအရ ကယားပြည်နယ်သည် ကိန္နရီ၊ ကိန္နရာများ အထူးပျော်ပါးသောဒေသဖြစ်ပြီး ကယားတိုင်းရင်းသားတို့သည်လည်း ပရားကန်နို့ ခေါ် ကိန္နရီ၊ ကိန္နရာအနွယ်မှ ဆင်းသက်လာသည်ဟု အယူအဆရှိခြင်းကြောင့်ဖြစ်သည် ဆို၏။

**ကယားတိုင်းရင်းသားတို့၏ ဘာသာစကား**

တိုင်းရင်းသား ကယားလူမျိုးတို့ ပြောဆိုသော ဘာသာစကား၏ ဝါကျတည်ဆောက်ပုံ၊ ဝါကျဖွဲ့စည်းပုံသည် မြန်မာဘာသာစကား ပြောဆိုရေးသားပုံနှင့် ခြားနားမှုရှိနေပါသည်။ ကယားတိုင်းရင်းသားတို့သည် နေထိုင်ရာအရပ်ဒေသမတူညီကြခြင်းကြောင့် စကားသံလေယူလေသိမ်း အနည်းငယ်ကွဲပြားကြသော်ငြား အချင်းချင်းနားလည်ကြသည်ဟု ဆိုသည်။ မြန်မာဘာသာစကားတွင် ကတ္တား၊ ကံ၊ ကြိယာဖြင့် ဖွဲ့စည်းထားသည်။ ဥပမာအားဖြင့်ဆိုရသော် "ကျွန်တော်သည် ခေါင်ရည်ကို သောက်သည်" ဆိုသောဝါကျ၌ "ကျွန်တော်သည်" ကတ္တားဖြစ်ပြီး "ခေါင်ရည်ကို" ကံဖြစ်ကာ "သောက်သည်"မှာ ကြိယာဖြစ်သည်။

ကယားဘာသာစကားတွင်မူ ကတ္တား၊ ကြိယာ အစီအစဉ်အတိုင်း ဝါကျတည်ဆောက်ခြင်းမဟုတ်ဘဲ ကတ္တား၊ ကြိယာ၊ ကံ အစီအစဉ်ဖြင့် ဝါကျတည်ဆောက်ထားသည်ကို တွေ့ရသည်။ ဥပမာအားဖြင့်ဆိုရလျှင် "ဝါး အူ ထိယေ"ဟူသောစကား၌ "ဝါး"သည် ကတ္တားဖြစ်ပြီး "အူ"မှာ ကြိယာဖြစ်ကာ "ထိယေ"သည် ကံဖြစ်သည်။ ထိုစကားကို မြန်မာမှုပြုမည်ဆိုပါက ဝါး-ကျွန်တော်သည် အူ-သောက်သည် ထိယေ-ခေါင်ရည်ကိုဟု အဓိပ္ပာယ်ရသည်။ သို့ဖြစ်ခြင်းကြောင့် "ကတ္တား+ ကြိယာ+ ကံ" အစီအစဉ်ဖြင့် ဖွဲ့စည်းသည်ကို တွေ့နိုင်မည်ဖြစ်သည်။

**ကယားတိုင်းရင်းသားတို့၏ စာပေ**

တိုင်းရင်းသား ကယားလူမျိုးစုတို့တွင် ကိုယ်ပိုင်စာပေမှတ်တမ်းဟူ၍ မရှိကြောင်း

အထူးကဏ္ဍ [ ခ ] သို့ »»

## ဆိုင်းဇန်ကျေးရွာ၌ ရိုးရာခွာဒိုပွဲတော် စည်ကားစွာ ကျင်းပရန် ပြင်ဆင် ဆောင်ရွက်လျက်ရှိ

■ ဇိုဟေဆာ

**တီးတိန် နိုဝင်ဘာ ၃**

မြန်မာတို့၏ သီတင်းကျွတ်ရာသီတွင် ကျင်းပလေ့ရှိသော ချင်းတိုင်းရင်းသား ဇိုမီးမျိုးနွယ်စုတို့၏ ရိုးရာခွာဒိုပွဲတော် (၂၀၁၇)ကို ချင်းပြည်နယ် ကျေးလက်လူထုအခြေပြု ခရီးသွားလုပ်ငန်းမြှင့်တင်ရေး အစီအစဉ်တစ်ရပ်အနေဖြင့် ချင်းပြည်နယ် ဟိုတယ်နှင့် ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာနနှင့်ပူးပေါင်း၍ တီးတိန်မြို့မှ ခုနစ်မိုင်ခန့်ကွာဝေးသော ဆိုင်းဇန်ကျေးရွာ ဘောလုံးကွင်းတွင် နိုဝင်ဘာ ၃ ရက်နှင့် ၄ ရက်တို့၌ စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါခွာဒိုပွဲကို ချင်းပြည်နယ်နေရာဒေသတိုင်းတွင် မျိုးနွယ်စုအလိုက် နှစ်စဉ်ကျင်းပမြဲဖြစ်သည့် နှစ်သစ်ကူးပွဲတော် (ခေါ်) ခွာဒိုပွဲတော်အား ပြည်နယ်အဆင့် ပွဲတော်အဖြစ် အနယ်နယ်အရပ်ရပ်မှ ဧည့်သည်များဖိတ်ခေါ်၍ စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ကြောင်း၊ ယင်းပွဲတော်၌ ရိုးရာဖြစ်သည့် ပျားအုံဖွပ်၍သယ်ဆောင်ခြင်း၊ ထင်းရှူးဆီမီးထွန်းညှိခြင်း၊ မီးရှူးမီးပန်းဖောက်ခြင်း၊ ရိုးရာသေနတ်ပစ်ဖောက်ခြင်း၊ ကံစမ်းမဲဖွင့်ဖောက်ခြင်းနှင့် ရိုးရာစုပေါင်းမီးပုံပွဲအကဖြင့် ဆင်နွှဲခြင်းတို့အပြင် ဌာနဆိုင်ရာပြခန်းများ၊

အထူးကဏ္ဍ [ ခ ] သို့ »»




ဇိုမီးမျိုးနွယ်စုတို့၏ ရိုးရာအက
ဇာတ်တိုက်လေ့ကျင့်နေကြသည်ကို တွေ့ရစဉ်။
ဓာတ်ပုံ - ဇိုဟေဆာ

အထူးကဏ္ဍ [ က ] မှ »»

၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလထုတ် “ကယားလူမျိုးစုသမိုင်း” စာအုပ်တွင် ဖော်ပြထားချက်အရ သိရသည်။ ရှေးမီနောက်မီ ကယားသက်ကြီးရွယ်အိုတို့၏ စကားအရ ကယားလူမျိုးသည် ငွေလွှာပေါ်တွင် ရေးသားထားသောစာကို ဘုရားရှင်ထံမှ ရရှိခဲ့ကြောင်း၊ သို့သော် မဖတ်တတ်သဖြင့် တရုတ်လူမျိုးထံမှ စက္ကူပေါ်တွင် ရေးသားထားသောစာနှင့် လဲလှယ်ခဲ့ကြောင်း၊ ယင်းစာကိုလည်း မဖတ်တတ်ပြန်သဖြင့် ရှမ်းလူမျိုးထံမှ သရေစာနှင့် လဲခဲ့ကြောင်း၊ ထို့နောက် သွားလေရာသို့ ယင်းသရေစာကို ပိုက်သွားလေ့ရှိကြောင်း၊ တစ်နေ့သောအခါ၌ တောင်ယာတွင် အလုပ်များနေသဖြင့် ထိုသရေစာကို သစ်ငုတ်ပေါ်တွင် တင်ထားကြောင်း၊ ထိုအခါ ခွေးက သရေစာကို အစာထင်မှတ်၍ စားသွားခဲ့ကြောင်း၊ တောင်ယာလုပ်ငန်းပြီးစီးသည့်အခါ သရေစာပျောက်ဆုံးနေသဖြင့် လိုက်လံရှာဖွေစုံစမ်းရာ ခွေးစားသွားသည်ဟု သိရှိရကြောင်း၊ ခွေးစားသွားသည့် သရေစာသည် မစင်စွန့်ရာတွင် ပါသွားပြီး ဝက်ကစားသွားကြောင်း။

ဝက်ကိုမေးမြန်းကြည့်ရာ ဝက်ကလည်း မစင်စွန့်ရာတွင် ပါသွားပြီး ကြက်ကစားသွားကြောင်း၊ ထို့နောက် ကြက်ကို ဆက်လက်မေးမြန်းရာ ယင်းအစာသည် ပေါင်ရိုးခြင်ဆီထဲတွင်ရှိကြောင်း၊ အဖြစ်အပျက်မှန်များကို သိရှိလိုပါက ပေါင်ရိုးကိုထုတ်ပြီး ကြက်ရိုးထိုးကြည့်ပါက သိနိုင်သည်ဟု ကြက်က ပြောခဲ့ကြောင်း၊ ထို့ကြောင့် ကယားလူမျိုးတို့တွင် စာပေမရှိခြင်းဖြစ်ပြီး အမှားနှင့် အမှန်၊ အကောင်းနှင့် အဆိုးခွဲခြားရာတွင် လည်းကောင်း၊ နေ့ကောင်းရက်မြတ် မင်္ဂလာယူရာတွင် လည်းကောင်း ကြက်ရိုးထိုးကြည့်ပြီး အတိတ်နိမိတ်ဖတ်ယူရကြောင်း သိရသည်။

ကယားစာပေသစ် မပေါ်ပေါက်မီကာလတွင် မြန်မာအက္ခရာကို အခြေခံသော ကယားစာပေကို သိပ္ပံဗထွေးက တီထွင်ခဲ့သည်ဟု သိရသည်။ သို့သော် ထိုစာပေအား ကယားတို့ အသုံးပြုမှုကိုမတွေ့ရပေ။ ထိုစာမပေါ်ပေါက်ခင်က နိုင်ငံခြားသားသာသနာပြုများက လက်တင်အက္ခရာကို အခြေခံသော ကယားစာပေကို တီထွင်ပေးခဲ့ပြီး ယင်းကို ကယားလူမျိုးစုအချို့က အသုံးပြုခဲ့ကြသည်ဟု သိရသည်။

၂၀၁၃ ခုနှစ် မေလ ၂၉ ရက်တွင် ကယားပြည်နယ်ရှိ ကယားတိုင်းရင်းသားများသည် ကျယ်ဖို့ကြီးအက္ခရာကို အခြေခံသော ကယားစာပေကို အတည်ပြုခဲ့ကြကြောင်း၊ ထို့နောက် ၂၀၁၄ ခုနှစ် စက်တင်ဘာ ၈ ရက်တွင် ယင်းစာပေကို လွှတ်တော်မှ အတည်ပြုခဲ့သည်ဟု သိရသည်။

ထိုမှတစ်ဖန် သက်ဆိုင်ရာကျေးရွာကိုယ်စားလှယ်များအား ခေါ်ယူ၍ ကယားစာပေအား သင်ကြားပေးခဲ့ကြောင်း၊ နွေရာသီကျောင်းပိတ်ရက်ကာလတွင် ကိုယ်စားလှယ်များက ကယားကျေးရွာ တစ်ရွာချင်းစီရှိ ဆရာဆရာမနှင့် ကျောင်းသား ကျောင်းသူများအား ကယားစာပေကို ပြန်လည်သင်ကြားပို့ချပေးခဲ့ကြောင်း၊ ဆက်လက်၍ ကျောင်းဖွင့်ရာသီတွင်လည်း ကျောင်းချိန်ပြင်ပ အချိန်ပိုများယူကာ ကယားစာပေကို သင်ကြားပို့ချလျက်ရှိကြောင်း၊ ကယားစာပေ တိုးတက်ပြန့်ပွားစေရန် ရည်ရွယ်၍ လွိုင်ကော်မြို့တွင် ကယားတိုင်းရင်းသားတို့၏ ကိုယ်ထူကိုယ်ထဆောင်ရွက်ထားသော ကယားအမျိုးသားစာပေနှင့် ယဉ်ကျေးမှုကော်မတီကိုလည်း ဖွဲ့စည်းတည်ထောင်ပြီးဖြစ်ကြောင်း သိရသည်။

***ဆက်လက်ဖော်ပြပါမည်။***



မြကလပ်တောင်တော်ကို တွေ့မြင်ရစဉ်။ ဓာတ်ပုံ - ကိုထက်



လွိုင်ကော်မြို့ရှိ နောင်ယားကန်အလှ။
ဓာတ်ပုံ - အောင်ထွန်းလေး




ဇိုမီးမျိုးနွယ်စုတို့၏ ရိုးရာအကများဖြင့် ကပြဖျော်ဖြေမည့် စင်မြင့်ကို တွေ့ရစဉ်။
ဓာတ်ပုံ - ဇိုဟေဆာ

အထူးကဏ္ဍ [ က ] မှ »»

ရိုးရာဓလေ့ပြခန်းများ၊ ရိုးရာအဝတ်အစားပြပွဲများ၊ ရိုးရာအစားအစာများပြသခြင်း၊ ခေတ်ပေါ်တေးဂီတအစီအစဉ်များ၊ စက်ဘီးစီးပြိုင်ပွဲအပါအဝင် အခြားအားကစားပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများ၊ ရိုးရာယဉ်ကျေးမှုအကနှင့် အတီးအမှုတ်များကိုပါ ပြသတင်ဆက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ခွာဒိုပွဲတော်ကျင်းပရေးကော်မတီဝင်တစ်ဦးက ပြောကြားသည်။

“ဒီနှစ်ကျင်းပမယ့် ခွာဒိုပွဲတော်မှာ ရိုးရာကောက်သစ်စားပွဲအပြင် နှစ်သစ်ဆုတောင်းပွဲလည်း ပါဝင်ပါတယ်။ ဒါ့အပြင် ရိုးရာခွာဒိုပွဲတော်အထိမ်းအမှတ် ကမ္ပည်းကျောက်စာတိုင် ဖွင့်လှစ်ဖို့နဲ့ ဆိုင်းဇန်ကျေးရွာအထက်တန်းကျောင်းဆောင်သစ် ဖွင့်လှစ်မယ့်အစီအစဉ်တွေကိုလည်း ထည့်သွင်းစီစဉ်ထားပါတယ်။ အခုလို ပွဲတော်ကျင်းပတာဟာ ရိုးရာဓလေ့ထိန်းသိမ်းဖို့၊ အေးအတူ ပူအမျှ စည်းလုံးညီညွတ်ဖို့၊ မျိုးဆက်သစ်လူငယ်တွေကို လက်ဆင့်ကမ်းပေးပြီး ဆက်လက်လုပ်ဆောင်နိုင်ဖို့၊ နှစ်သစ်နှင့်အတူ စိတ်သစ်၊ ဘဝသစ်၊ ခွန်အားသစ်တွေရလာဖို့ ရည်ရွယ်ပါတယ်”ဟု ၎င်းက ဆက်လက်ပြောသည်။

ခွာဒိုပွဲတော်သည် ချင်းလူမျိုးများ တောင်ပေါ်ဒေသကို ပြောင်းရွှေ့နေထိုင်သည့် ကျိမ်နွဲဒေသမှ စတင်အခြေချနေထိုင်သည့် အေဒီ (၁၄) ရာစုခန့်မှစတင်၍ ကျင်းပသည့် ရိုးရာပွဲတော်ဖြစ်ကြောင်း၊ ခွာဒိုပွဲတော်ကျင်းပခြင်းသည် နှစ်ဟောင်းကုန်ဆုံး၍ နှစ်သစ်ကူးကာလတွင် ကောက်သစ်စားပွဲကျင်းပခြင်း၊ ဘိုးဘေးများ၏ ဝိညာဉ်များကို ပူဇော်ကန်တော့ခြင်း စသည့် လူမှုရေး၊ ဘာသာရေးဆောင်သည့်ပွဲတော်အဖြစ်မှ ယခုအချိန်တွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ တစ်ဦးနှင့်တစ်ဦး ခွဲခြားမှုမရှိဘဲ စည်းလုံးညီညွတ်မှုကိုပြသသည့် အလွန်မွန်မြတ်သောပွဲတော်ဖြစ်ကြောင်း၊ ယခုနှစ် ခွာဒိုပွဲတော်ကို ချင်းတိုင်းရင်းသားများနေထိုင်ရာ ပြည်တွင်းပြည်ပနှင့် မြို့ပြ၊ ကျေးလက်ဒေသအသီးသီးတို့၌လည်း စည်ကားစွာကျင်းပကြကြောင်း သိရသည်။

**ဖိတ်ခေါ်ပါသည်**

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားတို့၏ အထင်ကရနေရာများ၊ စာပေယဉ်ကျေးမှုများ၊ ဘာသာစကား၊ ပုံပြင်၊ ရိုးရာဓလေ့၊ အသုံးအဆောင်၊ ရိုးရာအစားအစာ စသည်ဖြင့် တိုင်းရင်းသားတို့နှင့် စပ်ဆိုင်သော အကြောင်းအရာများကို ကြေးမုံသတင်းစာတွင် တိုင်းရင်းသားရေးရာကဏ္ဍအနေဖြင့် အပတ်စဉ်ဖော်ပြသွားမည်ဖြစ်ရာ ဆောင်းပါး၊ သတင်းဓာတ်ပုံများ၊ စာမူများကို mirrormyosathit@gmail.com သို့ ပေးပို့နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။ [စာတည်း]



ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်းရှိ မြို့တိုင်းရင်းသားတို့၏ စပါးရိတ်သိမ်းနေမှုမြင်ကွင်း။ ဓာတ်ပုံ - နိုင်လင်းကြည်

# ရခိုင်ပြည်သူတို့၏ ကောက်ဦးဆွမ်းတင် အလှူ

■ ကျွန်းသားငမန်း

**၀ လယ်ယာစိုက်ခင်း ရွှေရောင်ဝင်း**
**တလင်းရွှေတောင် ပေါက်တယ်လေ့။**
**၀ စည်သံဗြောသံ ခြိမ့်ခြိမ့်ညံ**
**ထက်ယံမိုးသို့ လွင့်တယ်လေ့။**
**၀ ဒါနအလှူ ရွှင်ကြည်ဖြူ**
**လယ်သူ ရှင်မ ပျော်တယ်ဟော့။**
**သာဓု နတ်လူ ခေါ်ပါလေ့။ ။**

မောင်ကောက်စံ(ရခိုင်ပြည်)

မိုးလအကုန် ဆောင်းလအကူး ဟေမာန်ဦးသို့ ရောက်ခဲ့ပြီ။ မြောက်လေအေးအေးတို့ တိုက်ခတ်လာသည်။ ကြည့်မောလေရာ လယ်ကွင်းပြင်စိမ်းစိမ်းတို့ အရောင်ပြောင်းပြီး ရွှေရောင်ဝါဝင်း ရွှေအဆင်းဖြင့် လှတင့်နေကြပြီ။ မြောက်လေ အငွေ့တွင် စပါးပင်တို့ ယိမ်းနွဲ့ကာ လယ်ကွင်းပြင်တို့ဝယ် ရွှေရောင်လှိုင်းတို့ လှုပ်ခတ်နေသည်။

သဘာဝမြင်ကွင်းများသည် ရာသီလိုက်၍ ပြောင်းလဲဖြစ်ပေါ်နေသည်။ မြင်ကွင်းအသစ်အဆန်းများဖြင့် လောကကို မရိုးနိုင်အောင် အလှဆင်နေလေသည်။ သို့ရာတွင် မပြောင်းလဲသည်က ကိုးကွယ်မှုဘာသာတရား၊ ယုံကြည်မှု သဒ္ဓါတရားများဖြစ်သည်။

ဆန်ရေစပါးတို့ ပေါများကြွယ်ဝသောကြောင့် ဓညဝတီ ရခိုင်ပြည်ဟု အမည်သတ်မှတ်ထားခဲ့သော အာရက္ခသားတို့၏ ရခိုင်ပြည်။ ဘာသာ၊ သာသနာ စည်ပင်ဖွံ့ဖြိုးရာဒေသ။ ဘီစီ ၅၈၀ တတိယဓညဝတီခေတ်တွင် သုံးလူ့ထွတ်ထား မြတ်စွာဘုရားရှင်ကိုယ်တော်တိုင် ရခိုင်တို့၏ ဓညဝတီပြည်သို့ ကြွရောက်တော်မူပြီး မင်းနှင့်ပြည်သူတို့အား တရားရေအေး အမြိုက်ဆေးကို ဟောကြားတိုက်ကျွေးတော်မူခဲ့သည်။

ဓညဝတီပြည့်ရှင် စန္ဒသူရိယမင်းကြီး၏ လျှောက်ထားတောင်းပန်ချက်အရ သာသနာတော် အစဉ်သဖြင့် ရှည်ကြာတည်တံ့စေရန်နှင့် မင်းနှင့်ပြည်သူတို့ စဉ်ဆက်မပြတ် ကိုးကွယ်ဆည်းကပ်နိုင်ရန် ကိုယ်စားတော် မဟာမြတ်မုနိရုပ်ရှင်တော်မြတ်ကို ရင်အုပ်တော် ခုနစ်လက်အုပ်ထည့်၍ သွန်းလုပ်ချီးမြှင့်ပေးသနားတော်မူခဲ့သည်။

ဤသည်မှစတင်ပြီး အာရက္ခတို့၏ ရခိုင်ဒေသတွင် ဗုဒ္ဓသာသနာ ရောင်ဝါထွန်းလင်းခဲ့သည်။ ရခိုင်လူမျိုးတို့၏ ဗုဒ္ဓဘာသာကို ယုံကြည်ကိုးကွယ်ဆည်းကပ်လာခဲ့ကြသည်မှာ နှစ်ပေါင်းထောင်ချီရှည်ကြာခဲ့ပြီ။ ဘာသာတရားကို ရိုသေကိုင်းရှိုင်းမှုဖြင့် စေတီပုထိုးများ တည်ထားကိုးကွယ်ခြင်း၊ ဘုရားဆင်းတုတော်များ သွန်းလုပ်၊ ထုလုပ်ကိုးကွယ်ခြင်းများဖြင့် ကုသိုလ်ယူခဲ့ကြသည်။

သဇင်ပန်းခိုင် တမြိုင်မြိုင် ရခိုင်ဘုရားပေါင်းဟူသော အမှတ်သညာပင်ရှိခဲ့သည်။ ရခိုင်တို့၏ ဂုဏ်ယူအလေးထားဖွယ်ရာကောင်းသည့် ဘာသာတရားအပေါ် လေးစားတန်ဖိုးထားမှုနှင့် ယုံကြည်မှု သဒ္ဓါတရားပင်ဖြစ်သည်။ ဘာသာ၊ သာသနာကို အကြောင်းပြု၍ ရခိုင်ပြည်သူတို့ ပွဲလမ်းသဘင်တွေ ဆင်ယင်ကျင်းပကာ ဘုရားရှင်အား ရည်မှန်းပူဇော်လေ့ရှိကြသည်။

အထူးသဖြင့် ရခိုင်တောသူတောင်သားတို့၏ လုပ်အားအသီးအပွင့်များကို ရရှိတတ်သော တန်ဆောင်မုန်းလတွင် ဗုဒ္ဓပူဇနိယပွဲကြီးများကို ကျင်းပလေ့ရှိကြသည်။ မီးမြင်းမိုရ်ထွန်းပွဲ၊ မသိုးသင်္ကန်းရက်လုပ်ဆက်ကပ်ပွဲ၊ အကောက်တစ်ထောင် ဝက်ပါလှည့်ပွဲ၊ ကောက်ဦးဆွမ်းတင်ပွဲများဖြင့် ပူဇော်လေ့ရှိကြသည်။

ရခိုင်တို့၏ မီးမြင်းမိုရ်ထွန်းပွဲမှာ အတောင်ခြောက်ဆယ်အရှည်ရှိသော တန်ဆောင်မုန်းတိုင်ကို စိုက်ထူပြီး၊ တိုင်ထိပ်ပေါ်သို့မီးလုံးကိုတင်ထွန်းညှိပူဇော်ခြင်းဖြစ်သည်။ မြောက်ဦးခေတ် ရခိုင်စာဆို ဝကာပျံ(ဥက္ကာပျံ)စပ်ဆိုခဲ့သော တန်ဆောင်မုန်းလရတုတွင် “တန်ဆောင်မုန်းလ၊ ဟေမန္တသည်၊ ချမ်းစပေါ်။ လှူရှာပွဲသဘင်၊ သိကြားပျော်ရာ၊ ဝတီသာဝယ်၊ စူဠာမုနိရှင်ကို၊ ဖူးမြော်ချင်ဆုယူမြှောက်၊ အတောင်ခြောက်ဆယ်၊ မြင့်ဖူးသွယ်သည် တန်ဆောင်မုန်းတိုင် ဆောက်၍၊ အောက်ကကြိုးငင်၊ ပြောင်ပြောင်ညီးသည်၊ မီးထွန်းပွဲသဘင်ကို” ဆင်ယင်ကျင်းပလေ့ရှိကြောင်း စပ်ဆိုခဲ့သည်ကိုတွေ့ရသည်။

ရခိုင်တို့၏ ကောက်ဦးဆွမ်းတင်ဓလေ့မှာလည်း မြတ်နိုးစရာကောင်းသော အလေ့တစ်ခုပင် ဖြစ်သည်။ တန်ဆောင်မုန်းလသည် စပါး၊ ကောက်ပဲသီးနှံများ အစောဆုံးထွက်ရှိသောလဖြစ်သည်။ ဖုံးတုံးလုံးတုံး၊ တန်ဆောင်မုန်းဟု ဆိုကြသည့်အတိုင်း ကောက်စောစပါးတို့ ရိတ်သိမ်းထွက်ရှိရာ အချိန်ကာလလည်း ဖြစ်သည်။

ရခိုင်ပြည်သူတို့သည် မိမိတို့၏ လုပ်အားဖြင့် ထွက်ရှိ၊ ရရှိလာသော ကောက်ပဲသီးနှံ၊ သလဲစပါး၊ ကောက်ညှင်း စသည့်သီးနှံများအား ဆွတ်ခြွေနယ်လျှော့ပြီး ရရှိသောဆန်များကို ချက်ပြုတ်၍ မြတ်စွာဘုရားရှင်အား အစောဆုံးဆက်ကပ်လှူဒါန်းခြင်းဖြစ်သည်။

ကျေးလက်တောရွာများတွင် ရွာသူရွာသား ကာလသားလူငယ်များစုပေါင်း၍ ဆွမ်းကတော့ထိုးပွဲများပြုလုပ်ပြီး ဘုရား၊ ကျောင်းကန်များသို့ သွားရောက်ဆက်ကပ်ပူဇော်ကြသည်။ ကြာရိုး၊ ကြာစွယ်၊ ကြာပန်းများဖြင့်လည်း ပူဇော်ကန်တော့ကြသည်။ မြို့ပြများတွင် ရပ်ကွက်အလိုက်၊ အသင်းအဖွဲ့အလိုက် ဆွမ်းကတော့များထိုးကာ ဘုရား၊ ကျောင်းကန်များသို့ သွားရောက်ပူဇော်ကြသည်။ ဆွမ်း၊ ရေချမ်း၊ ပန်း၊ ဆီမီးအစုံဖြင့် ဆက်ကပ်ပူဇော်ခြင်းဖြင့် ကုသိုလ်ယူကြသည်မှာ ကြည်နူးစရာပင်ဖြစ်သည်။

ရခိုင်ဒေသတွင် မိမိတို့ ဆောင်ရွက်လုပ်ကိုင်ကြသည့် လုပ်ငန်းကိုင်ငန်းများမှ အစောဆုံးရရှိသော ငွေ၊ ဝတ္ထုပစ္စည်းများဖြင့် ဘုရား၊ ကျောင်းကန်၊ မိဘဆရာသမားများအား သွားရောက်ကန်တော့လေ့ရှိတတ်ကြသည်။ ဝန်ထမ်းများဆိုလျှင် မိမိတို့၏ပထမဆုံးရရှိသော လစာငွေကြေးဖြင့် အမိ၊ အဖ၊ ဆရာသမားတို့အား ကန်တော့ခြင်း၊ ကျောင်းသင်္ခမ်းများသို့သွားရောက်ကာ ဆွမ်း၊ သင်္ကန်း စသည်များ ဆက်ကပ်လှူဒါန်းခြင်းများပြုလုပ်ကုသိုလ်ယူလေ့ရှိတတ်ကြသည်မှာ အစဉ်အလာ ပူဇော်လေ့ရှိခဲ့သည့် ကောက်ဦးဆွမ်းတင် ကုသိုလ်ယူကြသည့် ဓလေ့ပင်ဖြစ်သည်။

ဟေမန္တဝင်စ ဆောင်းဦးကာလသမယ၏ အေးမြခြင်းနှင့်အတူ မိမိတို့၏လုပ်အား အသီးအပွင့်များဖြင့် ဒါနအလှူ ကုသိုလ်ယူ၍၊ ကြည်ဖြူမြေ့ချမ်း၊ ဘဝလမ်းကို၊ လျှောက်လှမ်းကြသည်မှာ ဗုဒ္ဓဘာသာမြန်မာများ၏ဘဝတွင် အလေးထားမြတ်နိုးစရာပင် ဖြစ်ပေတော့သည်။

၀၀၀

# ပင်လယ်ပျော် မော်ကင်း(ဆလုံ)နေအိမ်ငယ် ဆောက်လုပ်ပြိုင်ပွဲ ကျင်းပ

**ဘုတ်ပြင်း နိုဝင်ဘာ ၃**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ဘုတ်ပြင်းမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(Community Center)အဖြစ် ပင်လယ်ပျော် မော်ကင်း (ဆလုံ)နေအိမ်ငယ် ဆောက်လုပ်ပြိုင်ပွဲကို အောက်တိုဘာ ၃၀ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲသည် ပျောက်ကွယ်လုနီးပါးဖြစ်နေသည့် မော်ကင်း(ဆလုံ) လူမျိုးများ၏ ရိုးရာဓလေ့၊ ယဉ်ကျေးမှုကို ဖော်ထုတ်သရုပ်ပြပြိုင်ပွဲ ပြုလုပ်ပေးရခြင်းဖြစ်ပြီး ပြခန်းသုံး ပင်လယ်ပျော်မော်ကင်း(ဆလုံ)နေအိမ်ဆောက်လုပ်ရခြင်းနှင့် ဆောက်လုပ်ပြီးသည့် နေအိမ်များအား အများပြည်သူများလေ့လာသိရှိနိုင်ရေးအတွက် ပြတိုက်ငယ်တွင်ထားရှိရန် ရည်ရွယ်ချက်ဖြင့် ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲတွင် အထက-ဘုတ်ပြင်းကျောင်းမှ န၀မတန်းကျောင်းသားများက အဖွဲ့တစ်ဖွဲ့လျှင် နှစ်ဦးနှုန်းဖြင့် အဖွဲ့ ၁၁ ဖွဲ့ ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ ပြိုင်ပွဲအပြီးတွင် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အကောင်းဆုံးရရှိသည့်အဖွဲ့နှင့် ဂုဏ်ပြုဆုရရှိသည့်အဖွဲ့များကို ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ကျောင်းသားများ၏ ပြိုင်ပွဲဝင်နေအိမ်ငယ်များကို ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာများ၊ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



ယခင်တစ်ပတ်မှအဆက် »»



၁၉၅၆ ခုနှစ်က မြင်တွေ့ခဲ့ရသည့် ထရုံလူမျိုးများ။ ဓာတ်ပုံ - ယိမ်းနွဲ့ပါး

> ရှေးဦး တကာစွန်၊ အဖန်လောင်ဖုန် စသည့် ထရုံလူမျိုးများသည် သန်မာထွားကျိုင်းသော အရပ်အမောင်းရှိကြသည်ဟု ရှေးမီနောက်မီ ထရုံလူကြီးများက ပြောကြသည်။ ၎င်းတို့နောက် မျိုးဆက်တစ်ဆက်ပြီးတစ်ဆက်နောက်မှ အရပ်ပုလာကြသည်ဟုဆိုသည်။ မူလမျိုးရင်းမှာ လူပုများမဟုတ်ကြချေ။

# မြန်မာပြည်မြောက်ဖျားမှ ထရုံလူမျိုး

■ မောင်မောင်ကျော်

ထရုံလူမျိုးများသည် ရဝမ်လူမျိုးတို့၏ အမျိုးအနွယ်တစ်မျိုးဖြစ်သည်။ ထရုံလူမျိုးတို့သည် မူလထရုံမြစ်ဝှမ်းဒေသမှ လွန်ခဲ့သည့် နှစ်ပေါင်း ၂၀၀ ကျော်ခန့်မှ ထရုံလူမျိုး လေးငါးဆက်ခန့်ကာလက စတင်ရောက်ရှိလာကြသည်ဟု ခန့်မှန်းကြသည်။ ရောက်ရှိလာသူအားလုံးမှာ ထရုံမြစ်ဝှမ်း သာလာလခါးတောင်ကြားကိုဖြတ်ကျော်၍ သာလာဝမ်မြစ်ဝှမ်းအတိုင်း ဆင်းသက်လာကြပြီး အဒွန်းလောင်းခေါ် အဒွန်းမြစ်ဝှမ်းအောက်ပိုင်းတစ်လျှောက်တွင် နေထိုင်ခဲ့ကြသည်။ သာလာလခါးတောင်ကြားလမ်းမှာ မြန်မာပြည်နှင့် တရုတ်ပြည် ဆက်သွယ်ရာလမ်းကြောင်းဖြစ်သည်။

ထရုံလူမျိုးဆင်းသက်လာပုံနှင့် ယဉ်ကျေးမှု ဓလေ့ထုံးစံတို့ကို ၁၉၅၆ ခုနှစ်က အသက် ၇၀ အရွယ်ရှိ ထရုံခေါင်းဆောင်အဘိုးဆက်လာကွမ်းက ပြောကြားခဲ့သည်မှာ ၎င်းတို့သည် နှစ်ပေါင်းမြောက်မြားစွာ သစ်ဥ၊ သစ်သီးများ ရှာဖွေစားသောက်ကာ အေးအေးချမ်းချမ်း နေထိုင်လာခဲ့ကြရာမှ အိမ်နီးချင်းလူမျိုးကြီးဖြစ်သော တိဗက် ခေါ် လင်းဘူးတို့၏ နှိပ်စက်မှုကို အမျိုးမျိုးခံခဲ့ရကြောင်း၊ ကျွန်အဖြစ် ဖမ်းဆီးရောင်းချခြင်းခံရခြင်း၊ အမျိုးသမီးများအား သိမ်းပိုက်ခြင်း၊ စိတ်မထင်လျှင် သတ်ပစ်ခြင်းအထိ ပြုလုပ်လာသောကြောင့် ထရုံခေါင်းဆောင်များ တိုင်ပင်၍ တိဗက်ကို သွားရောက်တိုက်ခိုက်ကြကြောင်း၊ အရေးနိမ့်သောအခါ လင်းဘူးရန်မှလွတ်ကင်းအောင် ရှောင်ပြေးရာမှ မြန်မာပြည်မြောက်ဖျားတွင် နေထိုင်ကြကြောင်း ရှင်းပြသည်။

ထရုံတို့နေထိုင်ရာအရပ်များသည် ၁၂ လ ရာသီကာလပတ်လုံး ဆီးနှင်းရေခဲများပိတ်ဆို့နေသည့် တရုတ်-မြန်မာ သဘာဝ တံတိုင်းကြီးပေါ်မှ သာလာလခါးတောင်ကြားလမ်း ကျော်နိုင်ရန်မှာ လွယ်ကူလှသည်မဟုတ်ဘဲ အသည်းတယားယားနှင့် အန္တရာယ်အလွန်များလှသည်။ ထရုံတို့သည် မြန်မာပြည်မြောက်ဖျားတွင် နှစ်ပေါင်းများစွာ ကျောက်ဂူကြီးများ၊ တောနက်ကြီးများတွင် လှည့်လည်နေထိုင်ခဲ့ကြသည်။ သူစိမ်းတစ်ရံတို့ကို မသကာ်လွန်း၍လော၊ စိတ်နေစိတ်ထားအရ အားငယ်စိတ်များနေ၍လော အခြားလူမျိုးများနှင့် ရှေးကပင် ပေါင်းသင်းဆက်ဆံခြင်း လုံးဝမပြုလုပ်ကြချေ။ ၎င်းတို့အချင်းချင်းသာ ဆက်ဆံပြီး ၎င်းတို့အချင်းချင်းနှင့်သာ ပြန်လည်အိမ်ထောင်ပြုလေ့ရှိကြသည်။ ကြာသောအခါ အိမ်ထောင်စုလူဦးရေမှာ နည်းလွန်းသဖြင့် မောင်လယ်နှမလယ် ပြန်ယူကြခြင်းဖြစ်လာသည်။ ယင်းစနစ်ကို နှစ်ပေါင်းများစွာကျင့်သုံးလာခြင်းကြောင့် အရပ်အမောင်းများ တဖြည်းဖြည်းပုလာခြင်း၊ စိတ်မန့်သကဲ့သို့ ဖြစ်လာခြင်းပေများလော မဆိုနိုင်ချေ။ ယိမ်းနွဲ့ပါးအဖွဲ့၏ စစ်ဆေးတွေ့ရှိမှုအရ အသက် ၅၀ ခန့်ရှိ အမျိုးသား နမ်စွန်မှာ အရပ်လေးပေ ခုနစ်လက်မ၊ အသက် ၃၅ နှစ်ခန့်ရှိ အမျိုးသား ဖွေဇွန်မှာ အရပ်လေးပေ ၁၀ လက်မ၊ အသက် ၅၀ ခန့်ရှိ အမျိုးသမီး နမ်ဆေဘွန်မှာ အရပ်သုံးပေ ခုနစ်လက်မ ရှိသည်ကို တွေ့ခဲ့ရကြောင်း အစိုးရကို တင်ပြခဲ့သည်။

မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် ဆေးဘက်ဆိုင်ရာ သုတေသနအဖွဲ့တစ်ဖွဲ့သည် ထရုံလူမျိုးတို့ရှိရာအရပ်သို့ ရောက်ရှိခဲ့သည်။ ထိုဆေးဘက်ဆိုင်ရာသုတေသနအဖွဲ့တွင် ပါမောက္ခဆရာဝန်ကြီး ဒေါက်တာမြတူ ဦးဆောင်လျက် ဒေါက်တာကိုကို၊ ဒေါက်တာအောင်သန်းဘတူ၊ ဒေါက်တာ ဖရန်စစ်၊ ဦးသန်းထွန်းအောင်လှိုင်နှင့် အခြားသုတေသနပညာရှင်များ ပါဝင်ကြသည်။ မြန်မာ့တပ်မတော်နှင့် နယ်ခြားဒေသအုပ်ချုပ်ရေးအဖွဲ့၏ ကူညီဆောင်ရွက်ပေးမှုဖြင့် ၁၉၆၂ ခုနှစ် မတ်လကုန်မှ ဧပြီလ ၂၅ ရက်နေ့အထိ တစ်လကြာ ကွင်းဆင်းလေ့လာခဲ့ကြသည်။

ဆေးဘက်ဆိုင်ရာသုတေသနအဖွဲ့သည် ထရုံအမျိုးသား ၃၈ ဦးနှင့် အမျိုးသမီး ၃၀ စုစုပေါင်း ၆၈ ဦးကို သိပ္ပံနည်းကျ စေ့စေ့စပ်စပ် လေ့လာသုတေသနပြုခဲ့ကြသည်။ ထရုံလူမျိုး ၆၈ ဦးအနက် ၄၀ မှာ အရွယ်ရောက်သူများဖြစ်ပြီး ရှစ်ဦးမှာ ရူးသွပ်သကဲ့သို့ ဖြစ်နေသည်ကို တွေ့ရသည်။ ထို့အပြင် ဂွိုက်တာခေါ် လည်ပင်းကြီးရောဂါ စွဲကပ်နေသူများမှာ အများစုဖြစ်နေသည်ကို တွေ့ရသည်။ ထရုံအမျိုးသားများ၏အရပ်သည် ပျမ်းမျှ ၁၄၃ ဒသမ ၇ စင်တီမီတာရှိ၍ အနိမ့်ဆုံး ၁၃၁ စင်တီမီတာမှ အမြင့်ဆုံး ၁၅၉ စင်တီမီတာဖြစ်သည်။ အမျိုးသမီးများမှာ ၁၁၉ စင်တီမီတာနှင့် ၁၅၈ ဒသမ ၅ စင်တီမီတာကြားတွင်ရှိသဖြင့် ပျမ်းမျှအရပ် ၁၃၉ ဒသမ ၉ စင်တီမီတာရှိသည်။ အာဖရိကတိုက်ရှိ ပစ်ဂမီလူပုများ၏ အရပ်မှာ ၁၃၇ စင်တီမီတာနှင့် ၁၄၅ စင်တီမီတာကြားတွင်ဖြစ်ပြီး အန်ဒမန်ကျွန်း၊ မလေး၊ နယူးဂီနီကျွန်း စသည့်ဒေသတို့မှ နီဂရစ်တိုလူပုလေးများမှာ ၁၄၄ စင်တီမီတာနှင့် ၁၅၅ စင်တီမီတာကြားတွင်ရှိသဖြင့် မြန်မာပြည်ရှိ ထရုံလူမျိုးများနှင့် မကွာခြားကြောင်း ဖော်ပြထားပြီး အမျိုးသားများမှာ လေးပေခွဲရှိ၍ အမျိုးသမီးများမှာ လေးပေခန့်သာရှိသည်ကို တွေ့ခဲ့ရသည်။

**ထရုံတို့၏ကျန်းမာရေး**

ရှေးဦး တကာစွန်၊ အဖန်လောင်ဖုန် စသည့် ထရုံလူမျိုးများသည် သန်မာထွားကျိုင်းသော အရပ်အမောင်းရှိကြသည်ဟု ရှေးမီနောက်မီ ထရုံလူကြီးများက ပြောကြသည်။ ၎င်းတို့နောက် မျိုးဆက်တစ်ဆက်ပြီးတစ်ဆက်နောက်မှ အရပ်ပုလာကြသည်ဟုဆိုသည်။ မူလမျိုးရင်းမှာ လူပုများ မဟုတ်ကြချေ။ အစောပိုင်းက မြစ်ဝှမ်းတွင်နေထိုင်ကြသော ထရုံတို့သည် အချို့အရပ်ပုပြီး အရပ်ရှည်ကြသူများလည်းရှိသည်ဟုဆိုသည်။ မြန်မာပြည်မှ ထရုံများ အရပ်ပုကြသည်မှာ အာဟာရဓာတ်မပြည့်ဝမှုကြောင့်ဖြစ်နိုင်သည်ဟု ထင်မြင်ခဲ့ကြသည်။ အခြားတစ်ချက်မှာ နှစ်ကာလကြာသောအခါ သွေးတူခြင်းပေါင်းစပ်ခြင်းကြောင့် ခန္ဓာကိုယ်ဖွံ့ဖြိုးမှုကျဆင်းကာ အရပ်ပုနိမ့်သွားခြင်းဖြစ်သည်ဟု ထင်ကြသည်။ ထို့အပြင် အသက်ငယ်စဉ် သေဆုံးသွားသူများနှင့် အသက်ရှည်သော်လည်း ဦးနှောက်ပျက်သူများများပြားသည်ကို တွေ့ရှိခဲ့ရသည်။ ထရုံလူမျိုးတို့ နေထိုင်ရာ အရပ်ဒေသမှာ လူသူအရောက်အပေါက်နည်းပြီး ဝေးလံခေါင်သီသောကြောင့် အစစအရာရာ ချို့တဲ့နိမ့်ကျခဲ့ရသည်။ အကျိုးဆက်အဖြစ် ကျန်းမာရေးယိုယွင်း၍ ခန္ဓာကိုယ်ဖြစ်စဉ်များပါ ချို့တဲ့ခဲ့ပြီး နောက်ဆုံးအဆင့် လူမျိုးပါပျက်သုဉ်းသွားရသည့်အခြေအနေမှာ စိတ်မကောင်းဖွယ်ဖြစ်သည်။

**ထရုံတို့၏ တစ်နေ့တာဘဝ**

နေ့စဉ်ဝမ်းစာဖူလုံရေးအတွက် အနိုင်နိုင်လုပ်ကိုင်နေရသဖြင့် အားလပ်ချိန်ဟူ၍ မရှိခဲ့ချေ။ နံနက်မိုးလင်းသည်နှင့် အမျိုးသမီးများမှာ ဗိုင်းငင်ကြပြီး အမျိုးသားများမှာ တောင်ယာထဲနှင့် ဆေးဖက်ဝင်သစ်မြစ်၊ သစ်ဥရှာခြင်း၊ အမဲလိုက်ခြင်း ထွက်ကြရသည်။ နံနက်စာကို အချိန်သတ်မှတ်မရှိဘဲ ထမင်းချက်နိုင်သည့်အချိန်တွင် စောနိုင်သမျှစောအောင် စားရသည်။ စားသောက်ပြီးသည်နှင့် အိမ်ရှိလူကုန် တောတောင်ယာထဲသို့ သွားရောက်လုပ်ကိုင်ကြရသည်။ တောင်ယာစိုက်ပျိုးပြီးသောအခါ တောင်ယာတွင်ပင် ချက်ပြုတ်စားသောက်ကြပြီး တောင်ယာမရှိသောအခါတွင် နေ့လယ်စာကို သစ်ဥ၊ သစ်သီးများသာ စားသောက်၍ တင်းတိမ်ရသည်။ တောင်ယာတွင် တစ်နေ့လုံးနေကာ နေမဝင်မီအိမ်ပြန်ကြသည်။ အချို့မှာ မိုးချုပ်မှ အိမ်ပြန်ရသည်။ အိမ်ရောက်လျှင် ညစာအတွက် ချက်ပြုတ်ရသည်။ အမဲကောင်ရသောအခါတွင် မကျက်တကျက်မီးဖုတ်စားကြသည်။ ချက်ပြုတ်လျှင် အသားကိုလုံးပြီး ငရုတ်သီး၊ ဆားတို့နှင့်နယ်၍ ရေဖြင့်ချက်ပြုတ်ကြသည်။ ညစာစားပြီးသောအခါ မီးဖိုဘေးတွင် စကားစမြည်ပြောဆိုကြသည်။ အချို့မှာ ချက်ခြင်းပင် မောမောနှင့် အိပ်ပျော်သွားကြသည်။ တစ်အိမ်နှင့်တစ်အိမ် သွားရောက်လည်ပတ်မှုမရှိချေ။ တစ်နေ့တစ်နေ့ ဤသို့ဖြင့် ဘဝတစ်နေ့တာကို ပင်ပန်းဆင်းရဲစွာဖြတ်သန်းကြရသော ထရုံတို့၏ဘဝမှာ သနားဖွယ်ပင်ဖြစ်သည်။ ယနေ့သော် ထူးဆန်းဖွယ်၊ သနားဖွယ် ထရုံတို့မှာ ပျောက်ကွယ်သွားလုနီးဖြစ်နေပြီဟု ယူဆဖွယ်ဖြစ်သည်။ ။



ထရုံလူမျိုး ဦးဒေါဝိ(ဘယ်အစွန်)။ ဓာတ်ပုံ - Thein Lwin

